# ဒိဋ္ဌာဒိဋ္ဌ ထောင်း ၇ ရက်ဝစနိုး

ဝထေဓရိမ်း

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏တပည့်

ဒလ-ပျော်ဘွယ်ကြီးရွာ ကမ္မဋ္ဌာန်းဆရာကြီး ဆရာသက်၏ တပည့်များ

စတင်တည်ထောင်သော

# ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်

**ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်ကြီး၏**

ဩဝါဒါစရိယ မဟာနာယက ကျေးဇူးရှင်

ဆရာတော် အရှင်မြတ် ဟောကြားတော်မူအပ်သော

# နိဗ္ဗာန် ဝင်လမ်း ၇-ရက် စခန်း

**ပဉ္စမပိုင်း**

---

**အာစရိယသေဝက သမဂ္ဂ အကျိုးတော်ဆောင်**

**အရှင် ဓမ္မာနန္ဒ**

ရေးသား စီရင် အပ်သည်။

ပဉ္စမနှိပ်ခြင်း အုပ်ရေ ၃၀၀၀

---


**ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်**


အမှတ်-၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ ၂၅၀၀

ရန်ကုန်မြို့-ဟံသာဝတီကမ္မဋ္ဌာန်းတိုက်က

ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး၏

ဩဝါဒါစရိယ မဟာနာယက ဆရာတော် ဖြစ်တော်မူသော



ကျောင်းဒုံးရှင် “ရှမ်းရွာ စင်ပြွမ်းကုန်း” ဆရာတော် အရှင်မြတ်ပုံတော်

# ကျေးဇူးရှင် မဟာနာယက ရှမ်းရွာ စင်ပြုမ်းကုန်း ဆရာတော်ဘုရားကြီး၏



အဋ္ဌဝါသိက တပည့်
အရှင်ဓမ္မာနန္ဒ

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** .... .... .... | ၁ |
| ၂။ | **ရှေးဦးပြင်ဆင်မှု** .... .... | ၇ |
| | ဝိပဿနာအားမထုတ်မီ ဘယ်လို ပြုပြင်မလဲ | |
| ၃။ | **ပညတ်နှင့်ပရမတ်** .... .... | ၁၅ |
| | ပညတ်ကို ဝိပဿနာ ရှုလို့ရသလား | |
| ၄။ | **သံသရာဝဋ္ဋ** .... .... .... | ၂၇ |
| | သံသရာဆိုတာ ဘာလဲ-ဝဋ်ဆိုတာ ဘာလဲ | |
| | သမုတိ သံသရာနှင့် ပရမတ္ထ သံသရာ | |
| ၅။ | **အဝိဇ္ဇာနှင့်ဝိဇ္ဇာ** .... .... | ၄၄ |
| | ခန္ဓာငါးပါး ဘယ်ကလာသလဲ ဘယ်ကိုသွားသလဲ | |
| ၆။ | **ခန္ဓာငါးပါး** .... .... .... | ၅၂ |
| | တကိုယ်လုံးပေါင်းမှ ခန္ဓာငါးပါး ရှိတာလား | |
| ၇။ | **အတွင်းဓာတ် ၆–ပါးနှင့်** | |
| | **အပြင်ဓာတ် ၆–ပါး** .... .... | ၆၄ |
| | ကိုယ့်ကိုယ်ကို ကင်းစောင့်ပါ ဝိပဿနာသမားမှာ အဆိပ် ကင်းစင်ရဲ့လား | |

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈။ | သူမြဟ္မာနတ်သားဝတ္ထု .... .... | ၇၆ |
| | အဝိစိမကျအောင် မြတ်စွာဘုရားကယ်နိုင်သလား | |
| ၉။ | အရှုးမီးဗိုင်းဥပမာ .... .... | ၈၅ |
| | ဘယ်သူမပြု မိမိမှု | |
| | ကိုယ်ပိုင်ပစ္စည်းဆိုတာဘာလဲ | |
| ၁၀။ | အနာထပိဏ် နှင့် သားကာလ .... | ၉၀ |
| | အနာထပိဏ်သူဌေး သူ့သားကို ဘယ်လို ပြုပြင်သလဲ | |
| ၁၁။ | ဒါန သီလ ဘာဝနာ .... .... | ၉၇ |
| | ဒါနတိုင်း နိဗ္ဗာန်ရောက်နိုင်သလား | |
| | အလှူဒါန ပြုတတ်ကြရန် ကံလေးပါး | |
| ၁၂။ | သိမှတ်စရာ ခေတ်-ချိပ်-နာမ်-ခန္ဓာ.... | ၁၃၄ |
| ၁၃။ | ဝိပဿနာ ကမ္မဋ္ဌာန်းတရားတော်ပြ.... | ၁၃၆ |
| | မြန်မာကဗျာများ | |
| ၁၄။ | ဝိပဿနာ ယောဂီဆောင်ပုဒ်များ .... | ၁၃၈ |
| ၁၅။ | သိမှတ်စရာ မြန်မာကဗျာများ .... | ၁၃၉ |
| ၁၆။ | ရေစက်ချ အမျှဝေ ဟောစဉ်စာတမ်း | ၁၄၁ |
| ၁၇။ | တရားတောင်းဂါထာ .... .... | ၁၄၃ |

# ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏
## ဩဝါဒကထာ

---

နာမ်သိမ္မွာမှ—ရုပ်သက်သာမည်။

နာမ်မသိမ္မွာ—ရုပ်နာသိမ့်မည်။

နာမ် မအေး—ရုပ်ချွေးဖြစ်သိမ့်မည်။

---

### ပုံနှိပ်ပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁—နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း (ပ) | ၅-ကြိမ် | ၂၇၀၀၀ |
| ၂—နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း (ဒု) | ၃ ॥ | ၁၅၀၀၀ |
| ၃—နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း (တ) | ၂ ॥ | ၁၀၀၀၀ |
| ၄—နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း (စ) | ၁ ॥ | ၅၀၀၀ |
| ၅—နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း (ပဉ္စ) | ၁ ॥ | ၅၀၀၀ |
| ၆—ဝိပဿနာပါရဂူ | ၂ ॥ | ၁၀၀၀၀ |
| ၇—ကိုယ်တွေ့ဝိပဿနာရှာပုံ | ၁ ॥ | ၅၀၀၀ |

# နိဒါန်း

ယေဓမ္မာ ဟေတုပ္ပဘဝါ,
တေသံ ဟေတုံ တထာဂတော၊
အာဟ တေသဉ္စ ယော နိရောဓော,
ဧဝံ ဝါဒီ မဟာ သမဏော။

တရားဟူသမျှ အကြောင်းရင်းရှိကြကုန်၏။ဗုဒ္ဓမြတ်စွာဘုရားသည် ထိုတရားတို့၏ အကြောင်းကို ဟောကြားတော် မူလေပြီ၊ ထိုအကြောင်း အကျိုးတရား ၂-မျိုးတို့၏ ချုပ်ငြိမ်းခြင်းကိုလည်း ညွှန်ကြား ဟောပြတော် မူလေပြီ၊ ဗုဒ္ဓ မြတ်စွာသည် ဤသို့ အယူဝါဒ ရှိတော်မူ၏။

**ဗုဒ္ဓဘာသာ....**မည်သည့် အရာမဆို အကြောင်း ကြောင့်သာ ဖြစ်ပေါ်လာခြင်းဖြစ်သည်၊အကြောင်းမရှိဘဲ ဖြစ်သော အရာဟူ၍ မရှိချေ၊ ဤကား ဗုဒ္ဓမြတ်စွာဘုရား၏ ဝါဒဖြစ်၏၊ ဗုဒ္ဓဘာသာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ဝါဒအတိုင်း ယုံကြည်စွာလိုက်နာသော ဘာသာဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုး များသည် 'ဘယ်အရာမဆို အကြောင်းရှိလို့သာ ဖြစ်ပေါ်သည်' ဟု ယုံကြည်ကြလေသည်။

ကုသိုလ် ကံကြောင့် လူဖြစ်ရသည်ဟု ယုံကြည်သည်၊ အကုသိုလ်ကံကြောင့် တိရစ္ဆာန် ဖြစ်ရသည်ဟု ယုံကြည်သည်၊ ဤသို့ အကြောင်းကြောင့် ဖြစ်သည်ဟု ယုံကြည်သဖြင့် အကြောင်းတရားရှိက ၎င်း၏ အကျိုးတရား မုချ ဖြစ်ပေါ်မည် ဟူ၍လည်း ယုံကြည်လေသည်။ မကောင်းသော အမှု အကုသိုလ်ကံကို ပြုလုပ်လျှင် အပါယ်ဘုံ၌ ဖြစ်ရမည်၊ ကောင်းသောအမှု ကုသိုလ်ကံကို ပြုလုပ်လျှင် လူ့ဘုံ၌ဖြစ်ရမည်၊ ထို့ထက် ကောင်းသော ကုသိုလ်ကို ပြုလုပ်လျှင် နတ်ဘုံ၌ဖြစ်ရမည်ဟူ၍ယုံကြည်ကြလေသည်။

**အရိုးခံဗုဒ္ဓဘာသာ**....ထိုသို့ ယုံကြည်သည့်အတိုင်းလည်း အပါယ်သို့မရောက်ရန် မကောင်းမှု အကုသိုလ်များကို ရှောင်ရှား၍ လူ့ဘဝ, နတ်ဘဝ၌ ဖြစ်စေရန် ကောင်းသောအမှု ကုသိုလ်တရားများကို တတ်နိုင်သမျှ ဆည်းပူး ပြုလုပ်ကြလေသည်၊ ဤကား **အရိုးခံ ဗုဒ္ဓဘာသာ** ဖြစ်လေရာ မြန်မာလူမျိုးများသည် အရိုးခံ ဗုဒ္ဓဘာသာအဖြစ်ဖြင့် နှစ်ပေါင်းများစွာကျော်ကြားလာခဲ့လေသည်၊ ဘာသာတရား၌လည်း ‘အကြောင်းကြောင့် အကျိုးဖြစ်သည်၊ အကြောင်း တရားရှိလျှင် အကျိုးတရား မုချ ဖြစ်ပေါ်မည်’ ဟူသော အချက်လောက်တွင်သာ အသိဉာဏ်ရပ်၍ နေကြလေသည်၊ အကြောင်း အကျိုး ၂-မျိုးတို့၏ ချုပ်ငြိမ်းခြင်းသို့ထိအောင် အသိဉာဏ် မရောက်သည် ဖြစ်နေကြလေသည်၊ ထိုသို့ ဖြစ်ခြင်းမှာလည်း ကောင်း

သော ဘုံဘဝ၌ဖြစ်ရလျှင် ချမ်းသာသည်ဟူ၍ ထင်မှတ်ကြသောကြောင့်ဖြစ်လေသည်။

**လွတ်မြောက်ရေးလမ်းစ**......ပြီးခဲ့သော ဒုတိယ ကမ္ဘာစစ်ကြီးမှ အစပြု၍ ကမ္ဘာပေါ်ရှိ လူတိုင်း လူတိုင်း အလွန် ဆိုးရွား ပြင်းထန်သော ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေကြရသဖြင့် ကောင်းသော ဘုံဘဝ၌ ဖြစ်ရသော်လည်း ဒုက္ခမကင်းနိုင်ဟူ၍ နားလည်လာကြလေသည်၊ အထူးအားဖြင့် ဗုဒ္ဓဘာသာ မြန်မာများသည် 'အကြောင်းရှိနေသမျှ ၎င်း၏ အကျိုးတရား မုချဖြစ်ပေါ်မည် ဟူ၍ ယုံကြည်ထားသော မူလယုံကြည်ရင်းထက် တိုးကာ 'အကြောင်း အကျိုး လက်စ မသတ်သမျှ **သံသရာဝဋ်**ထဲ၌ တဝဲလယ်လယ် ဖြစ်နေရမည်၊ သံသရာဝဋ်ထဲ၌ ဖြစ်နေရသမျှ ဆင်းရဲဒုက္ခကို ဧကန်မုချ တွေ့ကြုံရမည်' ဟူ၍ အသိဉာဏ် ပေါက်လာကြလေသည်၊ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ဘို့ရန်လည်း တောင့်တ၍ လာကြလေသည်၊ ဘာသာရေးတွင် အကြောင်းအကျိုးကို သာမက, အကြောင်းအကျိုး ၂-မျိုးတို့၏ ချုပ်ငြိမ်းခြင်း **နိရောဓ**ဓာတ်ကိုလည်း မြော်မှန်းတတ်သည်အထိ အဆင့်အတန်း တိုးတက်လာကြလေသည်။

**ဟံသာဝတီ....**ထိုအချိန်အခါ၌ သံသရာဝဋ်လွတ်မြောက်ရေး **ဝိပဿနာ**အလုပ်ကို အားထုတ်သော ဌာနများ ပေါ်ပေါက်၍ လာကြလေရာ ရန်ကုန်မြို့

ဟံသာဝတီကွက်သစ်သည်လည်း တခု ပါဝင်လေသည်၊ ထိုဌာန၌ **ဗုဒ္ဓသာသနာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ်ကြီး**က စီစဉ် စောင့်ရှောက်လျက်ရှိလေသည်။

ထိုအဖွဲ့ကြီး၏ မဟာ နာယက ဝိပဿနာ တရားပြ ဖြစ်တော်မူသော ဟသ်ာတခရိုင်, ရှမ်းရွာ, စင်ပြွမ်းကုန်း, ဆရာတော်ဘုရားကြီး,ဟောကြား ညွှန်ပြသည့် လုပ်ငန်းစဉ် တရားမှာ လူငယ် လူရွယ်များနှင့် လူပြိန်း များပင် နားလည်နိုင်အောင် ရှင်းလင်း၍ ခနစ်ရက်မျှဖြင့် တရားထင် မြင် နိုင်သည့် နည်းလမ်း ဖြစ်လေရာ ဆရာတော်ဘုရားက ညွှန်ကြားတော် မူသည့် အတိုင်း လိုက်နာ အားထုတ်လျှင် မိန်းကလေးများမှ အစ ခနစ်ရက်မျှဖြင့် ဝိပဿနာတရားထင်မြင်နိုင်ကြလေသည်။

**နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း** ....မှာ ဆရာတော်ကြီး၏ဟောကြားချက်များ လွယ်ကူရှင်းလင်း၍ လူပြိန်းများပင် နား လည် သဘော ပေါက် နိုင် သော ကြောင့် များစွာသော ပုဂ္ဂိုလ်တို့က စာအုပ် ရိုက်နှိပ်ထား သင့်ကြောင်းအကြိမ်ကြိမ်ပြောဆိုကြသဖြင့်**ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြု အဖွဲ့ချုပ်ကြီး**က ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အဂ္ဂဝါသိက တပည့်**အရှင်ဓမ္မာနန္ဒ** အား ဆရာတော်ကြီး ဟော ကြား သည့် တရား များကို စာအုပ်အဖြစ် ရေးသားရန် တောင်းပန် လျှောက်ထားကြလေသည်။

ဤ စာအုပ်ကို ဆရာတော်ဘုရားကြီး၏ နည်း အတိုင်း ခုနစ်ရက်ဖြင့် ဝိပဿနာတရား ထင်မြင်အောင် စီစဉ်ထားသည်ဖြစ်သောကြောင့် **နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း** ဟု အမည် ပေးထားလေသည်။ ဤ-စာအုပ်အတိုင်း ဖတ်ရှုလေ့လာလိုက်နာ၍ အားထုတ်လျှင် ၇-ရက်မျှဖြင့် တရားထင်မြင်နိုင်သည်ဟု ဆိုလိုပေသည်၊ ဤနေရာ၌ ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်ကို ဖေါ်ပြလိုပေသည်။

အဟံ ခေါ ပန နိဂြောဓ ဧ၀ံ ၀ဒါမိ၊
ဧတု ဝိညူ ပုရိသော အသဌော အမာယာဝီ
ဥဇုဇာတိကော၊ အဟမနုသာသာမိ၊ အဟံ
ဓမ္မံ ဒေသေမိ၊ ယထာနုသိဋ္ဌံ၊ တထာပဋိ
ပဇ္ဇမာနာ ယဿတ္ထာယ ကုလပုတ္တာ သမ္မ
ဒေ၀ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊
တဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ
ဒိဋ္ဌေ၀ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ
ဥပသမ္ပဇ္ဇ ဝိဟရိဿတိ သတ္တာဟံ။

မဟာ၀ဂ္ဂ-ဥဒုမ္ဗရိက သုတ္တ။

နိဂြောဓ–ငါဘုရား ဒီလို **ရဲရဲကြီး** ပြောတယ်၊ အသိဉာဏ် ရှိ၍ ရိုးသားဖြောင့်မတ် မလှည့်ပတ်တတ်သူ ဖြစ်က လာခဲ့စမ်းပါ၊ ငါဘုရား ဆုံးမပြမယ်၊ ငါဘုရား တရားဟောပြမယ်၊ ငါဘုရား ဟောတဲ့ အတိုင်းသာ လိုက်နာပြီး ကျင့်ရင် လူ့

ဘောင်ထွက်ခွါ သာသနာ့ဝန်ထမ်းရဟန်း ပုဂ္ဂိုလ်တွေ မြော်မှန်းနေကြတဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်တရားကို လက်ငင်းဒိဋ္ဌ ၇-ရက်ထဲနှင့်မျက်မှောက်ပြုနိုင် ဒီလို ငါဘုရား ရဲရဲကြီး ပြောတယ်။

ဗုဒ္ဓမြတ်စွာဘုရားကိုယ်တော်တိုင် အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်ဖြစ်ရာ ဤစာအုပ်မှာလည်း ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များကိုရေးသားထားသော စာအုပ်ဖြစ်၍ **နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း** ဟူသော အမည်မှာ ဆီလျော်လှပေသည်။

ဤ စာအုပ်ကို ဖတ်ရှုလေ့လာ၍ ဝိပဿနာ လုပ်ငန်းတို့ကို ခုနစ်ရက်မျှဖြင့် ကိစ္စပြီးမြောက်အောင် အားထုတ်နိုင်ကြပါစေသတည်း။

ဒဂုန်-ဦးထွန်းမြင့်

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

## ရှေးဦး ပြင်ဆင်မှု

ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များသည် ဗောဓိပက္ခိယတရား၌လာသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဆိုသည့်အတိုင်း ရှေးဦးစွာ ယုံကြည်သော သဒ္ဓါနှင့် ပြည့်စုံကြရမယ်၊ ဝီရိယနှင့် သတိမှာ မေတ္တသုတ်ပါဠိတော်၌ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း **တိဋ္ဌံစရံနိသိန္နောဝါသယာနော** ဟူ၍ ဟောတော်မူသောကြောင့် ရပ်သော်၎င်း, သွားသော်၎င်း, ထိုင်သော်၎င်း, လျောင်းသော်၎င်း, ဣရိယာပုထ် လေးပါးစလုံး မပြတ်သတိရှိရမယ်လို့ ဟောတော်မူသဖြင့်-

**ဥပမာ** မနေမနား မီးပွတ်သော ယောကျ်ားကဲ့သို့ အားထုတ်ကြရလိမ့်မယ်၊ လှံတိုက်သော ယောကျ်ားသည် သစ်တုံးကိုမျဉ်းကြောင်းမလွဲအောင် အမြဲကြည့်၍တိုက်သလို ယောဂီပုဂ္ဂိုလ်သည် မိမိ၏ (နာသိကဋ္ဌာန်) နှာသီးဖျားကို အာရုံ စိုက်ပြီး မျက်စိအသာမှိတ်လျက် ထွက်သက်လေကို ထွက်မှန်းသိ, ဝင်သက်လေကိုဝင်မှန်းသိပြီးမှ **ဘာဝနာ**နည်းအတိုင်း လက်မချိုး ပုတီးမစိပ် မရေမတွက်

မစဉ်းစား, မကြံစည် မတွေးတောဘဲနှင့် ဣရိယာ, သတိကို လက်ကိုင်ထားပြီး ဣရိယာပုထ်လေးပါး စလုံး အမြဲအားထုတ်ရမယ်။

## ပေါဋ္ဌိလမထေရ်နှင့်-ရှင်သာမဏေငယ်

ပေါဋ္ဌိလမထေရ်ကြီးကို သာမဏေငယ် ဆုံးမသည့် အခါ 'အရှင်ဘုရား, ကမ္မဋ္ဌာန်းတရားဟာ မခက်ပါဘူး၊ တောင်ပို့တခုမှာ ဂယ်ပေါက် ခြောက်ပေါက် ရှိတယ်၊ ထိုတောင်ပို့မှာ ဖွတ်တကောင် အောင်းနေတာ မိချင်လျှင် ဂယ်ပေါက် ငါးပေါက်ကို အလုံပိတ် တပေါက်က နေ စောင့်လျှင် မိပါတယ်'လို့ သာမဏေငယ်က လျှောက် ထားတော့ ပေါဋ္ဌိလ မထေရ်ကြီးက **'ငါ့ရှင် ငါသိပြီ'** ဆိုပြီးအားထုတ်လိုက်ယာ တခဏခြင်းနှင့် အရိယာဖြစ် သွားတယ်၊ **အဲဒါ**ဥပမာဘဲ။

ယခု စိတ်ကိုဖမ်းရမှာ စိတ်ထွက်တဲ့ တံခါးပေါက်က ခြောက်ပေါက်ရှိတယ်၊ မျက်စိပေါက်, နားပေါက်, နှာ ခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက် အဲဒီ ခြောက်ဒွါရက အမြဲထွက်နေတာ။ ဒါကြောင့် ဒွါရ ငါးပေါက်အလုံပိတ်ပြီးတော့ တပေါက်ကနေ၍ စိတ်ကို ဖမ်းလျှင် အမှန် **သမာဓိ**ဖြစ်နိုင်ပါတယ်။

ယခု ၇-ရက်အားထုတ်သော လုပ်ငန်းမှာ ရှေးဦးစွာ သီလဆောက်တည်၍ ၃-ရက် **သမထ** အလုပ်ကို ကြိုး စားလိုက်လျှင်အမှန်ပင် သမာဓိရနိုင်ကြပါတယ်၊ ၃-ရက်

**သမာဓိ**ထူထောင်ပြီးလျှင် ဝိပဿနာသို့ကူးပြောင်းရမယ်၊ သမထ ၃–ရက်အားထုတ်ပြီးလျှင် ဝိပဿနာသို့ ကူးပြောင်းတဲ့အခါမှာ အောက်ပါအတိုင်း ကမ္မဋ္ဌာန်း တောင်းရပါတယ်။

တုမှာကံ ဘန္တေ ဇီဝိတံ ပရိစ္စဇာမိ ။၃–ခေါက်။

ဘန္တေ– အရှင်ဘုရား၊ တုမှာကံ-အရှင်ဘုရားတို့အား၊ မမ-အကျွန်ုပ်၏၊ဇီဝိတံ-အသက်ကို၊ ပရိစ္စဇာမိ-စွန့်လှူပါ၏။

ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ စ ကမ္မဋ္ဌာနံ ယာစာမိ။

၃–ခေါက်ဆို။

ဘန္တေ–အရှင်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော-သံသရာဝဋ်ဆင်းရဲ အပေါင်းမှ၊ မောစနတ္ထာယစ-ထွက်မြောက်ပါရခြင်းအကျိုးငှါလည်း၊ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယစ-အတိတ်ကပါလာသော ဝိဇ္ဇာမျိုးစေ့ရှိခဲ့သော်လည်း အကယ်၍ ဝိဇ္ဇာမျိုးစေ့မရှိခဲ့သော် ယခုအားထုတ်အပ်သော ကမ္မဋ္ဌာန်းသည် ဝိဇ္ဇာမျိုးစေ့အဖြစ်ဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါလည်း၊ကမ္မဋ္ဌာနံ-ကမ္မဋ္ဌာန်းကို၊ ယာစာမိ-တောင်းပါ၏။

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်း နိဗ္ဗာန်ကို

မျက်မှောက်ပြုပါရခြင်း အကျိုးငှါ ဘုရား, တရား, သံဃာ, ဆရာ, မိဘ, ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ အစရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပါ၏။ ကန်တော့ပါ၏။ အတိတ်သံသရာမှစ၍ ယခုကျအောင် ဖြစ်မှားမိဘူးသော ကာယကံ, ဝစီကံ, မနောကံ, အပြစ်များကို သည်းခံရန် တောင်းပန်ပါ၏ ကန်တော့ပါ၏။ မိမိအပေါ်၌ ဖြစ်မှားမိဘူးသော ကာယကံ ဝစီကံ မနောကံ အပြစ်များကို သည်းခံပါ၏။

ဤကဲ့သို့ ကန်တော့ပြီးသောအခါ သေချာစွာထိုင်၍ နှုးပေါ်မှာ လက်တင်လျက် မျက်စိကိုအသာမှိတ်ပြီး ဘုရားသခင် ဆုံးမတော်မူသည့်အတိုင်း မိမိစိတ်၌ ဥပမာပြုရမည်မှာ– ပကတိ သစ်ပင် သစ်ကိုင်းများကဲ့ လေတိုက်သည့်အခါ မငြိမ်မသက် လှုပ်ရှားနေတာ တွေ့ရသလို မြဲလို့လှုပ်သလား မမြဲလို့လှုပ်သလားစဉ်းစားလျှင် မမြဲလို့ လှုပ်နေတယ်ဆိုတာ အမှန်သိရတယ်၊ ဒါဟာ ဥပမာဘဲ။

မိမိကိုယ်မှာ ဆံပင်ကအစ ခြေဖျားအထိ လောကလူများက ဦးခေါင်းခြေလက်ကိုယ် စသည်ဖြင့် ခေါ်ဝေါ်နေကြတယ်၊ ဤလိုခေါ်ဆိုတာ မှန်သလားဆိုတော့ မမှန်ဘူး၊ **သမုတိသစ္စာ** နယ်ကလူတွေ သမုတ်ပြီး ခေါ်နေကြတာ၊အမှန်ကတော့ဖြင့် ရုပ်ချည်းသာလျှင်ဖြစ်တယ်၊ ဆံပင်က အစ ခြေဖျားအထိ ရုပ်တွေချည်းဘဲ၊ ဘယ်ရုပ်တွေလဲ၊ ဆိုလျှင်....

အမာခံဓာတ်ကြီး လေးပါးရှိတယ်၊ ပထဝီ, တေဇော အာပေါ, ဝါယော, ဤဓာတ် လေးပါးဘဲ ရှိတယ်။ ပထဝီဆိုတဲ့ မြေဓာတ်ကမာတဲ့သဘော နူးညံ့တဲ့သဘော ရှိတယ်၊ တေဇောဆိုတဲ့မီးဓာတ်က ပူတဲ့သဘော အေးတဲ့ သဘောရှိတယ်၊ အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းတဲ့ သဘော စီးယိုတဲ့သဘောရှိတယ်၊ ဝါယောဆိုတဲ့ လေ ဓာတ်က လှုပ်ရှားတဲ့သဘော ထောက်ကန်တဲ့ သဘော ရှိတယ်။ အဲဒီရုပ်တရားတွေကလဲ့၍ တကိုယ်လုံးမှာ ဘာမျှ မရှိဘူး၊ ရုပ်ဘဲရှိတယ်၊ ဒီရုပ်တရားတွေက လောကမှာ ဘာများသိတတ်သလဲဆိုရင် ဘာမျှမသိတတ်ဘူး။

**ဥပမာ** တောင်ပို့တခု ရှိတယ်၊ အဲဒီတောင်ပို့ ပေါ်မှာ ပဒေါ်မြူမြက်တွေပေါက်နေတယ်၊ တောင်ပို့ကလဲ ငါ့အပေါ်မှာ ပဒေါ်မြူမြက်တွေ ပေါက်နေတယ်လို့ သိသလားဆိုလျှင် လုံးလုံးမသိဘူး။ ပဒေါ်မြူမြက် တွေကလဲ ငါဟာ တောင်ပို့ပေါ်မှာ နေရတယ်လို့ သိသလားဆိုလျှင် လုံးလုံးကိုမသိဘူး၊ ဘာ့ကြောင့် မသိ သလဲ ဆိုလျှင် သူတို့ဟာ ဓာတ်လေးပါး ရုပ်ချင်းဘဲ ဘာသိမလဲ။

အဲဒီ ဥပမာလို ဦးခေါင်းကလဲ ဓာတ်လေးပါး ရုပ်၊ ဦးခေါင်းပေါ်မှာ ပေါက်နေတဲ့ဆံပင်ကလဲ ဓာတ်လေးပါး ရုပ်၊ ဒါကြောင့် ဦးခေါင်းကလဲ ငါ့အပေါ်မှာ ဆံပင်တွေ ပေါက်နေတယ်လို့ သိသလား၊ လုံးလုံးမသိဘူး။ ဆံပင်

ကလဲ ဦးခေါင်းပေါ်မှာ တက်ပေါက် နေတယ်လို့ ဆိုတာ သိသလား၊ လုံးလုံးမသိဘူး။ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းဘဲ ဘာသိမလဲ။

ဒီလိုဘဲ လက်သည်း ခြေသည်းတွေကို ကြည့်လိုက်အုံး၊ လက်သည်း ခြေသည်းတွေဟာ အသားစိုင် အသားခဲက ထွက်လာတယ်၊ ဒါပေမဲ့ လက်သည်း ခြေသည်းကလဲ အသားစိုင်အသားခဲကိုမသိဘူး၊ အသားစိုင်အသားခဲကလဲ လက်သည်း ခြေသည်းကို မသိဘူး၊ ဘာ့ကြောင့်လဲ၊ ရုပ် ရုပ်ချင်းမို့လို့ မသိတာပေါ့။ ဒါထက်နီးကပ်တဲ့အရေထူ အရေးပါးကို ကြည့်လိုက်အုံး၊ ထိကပ်နေပေတဲ့ အရေထူ ကလဲ အရေပါးကို မသိဘူး၊ အရေပါးကလဲ အရေထူကို မသိဘူး၊ ဘာ့ကြောင့်လဲ ရုပ်ရုပ်ချင်းမို့လို့ မသိကြဘူး၊ အဲဒီ အတိုင်းဘဲ ရုပ်မှန်က ဘာကိုမျှမသိဘူး မှတ်ရမယ်။

ယခု သိတယ်၊ မြင်လို့သိတယ်၊ ကြားလို့သိတယ်၊ နံလို့ သိတယ်၊ လျက်လို့သိတယ်၊ ကိုယ်နှင့်တွေ့လို့သိတယ်၊ ကြံ လို့သိတယ်၊ ဒါဘာလဲသိတာနာမ်ဘဲ၊ အဲဒီတော့ ယောဂီများ တသက်လုံး မှတ်ထားဘို့က ရုပ်သည် ဘာကိုမျှ မသိဘူး၊ နာမ်သာလျှင် သိတယ်၊ ဒီရုပ်တရား နာမ်တရားတွေဟာ ကောင်းကင်ကျ မိုးယံပေါ်ကျ ဒေဝါသိကြား ဖြဟ္မာ ဗိဿနိုး တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ဘူး၊ "ကံ၊ စိတ်၊ ဥတု၊ အာဟာရ" အကြောင်းတရား လေးပါးကြောင့်ဖြစ်တာ....

**ကံ** ကြောင့်ဖြစ်သောရုပ်,
**စိတ်** ကြောင့်ဖြစ်သောရုပ်,
**ဥတု** ကြောင့်ဖြစ်သောရုပ်,
**အာဟာရ** ကြောင့်ဖြစ်သောရုပ်,

ဤရုပ်တရား နာမ်တရားတွေကို မြတ်စွာဘုရားက မမြဲတဲ့ **အနိစ္စ** တရား, ဆင်းရဲတဲ့ **ဒုက္ခ** တရား, အစိုး မရတဲ့ **အနတ္တ** တရားလို့ ဟောထား တယ်။ ဘုရား ဟောတာ ဘယ်တော့မှ မမှားဘူး၊ မလွဲဘူး၊ မှန်တယ်၊ မှန်တာကို ဘယ်လို သိရမလဲ၊ **ဉာဏ်**မှ သိတယ်၊ **ဉာဏ်**က ဘယ်က ရမလဲ၊ သမာဓိရှိမှ ရမယ်။ ဒါကြောင့် ဦးခေါင်းက အစ ခြေဖျားအထိ ရုပ်သာရှိတယ်ဆိုတာ အာရုံပြုဦး ဦးခေါင်းမှ ငယ်ထိပ်နေရာ ဒက်ါးပိုင်းမျှ ပမာကွက်၍ **သမာဓိ**ကိုခိုင်မြဲ စွာထားပြီးရှု၊ တွေ့လိမ့်မယ်။ ဘာနှင့်တွေ့မလဲ၊ ပထဝီ ဓါတ်နှင့် တွေ့လျှင် နာကျင် ကိုက်ခဲ တင်းတင်း ကြပ် ကြပ် အုံ့တုံ့တုံ့ ခေါင်းကြီး ကိုယ်ကြီး တွေ့ရတတ်သည်။ တေဇောဓါတ်နှင့် တွေ့လျှင် ပူပူ အေးအေး နွေးနွေး ရှိန်ရှိန် အခိုးထွက်သလို တွေ့တတ်သည်။ ဝါယော ဓါတ် နှင့် တွေ့လျှင် လှုပ်လှုပ် ရွရွ ဒိတ်ဒိတ် စသည်ဖြင့် တွေ့တတ် သည်။ ဘာကိုဘဲတွေ့တွေ့ ရုပ်ဘဲ ဆိုတာ မှတ်ထားပြီး အာရုံပြုနေလျှင် တခေါင်းလုံး တကိုယ်လုံး ရုပ်ခဲတွေ ခဏမစဲ တဖွဲဖွဲ ဖြစ်ပျက်၍ ပေါက်ပြန် ပျက်စီးနေတာ တွေ့လိမ့်မည်။ **သမာဓိ** ကောင်းလျှင် ကောင်းသလို များ

များ တွေ့တတ်သည်။ ယောဂီပုဂ္ဂိုလ်မှာ ငါဘာဖြစ်ပါ လိမ့်မလဲဟု အထင်များတတ်သည်။

**သတိပြု** သူ့သဘော သူဆောင်နေသော ရုပ်သဘော တွေဘဲဟု အမြင်မှန်ကို **နှ**လုံးသွင်း၍ စွဲမြဲစွာ အားထုတ်ပါလေ၊ သို့သော် အကယ် အမြင်မှန် ကို ကျနစွာ ပြသနိုင်သော ဆရာကောင်း လိုလှ ပါသည်။ထိုအခါ ပဌမ ဆင်ခြင်တာက **သမ္မသန ဉာဏ်**၊ ရုပ်ကိုတွေ့၍ဖြစ်မှန်းပျက်မှန်းကိုသိတာက **ဥဒယဗ္ဗယဉာဏ်** ဥဒယဗ္ဗဉာဏ် တွေ့တာနှင့် မမြဲတဲ့**အနိစ္စ**တရား,ဆင်းရဲတဲ့ **ဒုက္ခ**တရား, **အစိုး** မရတဲ့**အနတ္တ**တရားကို အမှန်သိပြီဟုမှတ်ယူလေ။

(တကယ်အဇ္ဇန် သိလိုလျှင် ၇-ရက်နှင့် ပြ, သ, သင်္ကြားစာ ပေးသောနေရာဌာနမှာ တရားဝင်၍ အားထုတ်စမ်းသင်ပါသေ)

# နိဗ္ဗာန်ဝင်လမ်း ၇-ရက်စခန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

---

## ပညတ်–ပရမတ်

ယောဂီပုဂ္ဂိုလ်များ ပဌမ ဦးစွာ သိထားဘို့ တရားကတော့ ပညတ်နှင့် ပရမတ်ဖြစ်တယ်၊ ပညတ်နှင့် ပရမတ်ကို သိဘို့က ဉာဏ်သက်သက်ဖြစ်၍ ဉာဏ်စခန်းကို ရမှသာ ကွဲပြားနိုင်တယ်။

မိမိခန္ဓာကိုယ်မှာ ဆံပင်ကအစ ခြေဖျားအထိလောကီ သမုတိ သစ္စာနယ်က ခေါ်ကြတဲ့ စကားမှာ ဆံပင်, ဦးခေါင်း, ခြေ, လက်ကိုယ် စသည်ဖြင့် ခေါ်ဝေါ်ကြတယ်၊ ထိုကဲ့သို့ ခေါ်ဝေါ်ခြင်းဟာ မှန်သလားဆိုတော့ မမှန်ဘူး၊ လောကီ သမုတိသစ္စာနယ်က ခေါ်ကြတဲ့ စကားများသာ ဖြစ်တယ်။

### အမှန်တကယ် ရှိတာက

ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ဆိုတဲ့ အဌကလာပ်ရုပ် ရှစ်ပါးသာရှိတယ်၊ မြန်မာ

လိုဆိုတော့ မြေ, ရေ, လေ, မီး, အဆင်း, အနံ့, အရသာ, ဩဇာ, ပါဘဲ ၈-စ်မျိုးပေါင်းစုနေဒါ **အဋ္ဌကလာပ်ရုပ်** လို့ ခေါ်တယ်၊ ၎င်းအဋ္ဌကလာပ်ရုပ်ဟာ လုံးလုံးလားပြားပြား လား အစိုင်အခဲရှိသလားလို့ ဆိုလျှင် ဘာမျှမရှိ၊ သဘော အားဖြင့်တော့ ထင်ရှားရှိပါတယ်။

အဋ္ဌကလာပ်ရုပ် ၈-စ်ပါးကို ဥပမာပြတို့ မလွယ်ကူလှ ဘူး၊အနည်းငယ် ရိပ်စားမိအောင် ပြရမယ်ဆိုလျှင် ရထား များ ပြေးသွားတဲ့အခါ လွင့်တက်လာသော ဖုံမှုန့်တခုကို ပါဠိဘာသာအားဖြင့် **ရထရေဏုမြူ**-မြန်မာလို ရထားများ ပြေးသွားတဲ့အခါ ထသောမြူမှုန်ကို ခေါ်တယ်၊ အဲဒီရထား မှုန့်တခုကို ၃၆-စိတ် စိတ်လိုက်လျှင် တစိတ်ကို **တဇ္ဇာရီမြူ** လို့ ခေါ်တယ်၊ ၎င်းတဇ္ဇာရီမြူတလုံးကို ၃၆-စိတ် စိတ်ပြန် လျှင် တစိတ်ကို **အဏုမြူ** လို့ ခေါ်ပြန်တယ်။

တဇ္ဇာရီမြူအဏုမြူတို့ကို ပကတိမျက်စိနှင့်ပင် မြင်နိုင် ပါတယ်၊နံနက်စောစော အရှေ့က နေထွက်လာတဲ့ အချိန် အိမ်၏နံရံပေါက်က နေခြည်ပြောက်ကလေးများ ဝင်လာ တဲ့အခါ နေခြည်ရောင်၌ မီးခိုးကဲ့သို့ မြင်ရမယ်၊ အဲဒီအရာ များဟာ အမှုန်ကလေးများဖြစ်၍ မြူမှုန်ကလေး တခုကို အဏုမြူလို့ ခေါ်တယ်။

အဲဒီ အဏုမြူကလေး တလုံးကို မိမိညာလက်နှင့် ဘမ်းပြီး ကိုင်လိုက်၊ထိုအဏုမြူကလေးတခုကို ၃၆-စိတ် စိတ်လိုက်၊ တစိတ်ကို ပကတိမျက်စိနှင့်လဲ မမြင်ရဘူး၊ နတ်မျက်စိ နှင့်လဲ မမြင်ရဘူး၊ ပြဟ္မာမျက်စိနှင့်လဲ မမြင်ရဘူး၊ မမြင်

ရလို့မရှိဘူးလားဆိုလျှင် ဧကန်ရှိတယ်၊မူလကအကျေမြူကို ၃၆-စိတ် စိတ်ထားတာကိုး ရှိမှာပေါ့၊ ထိုတစိတ်သော အတို့ကို ပညတ်အားဖြင့် **ပရမာဏုမြူ**လို့ ခေါ်တယ်၊ခေါ် စရာမရှိလို့ ပညတ်တင်ခေါ်တာ၊ အမှန်အားဖြင့်ကတော့ မြေ, ရေ, လေ, မီး,ဓာတ်ကြီးလေးပါးနှင့်တကွ အဆင်း, အနံ့,အရသာ,ဩဇာ,ဒီ အဋ္ဌကလာပ်ရုပ် ရှစ်ခုဘဲရှိတယ်၊ ဒါလောက် နူးညံ့သော ပရမတ်အစစ် ဓာတ်အနှစ်ဖြစ်တဲ့ တရားများမှာ မျက်တောင်တခတ် လျှပ်တပြက် အတွင်း မှာပင်ကုဋေငါးထောင်ကျော် ဖြစ်တယ်လို့မြတ်စွာဘုရား ဟောထားတာရှိတယ်။

ယခု ပုထုဇဉ်များ ရေတွက်နိုင်ပါသလား ဆိုလျှင် ဧကန် မရေတွက်နိုင်ဘူး၊သို့သော် **ဝိဇ္ဇာဉာဏ်**,ဝိပဿနာ ဉာဏ်နှင့် မိမိရဲ့ ခန္ဓာအတွင်းမှာ ဉာဏ်သွင်းပြီးကြည့်လိုက် မယ်ဆိုလျှင် အမှန်အားဖြင့် ဓာတ်, ကလာပ်ကလေးတွေ မပြတ်မစဲ တဖွဲဖွဲဖြစ်ပျက်နေတာကို ကိုယ်တိုင်တွေ့ရမယ်၊ ဒီလို ကိုယ်တိုင်တွေ့မှ ရုပ်တရားတွေ နာဍီ, မိနစ်, စက္ကန့် မစဲအောင် ဖြစ်နေကြောင်းကို ထင်ရှားသိရမယ်။

ဒီလိုသိတဲ့အခါမှာ တရှိန်ရှိန်တက်နေသော **တေဇော** ရုပ်, လှုပ်လှုပ် ရွရွ ဖြစ်နေသော **ဝါယော** ရုပ်, ကိုက်ခဲ နာကျင်တတ်သော **ပထဝီ**ရုပ်ကို ဧကန်တွေ့ရမယ်၊ ခုပြော ခဲ့တဲ့ တေဇောဖောဋ္ဌဗ္ဗ, ဝါယောဖောဋ္ဌဗ္ဗ, ပထဝီဖောဋ္ဌဗ္ဗတို့ နှင့်တွေ့နိုင်၍ အပ်နှင့် ထိုးဆွရင် နာကျင်တတ်တဲ့ ဌာနကို

ကိုယ်လို့ခေါ်တယ်၊ အဲဒီကိုယ်နှင့် ပေါင်းဖွဲ့ရုပ် တွေ့ထိတိုင်း တွေ့ထိတိုင်း သိတဲ့ သဘော တရားကလေးကို ကာယ ဝိညာဏ် နာမ်ခေါ်တယ်၊ပြောခဲ့တဲ့ ရုပ်တရား နာမ်တရား ကိုပင် ရုပ်က **ရုပက္ခန္ဓာ** နာမ်က **နာမက္ခန္ဓာ**လို့ခေါ်တယ်၊ နာမ်ခန္ဓာ လေးပါးရှိတယ်၊ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ, မှတ်သားတတ်တဲ့ သညာက္ခန္ဓာ, စေ့ဆော် ကြောင့်ကြ တတ်တဲ့ သင်္ခါရက္ခန္ဓာ, သိလုံးကလေးကဝိညာဏက္ခန္ဓာ, နာမ် ခန္ဓာ လေးပါးဟာ ဘယ်တော့မှ ခွဲလို့ ခွါလို့ မရ ကောင်းတဲ့တရားအစုဘဲ၊သဟဇာတပစ္စည်းနဲ့ ပေါင်းစည်း စုဝေးပြီးနေအောင် ကျေးဇူးပြုထားတယ်။

ခန္ဓာငါးပါး ရုပ်နာမ်တရားတွေဟာ ကိုယ်နှင့် အပြည့် ခေါင်းနှင့်အပြည့် မပြတ်ဖြစ်ပျက်နေတာတွေကို ဉာဏ်ဖြင့် မြင်နေမှ ဥဒယဗ္ဗယ ဉာဏ်လို့ ခေါ်ရတယ်၊ တကယ် ဖြစ်ပျက်နေတာ မတွေ့သမျှ ကာလပတ်လုံး ဝိပဿနာ ယောဂီလို့ ခေါ်ဘို့ရာ အလွန် ခဲယဉ်းကြောင်းကို ထင်ရှား သိဘို့ လိုတယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာကို တကယ် မသိဘဲနှင့် တကယ် မတွေ့ဘဲနှင့် ယော်ယမ်း မှန်းဆ၍ ရုပ်နာမ်တွေ ဖြစ်ပျက်နေတာဘဲလို့ စိတ်ကူးရုံမျှနှင့် မည်သည့် အခါမျှ ဝိပဿနာ မဖြစ်နိုင်ဘူးဆိုတာ အမြဲမှတ်ထားပါ၊ တကယ် အစစ်ရုပ်တရားနာမ်တရားတို့၏ဖြစ်ပျက်မှုကို သိနိုင်ဘို့ရာ **ဝိပဿနာဉာဏ်** ကို ချန်လှပ်၍ မည်သူမျှ မသိနိုင်ဘူး ဆိုတာ ယုံကြည်ကြပါ၊ယခုပြောခဲ့တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့ကို တကယ် တွေ့နေမှ—

သဗ္ဗေ သင်္ခါရာ အနိစ္စာ,
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ,
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

ဓမ္မပဒ။

သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သင်္ခါရာ-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင်အပ်ကုန်သော ခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့သည်၊ အနိစ္စာ-အမြဲမရှိကုန်၊ ဣတိ-ဤသို့၊ ယဒါ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာပညာဖြင့်၊ ပဿတိ-မြင်ဘတ်၏၊ အထ-ထိုသို့ မြင်သော အခါ၌၊ ဒုက္ခေ-သံသရာဝဋ်ဆင်းရဲ၌၊ နိဗ္ဗိန္ဒတိ- ငြီးငွေ့၏၊ ဧသ ဧသော-ဤသို့ ငြီးငွေ့ခြင်းသည်၊ ဝိသုဒ္ဓိယာ-ကိလေသာစင်ကြယ်ခြင်း၏၊ မဂ္ဂေါ-အကြောင်းတည်း။

သဗ္ဗေ သင်္ခါရာ အနိစ္စာ-လို့ ဆိုတဲ့ အတိုင်း သင်္ခါရ ပြုပြင်မှုကြောင့် ဖြစ်ပေါ်လာသော ရုပ် နာမ် ခန္ဓာတို့ကို မတွေ့ဘဲနှင့် မည်သည့် အခါမျှ အနိစ္စတရားကို မသိဘူး၊ ရုပ် နာမ်ကို တွေ့၍ အနိစ္စ မမြဲဘူးလို့ တွေ့ရခြင်းဟာ လွယ်လွယ်နှင့် တွေ့တယ်လို့ မမှတ်နှင့် ဝိပဿနာ ပညာ အစစ်ကိုရမှ တွေ့တာ "**ဝိပဿနာပညာ**"အစစ်ကို မရ ဘဲနှင့် မည်သည့်အခါမှ ရုပ်နာမ် အနိစ္စကို မတွေ့ဘူး။

ဝိပဿနာဉာဏ်ဖြင့် အနိစ္စကိုမြင်တော့ ရုပ်နာမ်သင်္ခါရတို့၏ မမြဲသောအဖြစ်ကို ဝိပဿနာဉာဏ်မှာ ငြိုးငွေ့သော **နိဗ္ဗိန္ဒဉာဏ်** ဖြစ်ပေါ်လာမယ်၊ နိဗ္ဗိန္ဒဉာဏ် ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်း ဆိုတဲ့ ဥဒယဗ္ဗယ ဉာဏ်ကိုရမှ **အစဉ်အတိုင်း** ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဆိုတဲ့ ဉာဏ်ကိုရဟာ၊နိဗ္ဗိန္ဒ ဉာဏ်ကိုရလျှင် **သံသရာဝဋ်**ဆင်းရဲကြီးကို ကောင်ငြိုးငွေ့လာလိမ့်မယ်၊သံသရာဝဋ်ဆင်းရဲ ဆိုတာက ယခုမိမိရဲ့ ခန္ဓာ ကိုယ်မှာ ရုပ်တရားနာမ်တရားတွေ အဆက်မပြတ် ဖြစ်နေတာကို ခေါ်တယ်။

ခန္ဓာနဉ္စ ပဋိပါဋိ,
ဓာတု အာယတနာနစ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ,
သံသာရောတိ ပဝုစ္စတိ။

ဓမ္မသင်္ဂဏီ။

ခန္ဓာနဉ္စ-ခန္ဓာငါးပါးတို့၏ငင်း၊ ဓာတု အာယတနာနဉ္စ-ဓာတ် ၁၈-ပါး, အာယတန ၁၂-ပါး တို့၏ငင်း၊ အဗ္ဗောစ္ဆိန္နံ-မပြတ်၊ဝတ္တမာနာ-ဖြစ်နေသော၊ ပဋိပါဋိ-အစဉ်ကို၊ သံသာရောတိ-သံသရာဟူ၍၊ ပဝုစ္စတိ-အပြားအားဖြင့် ဆိုအပ်၏။

မြန်မာလို သက်သက်ပြောရလျှင် ခန္ဓာ, အာယတန, ဓာတ်, မပြတ်ဖြစ်တာ သံသရာလို့ ဆိုတယ်၊ မိမိ၏ ခန္ဓာထဲမှာ ရုပ်နာမ်တရားတွေ မပြတ်ဖြစ်နေတာ ခန္ဓာ,အာယ

တနဲ့, ဓာတ် တရား အစစ်တွေပေါ့၊ မိမိကိုယ်နှင့် မပြတ် ဖြစ်ပေါ်နေတဲ့ ပထဝီ, တေဇော, ဝါယောဆိုတဲ့ ဖောဋ္ဌဗ္ဗ ဓာတ် တွေ့တိုင်းတွေ့တိုင်း ကာယဝိညာဏ်ဆိုတဲ့အဲဒီနာမ် တရားက အမြဲမပြတ်သိနေတယ်မဟုတ်လား။ အဲဒီ ရုပ်နာမ် တရား မပြတ်ဖြစ်နေရာမှာ အတွေ့ဖောဋ္ဌဗ္ဗရုပ်က ရူပက္ခန္ဓာ၊ သိ–သိနေတာက နာမ်ခန္ဓာလေးပါး၊ ပေါင်းတော့ **ခန္ဓာ ငါးပါး** ဖြစ်တယ်၊ အာယတန ခေါ်အုံးမလား၊ ကိုယ်အာ ယတန, အတွေ့အာယတန, တွေ့သိ အာယတန၊ အဲဒါ ရုပ်, အာယတန, နာမ်အာယတနပေါ့၊ ဓာတ်ခေါ်အုံးမလား၊ ကိုယ်ဓာတ်,အတွေ့ဓာတ်,တွေ့သိဓာတ် အဲဒါလဲ ရုပ်ဓာတ်, နာမ်ဓာတ်ပေါ့၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာ, ရုပ်အာယတန, နာမ် အာယတန, ရုပ်ဓာတ်, နာမ်ဓာတ်တို့ မပြတ်ဖြစ်နေတာ ကို သံသရာဝဋ်ဆင်းရဲလို့ ခေါ်တယ်၊ သံသရာဝဋ် ဆင်း ရဲကို ငြီးငွေ့လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိဆိုတဲ့ ကိလေသာ စက်ကြယ် ခြင်း အကြောင်း တရားကိုရရှိသဖြင့် နိဗ္ဗာန်ကိုမုချ မျက်မှောက် ပြုနိုင်တယ်။

ခန္ဓာတွင်းက ရုပ်,နာမ်ဖြစ်ပျက်ကို သိနေတဲ့ ယောဂီ ပုဂ္ဂိုလ်ဟာ "**သဗ္ဗေသင်္ခါရာ ဒုက္ခာ**" ဆိုတဲ့ ပါဠိနှင့်လဲ မလွဲတမ်း ကိုက်ညီမယ်၊ ဤရုပ်နာမ် သည်ပင်လျှင် ဒုက္ခ မဟုတ်လား၊ "**သဗ္ဗေဓမ္မာအနတ္တာ**"ဆိုတာကော ဤရုပ် နာမ်သည် ပင်လျှင် မပြတ်ဖြစ်ပျက် နေသောကြောင့် မုချ အပိုင်မရ မိမိအလိုသို့မလိုက်သောကြောင့် အနတ္တ-မြတ်စွာ

ဘုရား၏ သာသနာတွင်းမှာ ဘာလိုရင်းလဲဆိုလျှင် ယခု ထင်ရှားသိရတဲ့ အနတ္တ ဆိုတာဘဲ လိုရင်းဖြစ်တယ်၊ မိမိ ခန္ဓာကိုယ်မှာ ခဏမစဲ အမြဲတမ်း ဖြစ်ပျက်နေတာကို သိတော့ မမြဲဘူးလို့ဆိုတဲ့ **အနိစ္စ**, ဆင်းရဲခြင်း **ဒုက္ခ**, အစိုး မရခြင်းဆိုတဲ့ **အနတ္တ** ကေန်သိလာတာပေါ့။

ဝိသေသတော ပန ဉာမသ္မိံ ဉဏော အနိစ္စ
လက္ခဏ ဒဿနမေဝ ပဓာနံ၊ တသ္မိံ ဒိဋ္ဌေ
ယေဝ ဣတရာနိ ကမေန ဒိဋ္ဌာနိဟောန္တိ။
ပရမတ္ထဒီပနီဋီကာ။

ဝိသေသတောပန- အထူး အားဖြင့် ကား၊ ဉာမသ္မိံ ဉဏော-ဤဒိပသာသနာဉာဏ် ပညာအရာ၌၊ အနိစ္စလက္ခဏ ဒဿနမေဝ- အနိစ္စ လက္ခဏာကို မြင်ခြင်းသည်သာလျှင်၊ ပဓာနံ-လိုရင်းအရ ပဓာ နသတောသည်၊ ဟောတိ-ဖြစ်၏၊ တသ္မိံ-ထိုအနိစ္စ လက္ခဏာကို၊ ဒိဋ္ဌေယေဝ- မြင်အပ်သည်ရှိသော် သာ၊ ဣတရာနိ- အနိစ္စလက္ခဏာမှ တပါးသော ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ တို့သည်လည်း၊ ကမေန အစဉ်အားဖြင့်၊ ဒိဋ္ဌာနိ-မြင်အပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

အနိစ္စမမြဲလို့ ဒုက္ခကိုသိခြင်း အနိစ္စမမြဲလို့ အနတ္တကို သိရခြင်းမှာ မမြဲသော အနိစ္စသာလျှင် **ပဓာန** ဖြစ်တယ်၊ ဒါကြောင့်—

"အရှင် ဘုရား-ကမ္မဋ္ဌာန်း အလုပ်၌ အဘယ် တရား သည် ပဓာနပါလဲဘုရား"ဟု **မေဃိယ**ရဟန်းက လျှောက်ထားသောအခါ ဘုရားသခင် ကိုယ်တော်မြတ်က-

အနိစ္စ သညိနော မေဃိယ အနတ္တ သညာ
သဏ္ဌာတိ၊အနတ္တ သညိအသ္မိမာန သမုဂ္ဃာတံ
ပါပုဏာတိ ဒိဋ္ဌေဝဓမ္မေ နိဗ္ဗာနံ၊
နဝင်္ဂုတ္တရပါဠိတော်။

မေဃိယ-ချစ်သား-မေဃိယ၊အနိစ္စ သညိနော-အနိစ္စသညာထင်လာသည်ရှိသော်၊အနတ္တသညာ-အနတ္တ သညာသည်၊ သဏ္ဌာတိ - အလိုလိုထင်လာ၏၊အနတ္တ သညိနော-အနတ္တ သညာ ထင်လာသည်ရှိသော်၊ အသ္မိမာန သမုဂ္ဃာတံ- ငါဟူသော မာန်မာနတရား ကင်းပြတ်ခြင်းသို့၊ ပါပုဏာတိ-ရောက်လေတော့၏၊ဒိဋ္ဌေဝဓမ္မေ-ယခုမျက်မှောက်သော ဘဝ၌ပင်လျှင်၊ နိဗ္ဗာနံ- သဉပါဒိသေသ နိဗ္ဗာန်သို့၊ ပါပုဏာတိ- ရောက်လေတော့၏။

ဤမေဃိယ ရဟန်းအား ဟောကြားသည့်ကို များစွာစဉ်းစားသင့်၏၊ အနိစ္စသညာသာ ပဓာန၊ အနိစ္စလို့ ကောန်သိလျှင် အနတ္တဆိုသော တရားကို မလွဲတမ်းသိနိုင်တယ်၊ အနတ္တလို့ အမှန်သိလျှင် ငါဆိုတဲ့ မာန်မာန တရားဟာ အလိုလို ပြတ်သွားမယ်၊ မာန်မာနတရား ပြတ်သွားလျှင် နိဗ္ဗာန်ကို မလွဲတမ်း မျက်မှောက်ပြုနိုင်တယ်၊ ဒါကြောင့်

ချပ်နှောင်မ်ကိုသိ၍ အနိစ္စကို သိတ္ထိလိုတယ်၊ အနိစ္စကိုတွေ့လျှင် အနတ္တဟာ အလိုလိုပေါ်လာနိုင်တယ်။

ဖြစ်ပြီးသော အကုသိုလ်တရားကို ပယ်ရမယ်။

မဖြစ်သေးသော အကုသိုလ် တရားကို မဖြစ်အောင် အားထုတ်ရမယ်။

မရဘူးသေးသော ကုသိုလ်ကို ရအောင်ရှာရမယ်။

ရပြီးသော ကုသိုလ် တရားကို လွန်စွာအားထုတ်ပွါးများရမယ်။

အဲဒီ **သမ္မပ္ပဓာန်** လေးပါးကို သဘောပေါက်အောင် ကြည့်၊ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရ မယ်လို့ ဆိုတယ်၊ ဘာနှင့်ဘယ်ကိုပယ်မလဲ၊ ဒါနကိုမည်မျှလောက် ကြီးစွာ အားထုတ်၍ လှူဒါန်းသော်လည်း အကုသိုလ်ကံကို မပယ်နိုင်၊ လှူ ချမ်းသာ နတ်ချမ်းသာကို အမှန်ရနိုင်သော်လဲ ပြုပြီးသော အကုသိုလ်ကံကို မပယ်နိုင်ဘူး။

သီလကို ဝါဝမ်းကဲ့သို့ အညစ်အကြေးမတင် ဖြူစင်အောင်စောင့်၊ လူ့စည်းစိမ်, နတ်စည်းစိမ်ကိုမှ ရနိုင်သော်လဲ ပြုပြီးသော အကုသိုလ်ကို မပယ်နိုင်ဘူး။

သမထ တရားကို အားထုတ်၍ ဈာန် အဘိညာဏ် တန်းခိုးနှင့် မြေလျှိုး မိုးပျံကောင်းကင်ဗျာန်နှင့် နေနိုင်သော်လဲ ဖြစ်ပြီးသော အကုသိုလ်ကို မပယ်နိုင်ဘူး ဟူ၍

မှတ်၊ အကုသိုလ်ကို မပယ်နိုင်သမျှ ကာလပတ်လုံး လူ့ချမ်းသာ,နတ်ချမ်းသာ,ဗြဟ္မာချမ်းသာခံစား၍ နေရသော်လဲ ကုသိုလ်အဂ္ဂိန်ကုန်က မလွဲတမ်း အပါယ်လေးပါးကို ကျမှာဘဲ။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်က အပါယ်လေးပါးသို့မကျချင်လျှင် ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်အောင် ပယ်လိုက်ကြလို့ ဟောတော်မူတာဘဲတဲ့။

အနတ္တကိုမြင်တာနှင့်ဘာ့ကြောင့် အကုသိုလ်တရားကို ပယ်နိုင်သလဲဆိုလျှင် လောက **ဥပမာ** အားဖြင့် အလွန်တရာ မှောင်လှစွာသောတိုက်ခန်းကြီးထဲမှာ ဆီမီးတတိုင်ထဲ လင်းတာနှင့် အလုံးစုံအမှောင်ပျောက်၍ အလင်းရောင်ရောက်လာသလို၊ အတိတ်က ပြုခဲ့တဲ့ အကုသိုလ်ကံပေါင်း အနန္တတို့ကို အနတ္တ လက္ခဏာ မြင်တာနှင့် တပြိုင်နက် အလုံးစုံ အကုသိုလ်တရားတွေ ပျောက်သွားရမယ်။

ဘာကြောင့်လဲလို့ ဆိုလျှင် အကုသိုလ်ဆိုတာ **ပဟာတဗ္ဗ** ပယ်အပ်သောတရား၊ ကုသိုလ်ဆိုတာက **ပဟာယက** ပယ်တတ်သောတရားဖြစ်တယ်၊ ပြုပြီးသော အကုသိုလ်ကို မည်သူခေါ်လာသလဲဟူမူ-

**ဥပမာ** ပုလဲလုံးကလေးတွေကို ခိုင်လှစွာသော ပိုးကြိုးဖြင့် သီကုံးထားလိုက်မယ် ဆိုလျှင် ပုလဲလုံးတလုံးကို ဆွဲယူတာနှင့် တပြုံလုံး ပါလာလိမ့်မယ်၊ ဘာကြောင့်ပါလာသလဲ ခိုင်လှစွာသော

> ပိုးကြိုးနှင့် သီထားတာကိုး၊ အဲဒီ ပိုးကြိုးကို နှိပ်နှိပ် ပါအောင် ဖြတ်တောက် ပစ်လိုက်လျှင် မည်သည့် ပုလဲလုံးမျှ မပါဘဲ အကုန်လုံး ကျွန်ရစ်ခဲ့လိမ့်မယ်။

အဲဒီပိုးကြိုးလိုဘဲ**အဝိဇ္ဇာ**က မိမိပြုခဲ့ဘူးတဲ့အကုသိုလ်တရားတွေကို တခုမကျန် အကုန်ဆွဲခေါ်လာလို့ သူ့ကို ဖြတ်တာနှင့်တပြိုင်နက် အကုသိုလ်တရားတွေ တခုမကျန် ပပျောက်သွားတယ်။

အနတ္တ လက္ခဏာ မြင်တာက အမောဟ၊ သမ္မာဒိဋ္ဌိ ဝိဇ္ဇာ ဉာဏ် **အလင်းခေတ်၊** အနတ္တကို မမြင် အောင် ကာကွယ် ထားတဲ့ မောဟ အဝိဇ္ဇာက **အမှောင်ခေတ်၊** ဒါကြောင့်အလင်းရောက်ကအမှောင် မုချပျောက်ရတယ်။

အနတ္တကို တကယ်တွေ့သော ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်ပြီးသော အကုသိုလ်တရားကိုလဲ ပယ်နိုင်တယ်၊မဖြစ်သေးသော အပါယ်ကျလောက်တဲ့ အကုသိုလ်ကို အသက်ကိုသာ အသေခံမယ် မည်သည့် နည်းနှင့်မျှ အကုသိုလ်ကို မပြုတော့ဘူး၊ မရဘူးသေးသော ကုသိုလ်ကံ အနတ္တကို ရသဖြင့် ထိုကုသိုလ်ကို ထိုယောဂီသည် မည်သည့်အခါမျှ လက်မလွှတ်ဘဲ မပွါးပါနှင့် ဆို၍မရ၊ အမြဲတမ်း ပွါးများ နေမယ်ဆိုတာ တထစ်ချ မှတ်ထားကြပါ။

## သံသရာဝဋ်

ဝိပဿနာအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်များအထူးသဖြင့် နားလည်ထားဘို့က

**ဒါန**နှင့် နိဗ္ဗာန်ရောက်အောင် လှူဒါန်းတတ်ရမယ်၊
**သီလ**နှင့် နိဗ္ဗာန်ရောက်အောင် စောင့်တတ်ရမယ်၊
**ဘာဝနာ**နှင့် နိဗ္ဗာန်ရောက်အောင် ပွါးတတ်ရမယ်၊

ဘာ့ကြောင့်လဲဆိုလျှင် ဒါနသည်နိဗ္ဗာန်ရောက်တဲ့ဒါန, နိဗ္ဗာန် မရောက်တဲ့ဒါန နှစ်မျိုးရှိတယ် သီလလဲ နိဗ္ဗာန်ရောက်တဲ့သီလ, နိဗ္ဗာန်မရောက်တဲ့ သီလ နှစ်မျိုးရှိတယ်၊ ဘာဝနာမှာလဲ နိဗ္ဗာန်ရောက်တဲ့ ဘာဝနာ, နိဗ္ဗာန်မရောက်တဲ့ ဘာဝနာ နှစ်မျိုးရှိတယ်၊ အဲဒီ နိဗ္ဗာန် ရောက်, မရောက် ဆိုတဲ့ စကားဟာ မလွယ်လှဘူး၊ နိဗ္ဗာန်ကို ရောက်, မရောက် သိဘို့က **ဉာဏ်စခန်း** ဖြစ်၍ ဉာဏ်စခန်းကို ရမှ မိမိကိုယ်တိုင် ဤဒါနဟာ နိဗ္ဗာန်ရနိုင်တယ် မရနိုင်ဘူး၊ ဤသီလဟာ နိဗ္ဗာန်ရနိုင်တယ် မရနိုင်ဘူး၊ ဤဘာဝနာဟာ နိဗ္ဗာန် ရနိုင်တယ် မရနိုင်ဘူး ဆိုတာ ခွဲခြားပြီး သိနိုင်တယ်။

ဒါကြောင့် မိမိကိုယ်တိုင် ထင်ရှားသိနိုင်အောင် လေးလေး စားစားနှင့် အားထုတ် လိုက်နာကြဘို့ တိုက်တွန်းနေရတာ၊ ယခုဟောပြသောတရားများကို သေသေချာချာ မှတ်သားကြဘို့ဘဲ၊ လှူဒါန်းကြ သီလဆောက်တည်ကြ ဘာဝနာ အားထုတ်ကြတဲ့ အခါမှာ **ယောဘုယျ** အားဖြင့်

ဆုတောင်းကြတာက "**သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ**" လို့ ဆိုတဲ့ အတိုင်း သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှါ၊ ဒါနံ-အလှူကို၊ ဒေတိ-ပေးလှူ၏၊ သီလံ-သီလကို၊ ရက္ခတိ- စောင့်ရှောက်၏၊ ဘာဝနံ-ဘာဝနာကို၊ ဘာဝေတိ-ပွါးစေ၏ ဟု ဆိုလေ့ ရှိကြတယ်။

ဒီသံသရာဝဋ်ဆင်းရဲဟာ ဘယ်မှာနေသလဲလို့မေးရင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ရော်ရမ်း မှန်းဆပြီး- သိထားတဲ့ သံသရာက အဟုတ်သားဘဲ၊ သံသရာက အင်မတန် ရှည်တာဘဲ၊ တော်တော်ကြာ လူဖြစ်လိုက်၊ တော်တော်ကြာ နတ်ဖြစ်လိုက်၊ တော်တော်ကြာ ခွေးဖြစ်လိုက် အင်မတန် ရှည်တာဘဲ၊ အင်မတန် ကြောက်စရာ ကောင်းတယ်လို့ သူရောငါပါ ပြောဆိုနေကြတယ်၊ အဲဒီ သံသရာက တကယ့်အစစ် သံသရာမဟုတ်ဘူး၊ လောကီ သမုတိ သစ္စာနယ်က လူတွေ ခေါ်ဝေါ်နေကြတဲ့ သံသရာ ဖြစ်တယ်၊ ပရမတ္ထနယ်က သံသရာမှ အစစ်သံသရာ ဖြစ်တယ်။

ခန္ဓာနဉ္စ ပဋိပါဋိ,
ဓာတု အာယတနာနစ၊
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ,
သံသာရောတိ ပဝုစ္စတိ။

ဓမ္မသင်္ဂဏီ အဋ္ဌကထာ။

မြန်မာလိုသက်သက် ပြောရလျှင် ခန္ဓာ အာယတန ဓာတ်တို့ မပြတ်ဖြစ်တာ သံသရာလို့ဆိုတယ်၊ အဲဒီ ခန္ဓာ အာယတနဓာတ်က ဘယ်နေရာမှာဖြစ်သလဲ၊ကောင်းကင်မှာလဲ မရှိဘူး၊ ရေထဲမှာလဲ မရှိဘူး၊ မြေထဲမှာလဲ မရှိဘူး၊ ဘယ်နေရာမှာ ဖြစ်သလဲ၊ဉာဏ်နှင့် တကယ်ရှာကြည့်လျှင် မိမိရဲ့ ခန္ဓာကိုယ်မှာသာ ရှိတယ်။

ခန္ဓာမှာရှိတယ်လို့ ဆိုတော့ ဘယ်နေရာမှာ ရှိသလဲ၊ မျက်စိမှာ ရှိတယ်၊ နားမှာ ရှိတယ်၊ နှာခေါင်းမှာ ရှိတယ်၊ လျှာမှာ ရှိတယ်၊ ကိုယ်မှာ ရှိတယ်၊ မနောမှာ ရှိတယ်၊အဲဒီ ခြောက်ဌာနကို ချန်လှပ်၍ ဘယ်နေရာမှ သံသရာ မရှိဘူး၊ ဘာ့ကြောင့်လဲ ဆိုလျှင် မျက်စိဆိုတာ ရုပ်တရား အစစ်၊ အဆင်းဆိုတာကလဲ ရုပ်တရားအစစ်ဘဲ၊အဲဒီမျက်စိရုပ်နှင့် အဆင်းရုပ် နှစ်ခုပေါင်းဆုံ မိတော့ မြင်သိလုံး ပေါ်လာတယ်၊ အဲဒီမြင်သိလုံးဟာ ဘာလဲ နာမ်တရား အစစ်ပေါ့၊ ယခုပြောတဲ့ မျက်စိရုပ်,အဆင်းရုပ်, မြင်သိနာမ်, ရုပ်နာမ် နှစ်ပါးကိုပင် ခန္ဓာခေါ်လဲ ဖြစ်တယ်၊ အာယတနခေါ်လဲ ဖြစ်တယ်၊ ဓာတ်ခေါ်လဲ ဖြစ်တယ်။

ခန္ဓာ ဆိုတာက မျက်စိရုပ်, အဆင်းရုပ်, အဲဒါက ရူပက္ခန္ဓာ၊ မြင်သိလုံးက နာမ် ခန္ဓာ လေးပါး ပါတယ်၊ ဘာ့ကြောင့် နာမ်ခန္ဓာလေးပါးပါသလဲဆိုလျှင် မြင်သိလုံး ဖြစ်တိုင်း ဖြစ်တိုင်း ခံစားတတ်ထာက ဝေဒနာက္ခန္ဓာ၊မှတ်သားတတ်ထာကသညာက္ခန္ဓာ၊ စေ့ဆော်ကြောင့်ကြလုံးက သင်္ခါရက္ခန္ဓာ၊ မြင်သိလုံးက ဝိညာဏက္ခန္ဓာ၊ အဲဒါရုပ်ခန္ဓာ

တပါး, နာမ်ခန္ဓာလေးပါး ဖြစ်တော့ **ခန္ဓာငါးပါး** အစစ်မဟုတ်လား၊ဒီခန္ဓာငါးပါးဆိုတဲ့ရုပ်နာမ်တရားဟာမျက်စိပေါက်ကမပြတ်ဖြစ်နေတယ်မဟုတ်လား၊ခန္ဓာငါးပါးသာခေါ်နိုင်သလား၊ အာယတနလို့ကော မခေါ်နိုင်ဘူးလား၊ ခေါ်နိုင်တာပေါ့၊ ချက်စိဆိုတဲ့ရုပ်က မျက်စိအာယတန၊ အဆင်းရုပ်က အဆင်းအာယတန၊ မြင်သိလုံးက မြင်သိအာယတနပေါ့၊ မာဂဓဘာသာနဲ့ ဆိုလျှင် စက္ခာယတန, ရူပါယတန, မနာယတနလို့ ခေါ်တယ်၊ ရုပ် အာယတန, နာမ် အာယတန မျက်စိပေါက်က မပြတ် ဖြစ်နေတယ်-မဟုတ်လား။

ဓာတ်လို့ မခေါ်နိုင်ဘူးလား၊ ခေါ်နိုင်တာဘဲ၊ မျက်စိဓာတ်,အဆင်းဓာတ်,မြင်သိဓာတ်လို့ခေါ်နိုင်တယ်၊မာဂဓဘာသာနှင့်ဆိုလျှင် စက္ခုဓာတ်,ရူပဓာတ်,စက္ခုဝိညာဏဓာတ်လို့ ခေါ်တယ်၊ အဲဒီ မျက်စိပေါက်က ဓာတ်သုံးပါး မပြတ် ဖြစ်နေတယ်၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်က **ခန္ဓာအာယတနဓာတ်**တို့မပြတ်ဖြစ်ထာ သံသရာဟု ဟောထားတာပေါ့၊ အမှန်စင်စစ် မျက်စိ ပေါက်က ရုပ်တရား နာမ်တရားတို့သည် မပြတ်ဖြစ်နေတာ သံသရာအစစ်ဘဲ၊ကိုင်း-မျက်စိပေါက်ကသာ သံသရာဖြစ်သလား နားပေါက်ကကော နားရုပ်, အသံရုပ်, ကြားသိနာမ်, ရုပ်နာမ် နှစ်ပါးဘဲ မဟုတ်လား၊ အဲဒီ ရုပ်နာမ် နှစ်ပါးကို နားရုပ်နှင့် အသံရုပ်က ရူပက္ခန္ဓာ၊ အသံ သဒ္ဒါရုံကို ခံစား၊ တတ်သော ဝေဒနာက ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ,

မှတ်သားတတ်တဲ့ သညာက္ခန္ဓာ, စေ့ဆော် ကြောင့်ကြ
တတ်တဲ့ သင်္ခါရက္ခန္ဓာ, ကြားသိလုံးက ဝိညာဏက္ခန္ဓာ,
အဲဒီရုပ်ခန္ဓာတပါး နာမ်ခန္ဓာလေးပါးကို **ခန္ဓာငါးပါး**လို့
ခေါ်တယ်၊ ဒီခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေ မပြတ်
ဖြစ်နေတာ သံသရာပေါ့။

ခန္ဓာဘဲလား အာယတနကကော နားအာယတန,အသံ
အာယတန,ကြားသိအာယတနလို့ဆိုတော့ ရုပ်အာယတန
နာမ်အာယတန ဆိုတာပေါ့၊ မာဂဓဘာသာနှင့် ခေါ်လျှင်
သောတာယတန,သဒ္ဒါယတန,မနာယတနလို့ ခေါ်တယ်၊
ဓာတ်လို့ခေါ်လို့ ရှိလျှင် နားဓာတ်, အသံဓာတ်, ကြားသိ
ဓာတ်,ရုပ်ဓာတ် နာမ်ဓာတ်ဘဲ၊ မာဂဓဘာသာနှင့်ဆိုလျှင်
သောတဓာတ်,သဒ္ဒဓာတ်, သောတဝိညာဏဓာတ်လို့ခေါ်
တယ်၊ အဲဒီရုပ်ခန္ဓာ နာမ်ခန္ဓာ ရုပ်အာယတန နာမ်အာယ
တန ရုပ်ဓာတ် နာမ်ဓာတ် နားပေါက်က မပြတ်ဖြစ်နေတာ
သံသရာ အစစ်ဘဲ၊ မျက်စိ သံသရာ နား သံသရာ တင်
ဖြစ်သလား၊ နှာခေါင်းကကော သံသရာ မဖြစ်ဘူးလား၊
ဖြစ်တာဘဲ၊ နှာခေါင်းကရုပ်,အနံ့ကရုပ်,နံ့သိကနာမ်တရား
အဲဒီ နှာခေါင်းရုပ်နှင့် အနံ့ရုပ်က, ရူပက္ခန္ဓာ၊ နံ့သိလုံးက
နာမ်ခန္ဓာလေးပါး၊ နာမ်ခန္ဓာလေးပါးမှာ ခံစားတတ်တဲ့
ဝေဒနာက္ခန္ဓာ, မှတ်သားတတ်တဲ့ သညာခန္ဓာ, စေ့ဆော်
ကြောင့်ကြလုံးကသင်္ခါရက္ခန္ဓာ,နံ့သိလုံးကဝိညာဏက္ခန္ဓာ၊
အဲဒီရုပ်ခန္ဓာတပါး နာမ်ခန္ဓာ လေးပါးဟာ နှာခေါင်းမှာ
အမြဲမပြတ် ဖြစ်နေတယ်၊ ခန္ဓာတင်မဟုတ်ဘူး၊ အာယတန

ဆိုတာလဲ ထိုနည်းတူစွာ နှာခေါင်းအာယတန,အနံ့အာယတန, နံ့သိအာယတန, ရုပ်အာယတန, နာမ်အာယတန, ဖြစ်တယ်၊မာဂဓဘာသာနှင့်ခေါ်လျှင် ဃာနာယတန,ဂန္ဓာယတန,မနာယတန၊ အဲဒီ ရုပ်အာယတန, နာမ်အာယတန, တို့ဟာနှာခေါင်းမှာမပြတ်ဖြစ်နေတယ်၊ဓာတ်လို့ဆိုတာလဲ နှာခေါင်းဓာတ်,အနံ့ဓာတ်,နံ့သိဓာတ်,ရုပ်ဓာတ်နာမ်ဓာတ် ဖြစ်တယ်၊ မာဂဓဘာသာနှင့် ခေါ်လျှင် ဃာနဓာတ်, ဂန္ဓဓာတ်,ဃာနဝိညာဏဓာတ်လို့ခေါ်တယ်၊နှာခေါင်းမှာရုပ်ခန္ဓာ နာမ်ခန္ဓာ ရုပ်အာယတန, နာမ်အာယတန ရုပ်ဓာတ် နာမ်ဓာတ်တွေ မပြတ် ဖြစ်နေလို့ နှာခေါင်း သံသရာလို့ ဆိုတာ၊ လျှာကကော လျှာရုပ် အရသာရုပ် စားသိနာမ်၊ အဲဒီ ရုပ်နာမ်နှစ်ပါးကိုပင် ခန္ဓာအာယတနဓာတ်လို့ ခေါ်တာ၊ လျှာရုပ် အရသာရုပ်က ရူပက္ခန္ဓာ၊ စားသိလုံးထဲမှာ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ၊ မှတ်သား တတ်တဲ့ သညာက္ခန္ဓာ၊ စေ့ဆော် ကြောင့်ကြလုံးက သင်္ခါရက္ခန္ဓာ၊ စားသိလုံးက ဝိညာဏက္ခန္ဓာ၊ ယခုပြောခဲ့တဲ့ ရုပ်ခန္ဓာ တပါး နာမ်ခန္ဓာလေးပါးကို လျှာ၌ ခန္ဓာငါးပါးဖြစ်တယ်၊

ဤနည်းတူ အာယတနကလဲလျှာအာယတန၊အရသာ အာယတန၊ စားသိအာယတန ရုပ်အာယတန နာမ်အာယတန နှစ်ပါးဖြစ်တယ်၊ပါဠိလိုတော့ ဇိဝှါယတန, ရသာယတန,မနာယတနလို့ခေါ်တယ်၊ ဓာတ်ကလဲ ထိုနည်းတူစွာ လျှာဓာတ်၊ အရသာဓာတ်, စားသိဓာတ်,ရုပ်ဓာတ်, နာမ်ဓာတ် နှစ်ပါးဘဲ၊ပါဠိလိုဆိုလျှင် ဇိဝှါဓာတ် အရသာဓာတ်

ဝိဉာဏဓာတ်လို့ ခေါ်တယ်၊ ဈာကလဲ ခန္ဓာအာယတနဓာတ်ဖြစ်ပုံကို မှတ်သား၍ ဈာလဲ **သံသရာ** အစစ်ဘဲ၊ ကိုယ်ကလဲ အပ်နဲ့ ထိုးသွ နာကျင် တတ်တဲ့ နေရာဟာ ကိုယ်ဘဲ၊ ၎င်းကိုယ်နှင့်တွေ့ထိကောင်းတဲ့ ပထဝီဖေါဋ္ဌဗ္ဗ, တေဇော ဖေါဋ္ဌဗ္ဗ, ဝါယော ဖေါဋ္ဌဗ္ဗဆိုတဲ့ ဖေါဋ္ဌဗ္ဗဓာတ်နှင့် တွေ့တိုင်း တွေ့တိုင်း သိ သိနေတာက ကာယဝိညာဏ် နာမ်တရားဘဲ။

ပထဝီနှင့် တွေ့တဲ့အခါ နာကျင်မှု, ကိုက်ခဲမှု တွေဟာ ပထဝီဖေါဋ္ဌဗ္ဗနှင့်တွေ့တာ၊ တေဇောဖေါဋ္ဌဗ္ဗနှင့် တွေ့တော့ ပူတာ အေးတာ တွေဟာ တေဇောဖေါဋ္ဌဗ္ဗနှင့်တွေ့တာ၊မငြိမ် မသက် လှုပ်လှုပ် ရွရွ တွေ့တာက ဝါယော ဖေါဋ္ဌဗ္ဗနှင့် တွေ့တာ၊ ဘယ်ဖေါဋ္ဌဗ္ဗနှင့်တွေ့တွေ့ တွေ့သိလုံးက နာမ် တရားဘဲ၊ **အဲဒီ** ရုပ်နာမ်နှစ်ပါးကို •ခန္ဓာ့ဖွဲ့လျှင် ကိုယ်ရုပ် အတွေ့ရုပ်က ရူပက္ခန္ဓာ, တွေ့သိလုံးက ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ,မှတ်သားတတ်တဲ့ သညာက္ခန္ဓာ, စေ့ဆော် ကြောင့်ကြလုံးက သင်္ခါရက္ခန္ဓာ, တွေ့သိလုံးက ဝိညာဏက္ခန္ဓာ၊ အဲဒါ ရုပ်ခန္ဓာတပါး နာမ်ခန္ဓာ လေးပါးဖြစ် တာဘဲ၊ အာယတနက ကိုယ်အာယတန, အတွေ့အာယ တန, တွေ့သိအာယတန၊ အာယတန သုံးပါးဖြစ်တယ်၊ပါဠိလိုဆိုတော့ကာယာယတန, ဖေါဋ္ဌဗ္ဗာယတန,မနာယတန လို့ ခေါ်တယ်၊ ဓာတ်ကလဲ ကိုယ်ဓာတ်၊ အတွေ့ဓာတ် တွေ့သိဓာတ်,ရုပ်ဓာတ်,နာမ်ဓာတ်သုံးပါးဘဲ၊ ပါဠိလိုတော့ ကာယဓာတ် ဖေါဋ္ဌဗ္ဗဓာတ် ကာယဝိညာဏ ဓာတ်လို့ခေါ်

တယ်၊ ဒါကြောင့်မိမိကိုယ်မှာ ရုပ်ခန္ဓာ,နာမ်ခန္ဓာ, ရုပ်အာယတန နာမ်အာယတန ရုပ်ဓာတ် နာမ်ဓာတ်တို့သည် မပြတ်ဖြစ်နေလို့ ကိုယ် **သံသရာ** လို့ ထင်းရှားသိရတယ်။

အိပ်ရာထဲမှာ အိပ်နေရင်း သံသရာကြီး မပြတ်ဖြစ်နေတာဟိုမသိကြဘူး၊ဘာကြောင့်မသိသလဲဆိုလျှင် **အဝိဇ္ဇာ** ကြောင့် မသိတာဘဲ၊ တကယ်အစစ် မနောထဲက သံသရာဖြစ်နေပုံက အိပ်ရာထဲမှာ အိပ်နေရင်း အလကားမနေဘူး၊ တွေ့ကရာတွေ ရှောက်ပြီး တွေးချင်တာတွေ ရှောက်တွေးနေတာ သံသရာကြီးပေါ့။

ဘာကြောင့်လဲ ဟဒယ ဝတ္ထုရုပ်က ဓမ္မာရုံ၊ ရုပ်နှင့်ထိခိုက်တော့ မနောဝိညာဏ်သိလုံးတွေ ဖြစ်လာတာပေါ့၊ ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံက ရူပက္ခန္ဓာ၊ ကြံသိလုံးက နာမ်ခန္ဓာလေးပါးဘဲ၊ ၎င်းကြံသိလုံးထဲမှာ ခံစားတတ်တာကဝေဒနာက္ခန္ဓာ,မှတ်သားတတ်တာကသညာက္ခန္ဓာ, စေ့ဆော်ကြောင့်ကြလုံးက သင်္ခါရက္ခန္ဓာ, ကြံသိလုံးက ဝိညာဏက္ခန္ဓာ,မနောပေါက်က ရုပ်ခန္ဓာတပါး, နာမ်ခန္ဓာလေးပါး မပြတ်ဖြစ်နေတာဘဲ၊ အာယတနလို့ခေါ်လျှင်လဲ မနောအာယတန သဘောအာယတန ကြံသိအာယတန၊ အဲဒါ ရုပ်အာယတန နာမ်အာယတနဘဲ။ ဓာတ်လို့ခေါ်လျှင်လဲ မနောဓာတ် သဘောဓာတ် ကြံသိဓာတ်လို့ခေါ်တယ်၊ အဲဒါရုပ်ဓာတ် နာမ်ဓာတ်ပေါ့၊ မနောပေါက်က ရုပ်ခန္ဓာ နာမ်ခန္ဓာ, ရုပ်အာယတန နာမ်အာယတန, ရုပ်ဓာတ် နာမ်ဓာတ် မပြတ်ဖြစ်တာ **သံသရာ** လို့ ခေါ်တယ်။

ဒါကြောင့်မို့လို့ မျက်စိပေါက် နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်က ရုပ်နာမ်တရားတွေဟာ ခဏမစဲ တဖွဲဖွဲ ဖြစ်နေတာကိုပင် ခန္ဓာအာယတနဓာတ် မပြတ်ဖြစ်တာ သံသရာလို့ ဟောတော်မူတာကို အမြဲအသက်ထက်ဆုံး အောက်မေ့ ထားရမယ်။

ကောင်းပြီ သံသရာအစစ်ကိုတော့ သိပါပြီ၊ စာက **သံသာရဝဋ္ဋဒုက္ခတော**, လို့ ဆိုတော့ ဝဋ်က ဘယ်မှာရှာရဦးမှာလဲလို့ဆိုလျှင်၊ယခုပြောခဲ့တဲ့ သံသရာကြီးကိုပင် **ဝဋ္ဋဒုက္ခ**လို့ ဆိုတာပေါ့၊ ဝဋ်ဆိုတာ တခြားမဟုတ်ဘူး။ ခြောက်ဒွါရက ရုပ်တရား နာမ်တရားတွေ မပြတ်ဖြစ်နေတာကိုပင် ဝိပါကဝဋ်လို့ခေါ်တာ၊ ဝိပါကဆိုတာ အကျိုးလို့ဟောတယ်၊ အဲဒီဝိပါကဝဋ် အကျိုးတရားက တမျိုးထဲမဟုတ်ဘူး၊ နှစ်မျိုးနှစ်စားရှိတယ်၊ အဲဒီ နှစ်မျိုးနှစ်စားကဘာလဲ၊ ကောင်းတာမြင် မကောင်းတာမြင်နှစ်မျိုး၊ ကြားတာကလဲ ကောင်းတာကြား မကောင်းတာကြား နှစ်မျိုး၊ နံတာကလဲ ကောင်းတာနံ မကောင်းတာနံ နှစ်မျိုး၊ စားတာကလဲ ကောင်းတာစား မကောင်းတာစား နှစ်မျိုး။ တွေ့တာကလဲ ကောင်းတာတွေ့ မကောင်းတာတွေ့နှစ်မျိုး၊ ကြံ သိတာကလဲ ကောင်းတာကြံ မကောင်းတာကြံ နှစ်မျိုးဘဲ၊ အဲဒီ ကောင်း မကောင်း နှစ်ပါး ဖြစ်နေတာ ကောင်းကင်ကျ မိုးပေါ်ကျ ဒေဝါ သိကြား ဗြဟ္မာ ဗိဿနိုး တန်းခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖန်ဆင်းလို့ဖြစ်တာ မဟုတ်ဘူး။

အကျိုးတရားဆိုတာ အကြောင်းနှင့်ကင်းလို့ ဖြစ်တာ မဟုတ်ဘူး၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တာ၊ ယခုထင်ရှားသိနေရတာက အကျိုးနှစ်ပါးကို သိနေသဖြင့် အကြောင်းနှစ်ပါး ရှိတယ်လို့ ဆိုတာ အမှန်သိရမယ်။ အဲဒီအကြောင်းတရား နှစ်ပါးက **ကုသိုလ်ကံ အကုသိုလ်ကံ** နှစ်ပါးကို မြင်အောင်ကြည့်၊ ယခုပြောတဲ့ ကုသိုလ်ကံ အကုသိုလ်ကံနှစ်ပါးက မည်သူနှင့်မျှ မသက်ဆိုင်ဘူး၊ မိမိကိုယ်တိုင်ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံကို**ကမ္မဝဋ်**ဆိုးလို့ခေါ်တယ်ကုသိုလ်ကံအကုသိုလ်ကံကမ္မဝဋ်ဆိုးကြောင့် ခြောက်ဒွါရမှာ ကောင်းမကောင်း ဆိုတဲ့ **ဝိပါက ဝဋ်**ဆိုးကြီးအမြဲဖြစ်နေတာကိုမြင်အောင်ကြည့်။

ကောင်းပြီ ကမ္မဝဋ်ဆိုး, ဝိပါကဝဋ် ဆိုးကြီးတော့ သိပါပြီတဲ့၊ ဤနေရာ၌ ပြတ်မသွားဘဲ ဝိပါကဝဋ်ဆိုးကြီးကိုမှီပြီး **ကိလေသာဝဋ်** ပေါ်လာလိမ့်မယ်။ ဘယ်လိုကိလေသာ ဝဋ်တွေလဲဆိုရင် ခြောက်ဒွါရက ဝိပါကဝဋ်ဆိုးကြီး ဖြစ်တိုင်းဖြစ်တိုင်း ကောင်းတဲ့ဣဋ္ဌာရုံနှင့် တွေ့တော့ နှစ်သက်ရင် **လောဘကိလေသာ** ဝဋ်ဆိုးကြီး ဖြစ်တယ်၊ မကောင်းတဲ့အနိဋ္ဌာရုံနှင့်တွေ့တော့ စိတ်ဆိုးရော၊ စိတ်ဆိုးတော့ **ဒေါသကိလေသာ** ဝဋ်ဆိုးကြီးဖြစ်တယ်၊ ခြောက်ဒွါရနှင့် အာရုံခြောက်ပါး တွေ့တိုင်းတွေ့တိုင်း နှစ်သက်တယ်လဲမဟုတ် မနှစ်သက်ဘူးလဲမဟုတ် ဂရုမစိုက်အမှတ်မဲ့နေလိုက်ရင် ဘာဖြစ်မလဲ **မောဟကိလေသာ** ဝဋ်ဆိုးကြီးဖြစ်တာပေါ့။

အဲဒီယခုပြောခဲ့တဲ့ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာတွေဟာ ဘယ်နေရာက ဖြစ်သလဲ ဉာဏ်နှင့်မိအောင်ကြည့်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ ဤခြောက်ခုရက ဖြစ်တယ်ဆိုတာ ဂရုစိုက်ပြီး သေသေချာချာ မှတ်ထားပါ။

ကောင်းပြီ ကိလေသဝဋ်ဖြစ်တော့ ဘာဖြစ်အုံးမလဲ၊ ကိလေသ ဝဋ်က အကြောင်း ဖြစ်ပြန်တာပေါ့၊ အဲဒီ အကြောင်းတရားကြောင့် အကျိုးတရားက အမှန်မလွဲဘူး ဖြစ်မှာဘဲ။

## ပဋိစ္စသမုပ္ပါဒ်အတိုင်း ဆိုရင်

အတိတ်အကြောင်းတရား ငါးပါးဘယ်သူလဲ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်မယ်၊ ပစ္စုပ္ပန် အကျိုးငါးပါးက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ပစ္စုပ္ပန်အကျိုးကြောင့်ပစ္စုပ္ပန်အကြောင်း ငါးပါး ဖြစ်အုံးမယ်။ အဲဒီ ပစ္စုပ္ပန်အကြောင်း ငါးပါးက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ အကြောင်း ငါးပါး ဖြစ်မယ်။ အဲဒီပစ္စုပ္ပန်အကြောင်းငါးပါးကြောင့် အနာဂတ် အကျိုးငါးပါး ဖြစ်ရအုံးမယ်၊ အဲဒီ အကျိုးငါးပါးက မည်သူလဲ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဘဲ ဖြစ်မယ်။ အကျဉ်းပဋိစ္စသမုပ္ပါဒ်အတိုင်း ပြောတာ။

ယခုဟောခဲ့တဲ့ ကိလေသဝဋ်ကြောင့် ဘာဖြစ်မလဲ ဆိုလျှင် သေသေချာချာ မှတ်ထား၊လောဘ ကိလေသာ ကြောင့် ဖြစ်ရသော အကျိုးက—

ယေဟုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိ ဝိသယံ ဥပပဇ္ဇန္တိ။

အဋ္ဌသာလိနီ။

ဟိသစ္စံ—ငါဆိုသော စကားသည်မှန်၏၊ယေဘု ယျေန—များသော အားဖြင့်၊ သတ္တာ—သတ္တဝါတို့ သည်၊ တဏှာယ-လောဘတဏှာကြောင့်၊ ပေတ္တိ ဝိသယံ-ပြိတ္တာဘုံသို့၊ ဥပပဇ္ဇန္တိ—ကပ်ရောက်ကြ ကုန်၏။

ယခု ဒါယကာဒါယိကာမများတကယ်တမ်းကြောက်၍ အမြဲ ဆုတောင်းနေကြတဲ့ အပါယ်လေးပါး အပါအဝင် ဖြစ်တဲ့ **ပြိတ္တာဘုံ** မဟုတ်လား၊ အဲဒီပြိတ္တာဘုံကို ကြောက် လှ၍ မရောက်ပါရစေနှင့်လို့ တောင်းလိုက်ကြတဲ့ ဆုဟာ အခါခပ်သိမ်းဘဲ၊ကိုင်း စဉ်းစားလိုက်ကြစမ်း၊ယခုကျရမဲ့ ပြိတ္တာဘုံဟာ အပါယ်လေးပါးထဲကဘဲ၊ ပြိတ္တာဘုံကလာ ခေါ်တာ မဟုတ်ဘူး၊ ပြိတ္တာဘုံကို သွားရမှာ၊ မိမိသန္တာန် မှာရှိတဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်၊ အဲဒီ ခြောက်ပါးကလွဲ၍ ပြိတ္တာဘုံကိုသွားတဲ့နေရာ မရှိဘူး ဆိုတာ အမြဲမှတ်ထားကြပါ၊ပြိတ္တာဘုံကိုတကယ်ကြောက် လျှင် ပြိတ္တာဘုံကို ရောက်အောင် ပို့နေတဲ့ ရန်သူကို နိုင်အောင် သတ်ပါ။

လောဘကိလေသာက ဖြစ်တဲ့ဘုံကိုပို့တယ်၊ မနှစ်သက်တဲ့ အနိဋ္ဌာရုံကိုတွေ့တော့ ဘာဖြစ်မလဲ၊ မနှစ်သက်တဲ့ အနိဋ္ဌာရုံကို တွေ့ရတော့ စိတ်ဆိုးမယ်၊ စိတ်ဆိုးတော့ ဒေါသကိလေသာ ဖြစ်မယ်မဟုတ်လား၊ အဲဒီဒေါသ ကိလေသာက ဘယ်သွားရမလဲ၊ ဒေါသကိလေသာက-

ဒေါသေန ဟိ စဏ္ဍာ ဇာတိတာယ ဒေါသ
သဒိသံ နိရယံ ဥပပဇ္ဇန္တိ။

အဋ္ဌသာလိနီ။

ဟိသစ္စံ-ငါဆိုသော စကားသည် မှန်၏၊ ဒေါသေန- ဒေါသသည်၊ စဏ္ဍာဇာတိတာယ- ကြမ်းတန်းသော သဘောရှိသောကြောင့်၊ ဒေါသသဒိသံ- ဒေါသနှင့် တူသော၊ နိရယံ-ငရဲသို့၊ ဥပပဇ္ဇန္တိ- ကပ်ရောက်ရကုန်၏။

မိမိ၏ အဇ္ဈတ္တိက အတွင်းမှ ဘကယ်တမ်း ထွက်ပေါ်လာတဲ့ ဒေါသကိလေသာ တရေးဟာ မည်မျှလောက် ကြောက်စရာ ကောင်းတယ် ဆိုတာ အလွန့် အလွန် ကြောက်ကြတဲ့ သိဉ္ဇီဝ်း၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ၊ အဲဒီ **ငရဲကြီး ရှစ်ထပ်**ငရဲငယ် ၁၂၈-ထပ်၊ လောဟကုမ္ဘီငရဲ၊ လောကန္တရိက်ငရဲ၊ ပဟာသငရဲကို မလွဲတမ်း ကျတတ်တဲ့ ဒေါသဆိုးကြီးဟာ ဘယ်က ထွက်လာသလဲ၊ မိမိအဇ္ဈတ္တိက

သညာဘွာန်မှာရှိတဲ့ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်, စိတ် မနောက ထွက်လာတဲ့ ကိလေသာ ဝဋ်ဆိုးကြီးဘဲ မဟုတ်လား။

ကိုင်း လောဘနှင့် ဒေါသက ပြတ္တာဘုံနှင့် ငရဲဘုံကို လမ်းညွှန်လိုက်ပြီ၊ အမှတ်တမဲ့နေမိ၍ မောဟကိလေသာ ဖြစ်ရင်ကော သက်သာပါ့မလား၊ မည်သည့် နည်းနှင့်မျှ မသက်သာဘူး၊ ဒါကြောင့်မို့-

မောဟေနဟိ မုယှန္တ သဘာဝတ္တာ တိရစ္ဆာန ယောနိယံ ဥပပဇ္ဇန္တိ။

အဋ္ဌသာလိနီ။

ဟိသစ္စံ-ငါ ဆိုသော စကားသည် မှန်၏၊ မော ဟေန-မောဟသည်၊ မုယှနသဘာဝတ္တာ-တွေဝေ သော သဘောရှိသောကြောင့်၊ တိရစ္ဆာနယော နိယံ တိရစ္ဆာန်ဘုံသို့၊ ဝါ-အသုရကာယ် ပြည်သို့၊ ဥပပဇ္ဇန္တိ-ကပ်ရောက်ရကုန်၏။

ကိုင်း စဉ်းစားကြစမ်း၊ အမှတ်တမဲ့ နေမိတဲ့ မောဟ ဟာ အလွန်ကြောက်ကြတဲ့ **တိရစ္ဆာန်ဘုံ** အသုရကာယ် ပြည်ကိုရောက်ရမယ်လို့ ဟောထားတော့ မိမိတို့ အလွန် ကြောက်ကြတဲ့ အပါယ်လေးဘုံက လွတ်အောင် ဘယ်လို လုပ်ကြမလဲ၊ ယခုဘာရေးအားထုတ်နေကြတဲ့ယောဂီပုဂ္ဂိုလ် များဟာ အပါယ်လေးပါးမှလွတ်ကြောင်းကိုရှာနေကြတာ မဟုတ်လား။

အပါယ်လေးပါး လွတ်ဖို့က လောဘ ဒေါသ မောဟ ကင်းမှ လွတ်မယ်လို့ ဆိုကြတယ်၊ ကောင်းပြီ၊ ဒါန သီလ သမထတို့ဆိုတာ ဒီ-**လောဘ** ဒေါသ မောဟ မကင်းဘူး လားလို့ မေးရင် အနည်းငယ်တော့ကင်းပါတယ်၊သို့သော် ဒါန,သီလ,သမထ,ဆိုတာ **တဒင်္ဂ**ပဟာန်,**ဝိက္ခမ္ဘန**ပဟာန်, လောက်သာ ကင်းတာ စိတ်မချရဘူး၊ တကယ်တမ်း အပါယ်လေးပါးမှ လွတ်ချင်ရင်–

**ဥပမာ** ထန်းစေ့ မျိုးကြောင့် ထန်းပင် ပေါက်တယ်၊ ထိုထန်းပင်က အသီးသီးရင် ထိုထန်းပင်မျိုးက မျိုးဆက် မပြတ်ဘူး ဆိုတာ မှတ်ထားပါ။ ထန်းပင် မျိုးစေ့ကြောင့် ထန်းပင် ပေါက်စေ ကာမူ အဖိုပင်ဖြစ်က မည်သည့် နည်းနှင့်မျှ အသီးမရသဖြင့် မျိုးဆက်ပြတ်ပြီဟူ၍ မှတ်ပါ။

ထိုနည်း ဥပမာအတိုင်း **ကမ္မဝဋ်** မျိုးစေ့ကြောင့် **ဝိပါကဝဋ်** ဆိုတဲ့ ခြောက်ဒွါရက ရုပ်နာမ်အပင်တွေက အမြဲ တမ်း ပေါက်နေမှာဘဲ၊ အဲဒီ ဝိပါကဝဋ်အပင်တွေက မျိုး ဆက်ပြတ်အောင် **ကိလေသာဝဋ်**ဆိုတဲ့ အသီးကို သတ်ရ မယ်၊ ဘယ်လိုနည်းနဲ့ သတ်မလဲ၊ အဲဒါ အရေးအကြီး ဆုံးဘဲ။

ယခုပြောတဲ့ ကိလေသာဝဋ်ကို သတ်ချင်ရင် အနတ္တ တွေ့အောင်ရှာရမယ်၊ အနတ္တက ဘယ်က ရမလဲ ဆိုရင် ရုပ်တရား နာမ်တရားကို တကယ်မြင်မှ ဖြစ်ပျက်ဆိုတဲ့ တရားကို တွေ့မယ်၊ ဖြစ်ပျက်ကိုတွေ့မှ အနိစ္စ ဒုက္ခ အနတ္တ

ဆိုတဲ့ တရားပေါ်လာမယ်၊ အနတ္တပေါ်လာအောင် ရုပ်နာမ်ကို တွေ့အောင်ရှာမှုဟာ ပဓာနဘဲ၊ ရုပ်နာမ်ကိုတွေ့ဖို့ **ကာသမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်**ကို ရမှ ရုပ်,တရား နာမ်,တရားကို တွေ့မယ်ဆိုတာ မြဲမြဲကြီးမှတ်ထားပါ။

ကောင်းပြီ အနတ္တတွေ့ရုံနှင့် လောဘ ဒေါသ မောဟ ကင်းရော့လားလို့ မေးရင် မကင်းသေးဘူး၊ မကင်းသေးရင် အပါယ်လေးပါးက လွတ်ပါ့မလားတဲ့၊ အနတ္တကိုတွေ့သဖြင့် မုချ အပါယ်လေးပါးမှ ကင်းလွတ်ပြီလို့ မှတ်ပါ။ ဘာကြောင့်လဲ အနတ္တကို တွေ့သဖြင့်အပါယ် ကျကြောင်းဖြစ်တဲ့ လောဘ ဒေါသ မောဟ မရှိတော့ဘူး။

သက်သေခံ **ဥပမာ** ပြရမယ်ဆိုလျှင် **ငါသာခါ**တို့ **ခန္ဓာကြွ**ရာတို့ဟာ လောဘ ဒေါသ **မောဟ** မကင်းသေးသော်လဲ အနတ္တကို ပိုင်ပိုင်နိုင်နိုင် တွေ့၍ မုချအပါယ်မကျကြောင်းကို မှတ်ထားပါ၊ ဒါကြောင့် ယခုယောဂီများဟာ အနတ္တကိုအစစ်အမှန်ရကြရင် ငါတို့သည်မုချ အပါယ်သို့ မကျတော့ ဘူးလို့ တထစ်ချ ယုံကြည်ကြ ပေတော့။ ဒါကြောင့်-

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော
ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော
နိယတ ဂတိကော စူဠသောတာပန္နော နာမ။

ဝိသုဒ္ဓိမဂ်။

ဣမိနာပနဉာဏေန-ဤနာမရူပပရိဂ္ဂဟဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးနှင့်၊ သမန္နာဂတော-

ပြည့်စုံသော၊ ဝိပဿကော - ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ ဇုဋ္ဌသာသနေ- မြတ်စွာဘုရား သာသနာတော်၌၊ လဒ္ဓဿာသော-ရအပ်သော သက်သာရာ ရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော - ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍၊ နိယတဂတိကော- အပါယ် လေးပါးသို့ မလား သူတော်ကောင်းတို့ လားအပ်သော မြဲသောဂတိရှိသော၊ စူဠသောတာ ပန္နောနာမ-စူဠသောတာပန်မည်၏။

**နာမရူပပရိစ္ဆေဒဉာဏ်** ဆိုတာက ယောဂီများ တကယ်သိတဲ့ ကိုယ်ရုပ် အတွေ့ရုပ်ကိုမှတ်၊ ထိုကိုယ်ရုပ် အတွေ့ရုပ် ဖြစ်တိုင်း ဖြစ်တိုင်း သိ- သိနေတာကို နာမ်လို့မှတ်၊ အဲဒီရုပ်နာမ်ကို တကယ်အမှန် ဖြစ်ပျက်-ဖြစ်ပျက်နေတဲ့ အသိရှိတဲ့ ယောဂီပုဂ္ဂိုလ်ဆိုတာ စာထဲ ကျက်ထားလို့ သိတဲ့ ရုပ်နာမ်လောက် မဟုတ်ဘူး၊ ဝိပဿနာဉာဏ်နှင့် သိတဲ့ ယောဂီကို ခေါ်တာ။

**ပစ္စယပရိဂ္ဂဟဉာဏ်**ဆိုတာက ရုပ်တရား နာမ်တရား ဖြစ်ပေါ်လာခြင်း၏ အကြောင်းကို သိတဲ့ ဉာဏ်ကိုခေါ်တယ်၊ လွယ်လွယ်အားဖြင့် ကံ စိတ် ဥတု အာဟာရ၊ အဲဒီ အကြောင်းလေးပါးပါဘဲ၊ဒီရုပ်တရားဟာဘယ်အကြောင်း ကြောင့်ဖြစ်တယ်၊ဒီနာမ်တရားကဘယ်အကြောင်းကြောင့် ဖြစ်တာ စသည်ဖြင့် ရုပ်နာမ်တို့၏ အကြောင်းကို သိရင် ပစ္စယပရိဂ္ဂဟဉာဏ် ဆိုရတယ်၊ စာသိကို ပြောတာ မဟုတ်ဘူး၊ ဉာဏ်သိကိုပြောတာ၊ အဲဒီ နာမရူပပရိစ္ဆေဒ

ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟာဉာဏ် နှစ်မျိုးကိုဆိုက်ရောက်ရင် မြတ်စွာဘုရား သာသနာတော်၌ ကြုံရတဲ့ အကျိုးနပ်ပြီ၊ အနန္တကို တကယ်ပိုင်သဖြင့် အပါယ်လေးပါး မလား မရောက်နိုင်တဲ့ **စူဠသောတာပန်** [သောတာပန် အငယ် စား] ဖြစ်ပြီလို့ မှတ်ကြပေတော့။

---

## အဝိဇ္ဇာ နှင့် ဝိဇ္ဇာ

အဝိဇ္ဇာနှင့် ဝိဇ္ဇာဟာ ဘယ်မျှလောက် ကွာခြားတယ် ဆိုတာ **ဥပမာ**အားဖြင့်သုသာန်သင်းချိုင်းမှာ မစင်ဘင်ပုပ် လူသေ အလောင်းတွေကို စားနေတဲ့ **ဘီလူးမ** တကောင် ရှိတယ်၊ အဲဒီဘီလူးမဟာ သူ့သဘောနှင့်သူမစားဘဲရွာမှာ ရှိတဲ့ လူတယောက်ကိုပူးကပ်ပြီး၊ မစင်ဘင်ပုပ် လူသေ အလောင်းတွေကို ရှောက်စားနေတာပေါ့၊ ဒီလိုမစင်ဘင် ပုပ် လူသေအလောင်းတွေကိုဘီလူးမစားတာကိုဒီဘီလူးမ အပူး–ခံရတဲ့လူကမသိဘူး။ မကောင်းတဲ့ အညစ်အကြေး မစင်ဘင်ပုပ် လူသေအလောင်းတွေ စားနေတာငါစားနေ တယ်လို့ ဒီလိုသူထင်နေတယ်၊ တကယ်စားတာကဘီလူးမ က စားနေတာ၊ ဘီလူးမစားနေတာကို ဘီလူးမမှန်း မသိ၊ ငါစားတယ်လို့ ထင်နေပဲ့လူကို သူ၏မိတ်ဆွေတယောက် က မြင်လေတော့မှ ဒီလူတော့ အမှားကြီးမှားနေပြီ၊ ငါသိ အောင်ပြမယ်လို့ ပြောဆိုပြီး **ဒိဗ္ဗစက္ခု** မျက်စင်းနှင့် မျက်စိ ကွင်း ပေးလိုက်တဲ့ အခါကျမှ အစက ဒီမကောင်းတဲ့

အညစ်အကြေးတွေ၊မစင်ဘင်ပုပ်တွေစားနေတာ ငါစား တယ်လို့ ထင်နေတာ ငါစားတာမှ မဟုတ်ဘဲ၊ ဘီလူးမ သူချည်း စားနေတယ်ဆိုတာ သိသွားတယ်။ဒီလိုသိတော့ ဘီလူးမကို"နင်-တယ်ယုတ်မာတဲ့ ဘီလူးမဘဲ, သွား"လို့ ဆိုပြီး ဘီလူးမကို နှင်မယ်လို့ကြံပြန်တော့ ဘီလူးမကသူ့ ထက်ခွန်အားဗလ ကောင်းနေတော့ သူ မနှင်နိုင်ဘူး၊ အဲဒီ အခါကျမှ ဘီလူးမကို ချော့မော့ပြီး အရင်တပါးသို့ မရ မက အပါခေါ်လျက် အရပ်တကာ့အရပ် ရွာတကာ့ရွာကို လှည့်လည်ပြီး ဒီဘီလူးမနှင့်ဘဲ စီးပွားရှာ စားရတယ်။ အဲဒါ-ဥပမာဘဲ။

ယခု ဒါယကာ ဒါယိကာမများမှာ မိမိ၏ခန္ဓာကိုယ်မှာ တဏှာဘီလူးတွေ တကယ်တမ်း ပူးကပ်နေတာကို မမြင် ရဘူး၊ ဘာကြောင့်လဲ ဆိုတော့ **အဝိဇ္ဇာ** တည်းဟူသော တိမ်သလာဖုံးနေလို့၊အဲဒီအဝိဇ္ဇာကြောင့် မျက်စိပေါက်က လောဘ, ဒေါသ, မောဟ, ဆိုတဲ့ တဏှာ ဘီလူးတွေ၊ နားပေါက်ကပူးကပ်နေတဲ့ လောဘ,ဒေါသ,မောဟဆိုတဲ့ တဏှာ ဘီလူးတွေ၊ နှာခေါင်းပေါက်,လျှာပေါက်, ကိုယ် ပေါက်, မနောပေါက်က တကယ်တမ်း ပူးကပ်နေတဲ့ လောဘ,ဒေါသ, မောဟ, ဆိုတဲ့ တဏှာဘီလူးတွေကို မမြင်ရဘူး၊ ဘာ့ကြောင့် မမြင်ရသလဲ၊ အဝိဇ္ဇာဆိုတဲ့ တိမ်သလာတွေ ဖုံးနေလို့၊ အဲယခု ယောဂီပုဂ္ဂိုလ်များဟာ အဲဒီအဝိဇ္ဇာပျောက်၍ ဝိဇ္ဇာဉာဏ် ပေါ်ပေါက်လာအောင် ဒိဗ္ဗစက္ခုမျက်စင်းနှင့်ပမာတူတဲ့ **ဝိဇ္ဇာဉာဏ်** မျက်စင်းနှင့်

ယခုခတ်ကြည့်လိုက်တော့ သိကြပြီ မဟုတ်လား၊ အစက ငါမသိဘူး၊ ဒီမျက်စိ, နား, နှာခေါင်း, လျှာ,ကိုယ်,မနော, ဒီခြောက်ဒွါရမှာ တဏှာဘီလူး ပူးကပ်မှန်း ငါမသိခဲ့ဘူး၊ ယခုမှ သိရတယ်။သိပြန်တော့လဲ မျက်စိက အပါယ်ကျရတယ် နားက အပါယ် ကျရတယ် စသည်ဖြင့် ဒီနားတွေ မျက်စိတွေ ဖေါက်ဖျက်ပစ်လို့လဲ မရဘူး၊ ဘာ့ကြောင့်လဲ ဘီလူးမ အားကောင်းသလို ခြောက်ဒွါရက အားကောင်း နေတာကိုး။

ဒီလို အားကောင်းနေတော့ ဘီလူးမကို ချော့မော့၍ စီးပွါးရှာစားရသလို အဝိဇ္ဇာကြောင့် ခြောက်ဒွါရက အပါယ် ကျခဲ့ရသော်လဲ ယခု ဝိဇ္ဇာဉာဏ် ရလာတဲ့ ယောဂီများဟာ ဒီခြောက်ဒွါရနှင့် နိဗ္ဗာန်ကို ရအောင် ယူကြရမယ်။

ဘယ်လို နိဗ္ဗာန်ရအောင် ယူရမလဲဆိုလျှင် ယခု မိမိ အဇ္ဈတ္တသန္တာန်မှာ ထင်ရှားရှိနေတဲ့ ဖြစ်ပေါ် နေတဲ့ ရုပ်တရား နာမ်တရားကို သိနေသဖြင့် ထိုကိုယ်မှာဖြစ်နေတဲ့ ကိုယ်ရုပ် အတွေ့ ဖေါဋ္ဌဗ္ဗရုပ်အတွေ့ နာမ်ဆိုတဲ့ ရုပ်နာမ် နှစ်ပါးဟာ နာဒီ မိနစ် စက္ကန့် မစဲအောင် အမြဲတမ်း ဖြစ်ပျက်နေတာကို သိရသဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးကို တကယ်အမှန်သိနေသလို၊ မျက်စိရုပ်, အဆင်းရုပ်, မြင်သိနာမ်၊ နားရုပ်, အသံရုပ်, ကြားသိနာမ်၊ နှာခေါင်းရုပ်, အနံ့ရုပ်, နံ့သိနာမ်၊ လျှာရုပ်,အရသာရုပ်, စားသိနာမ်၊ ကိုယ်ရုပ်, အတွေ့ရုပ်, တွေ့သိနာမ်၊

မနေ့ရုပ်, သဘောရုပ်, ကြံသိနာမ်တို့ကို တကယ်သိနေသဖြင့်၊ ဤရုပ်နာမ်တရားများဟာ မျက်တောင်တခတ်လျှပ်တပြက်မျှ ခိုင်မြဲသော ရုပ်နာမ်တရား မဟုတ်ဘူးဆိုတာ အမှန်သိသဖြင့် ငါမဟုတ် သူမဟုတ် သတ္တဝါမဟုတ် ယောကျ်ားမဟုတ် မိန်းမမဟုတ်ဘူးဆိုတာ အမှန်ဉာဏ်ထဲမှာ သိနေလျှင် **ဝိပဿနာအစဉ်** ဖြစ်နေတယ်၊ ယောဂီများ ရုပ်နာမ်သိမှုကို ဘယ်လို သိရမယ်ဆိုတာ ဥပမာပြ၍ ဆုံးမထားတာက—

အဒဿနတော အာယန္တိ,
ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ,
ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

နိဒ္ဒေသ ပါဠိတော်။

သင်္ခါရာ- ရုပ်ဓမ္မ နာမ်ဓမ္မ တရားတို့သည်၊ အဒဿနတော- မမြင်ရရာ အနာဂတ အဘာဝ အဖြစ်မှ၊ အာယန္တိ-လာ၍အသစ် ဖြစ်ပေါ်လာကြလေကုန်၏၊ဘဂ္ဂါ-ချုပ်ပျောက်ပျက်ဆုံးကြကုန်ပြီးသော ရုပ်နာမ်သင်္ခါရတို့သည်လည်း၊ အဒဿနံ-မမြင်ရရာ အဘာဝ အဖြစ် အတိတ် အဖြစ်သို့၊ ဂစ္ဆန္တိ- ရောက်ကြရလေကုန်၏၊ အာကာသေ-ထက်ဝန်း အဓွာ မိုဃ်းအာကာ၌၊ ဝိဇ္ဇုပ္ပါဒေါဣဝ- ပြိုးပြက်လျှံဝင်း လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့၊

ဥပ္ပဇ္ဇန္တိ စ-ဖြစ်လည်း ဖြစ်ကြကုန်၏၊ ဝယန္တိ စ-
ပျက်လည်းပျက်ကြကုန်၏။

ဤဂါထာအတိုင်းဆိုလျှင် လျှပ်စစ်ရောင်က **ဥပမာန**၊ ရုပ်နာမ်က **ဥပမေယျ**၊ လျှပ်စစ်ရောင်ကဲ့သို့ ဆိုတာက **ဇောတက**၊ လျှပ်စစ်ရောင်ကို မြင်အောင်ကြည့်၊ ကောင်းကင်မှလက်သော လျှပ်စစ်ရောင်သည် မလက်မီအနာဂတ် ကာလမှာလဲ မရှိ၊ လက်ပြီး သည့် နောက် ပျောက်ဆုံး သွားသော အတိတ် ကာလမှာလဲ မရှိ၊ ပစ္စုပ္ပန် ဖြစ်ဆဲ ပျက်ဆဲကလေးမှာသာ ရှိသလို၊ မိမိ၏ အဇ္ဈတ္တသန္တာန်မှာ တကယ်တမ်း ဖြစ်ပျက်နေသော ရုပ်တရားနာမ်တရားများ ဟာ မဖြစ်မီကာလ **အနာဂတ်** မှာလဲ မရှိ၊ ဖြစ်ပြီးနောက် ပျောက်ဆုံးသွားပြီးသော **အတိတ်**ကာလမှာလဲမရှိ၊ လျှပ်စစ်ရောင်ကဲ့သို့ **ပစ္စုပ္ပန်** ချင်း တူမျှသည်ကို ဥပမာလို့ ခေါ်တယ်။ အဲ-ယခုပြောခဲ့တဲ့ ဥပမာအတိုင်းဘဲ မိမိခန္ဓာ ကိုယ်မှာ တကယ် တွေ့ရှိနေမှသာ ယောဂီအစစ် ဖြစ်နိုင်မယ်။ တော်ရုံ လျော်ရုံ ရော်ရမ်း မှန်းဆ နေရုံမျှနှင့် မည်သည့်နည်းနှင့်မျှ ဝိပဿနာယောဂီမဟုတ်ဘူးဆိုတာ မှတ်ပါ။

ဒါ့ကြောင့်မို့လို့ ယခု တရားအားထုတ် နေကြသော ယောဂီပုဂ္ဂိုလ်များ မိမိကိုယ်ကို အခါခါသုံးသပ်၍ အားထုတ်ကြပါ၊ ယခုပြနေသောဥပမာများနှင့် ကိုက်ညီအောင် ကြိုးစားပါ၊ကိုက်ညီနေရင်ငါတို့သည်ယောဂီပုဂ္ဂိုလ်အစစ်

အပါယ်လေးပါးသို့ မလားနိုင်တဲ့ ဝိပဿနာပုဂ္ဂိုလ် ရှုဒ္ဓ သောတာပန် ဖြစ်နေပြီဆိုတာ မြဲမြဲကြီး မှတ်ကြပေတော့။

## ခရီးသွားယောက်ျားဥပမာ

ခရီးသွားသော ယောက်ျားတယောက်ဟာ အကာလ ညအခါ မိုးသည်းမှောင်ကျနေတုန်း မျက်စိလည်လမ်းမှားပြီး တခုသောကမ်းပါးပြတ်ကိုရောက်သွားသောအခါ မြစ်ညာ က မျောလာတဲ့ ဒိုက်သရော ဖေါင်ကြီးတခုကို တွေ့တယ်။ မြစ်ညာက မျောလာသောဒိုက်သရောဖေါင်တို့ မည်သည် မှာ ဘယ်သူ တဦးတယောက်ကမှ ကြိုးကြမ်နှင့် တုပ်ထား တာမရှိဘူး၊ အခိုင်အမာ ဘာတခုမျှမရှိတဲ့ အဲဒီ ဒိုက်သ ရော ဖေါင်ကြီးကို တွေ့တဲ့အခါ သူ့စိတ်မှာ ဘယ်လို အောက်မေ့သလဲဆိုရင် ငါဟာ လမ်းမှားနေတဲ့အတွက် ဒေဝါ သိကြား ဗြဟ္မာဗိဿနိုးတန်းခိုးကြီးတဲ့ ပုဂ္ဂိုလ်များ က ငါ့အတွက် မနေနိုင်လို့ ဖန်ဆင်းပေးတဲ့ ကရုဝိက် ဖေါင်ကြီးလို့ အောက်မေ့ပြီး ဝမ်းမြောက်ဝမ်းသာ ဖေါင် ကြီးပေါ် သူတက်စီးတယ်၊ ဖေါင်ကြီးက အညိမ်မနေဘဲ မျောသွားတဲ့အခါ သမုဒ္ဒရာထဲ ရောက်သွားတော့ သမုဒ္ဒရာ မှာရှိတဲ့ လှိုင်းတို့ လေတို့ဆိုတာ အလွန်ပြင်းထန်တယ်။ သူ့ဒိုက်သရောဖေါင်က ကြိုးကြမ်တို့ဖြင့် တုပ်ထားတာလဲ မဟုတ်တော့ အခိုင်အမာ ဘာတခုမျှ မရှိတဲ့ အတွက် လှိုင်းပုတ်မခံနိုင်ဘူး၊ လှိုင်ပုတ်မခံနိုင်တဲ့အတွက် ဒိုက်သ ရောဖေါင်ကြီးဟာ ဖရိုဖရဲ ကြဲသွားတဲ့အခါ တွယ်စရာ

အားကိုးစရာမရှိသဖြင့် ထိုယောကျ်ားဟာ သမုဒ္ဒရာထဲမှာ စုံးစုံးမြှုပ်သွားတယ်။

အကယ်၍ ထိုယောကျ်ားဟာ လမ်းလဲမမှားဘူး၊ မိုးစင်မှောင်လဲမကျဘူး၊ အကာလ ညအခါလဲ မဟုတ်ဘူးဆိုလျှင် ဒိုက်သရေပေါင်မှန်း သိကြနိုင်မယ်၊ ဒိုက်သရေပေါင်မှန်းသိရင် ပေါင်ပေါ်တက်စီးဘို့ မဆိုထားနှင့် အနီးအောင် ကပ်ရဲမှာမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုလျှင် ဒိုက်သရေပေါင်တို့ မည်သည့်မှာ အလွန်အဆိပ် ထန်လှစွာသော မြွေပွေးမြွေဟောက် ငန်းမြောက် ငန်းကျား ပါလာတတ်သဖြင့် အလွန်ကြောက်ကြတယ်၊ ကလေးများ ဒိုက်သရေပေါင်နား ကပ်သွားရင်ဘဲ မြင်ရတဲ့ လူကြီးများဟာ ဟယ်— အကောင်ကလေး ဒိုက်သရေ ပေါင်နား မကပ်နှင့်လို့ အသံ ပြာအောင် အော်ကြတယ်၊ အဲဒါ ဥပမာဘဲ။

ယခု လူများဟာ အဝိဇ္ဇာ ကြည်းဟူသော မိုးစင်မှောင်ကျ၍ လမ်းက ဘယ့်ကလောက်များ မှားနေသလဲ ဆိုရင် အနိစ္စကို နိစ္စလို့မှားတယ်၊ အသုဘကို သုဘလို့ မှားတယ်၊ အဲဒီလို အဝိဇ္ဇာမိုးစင်မှောင်ကျ လမ်းမှားနေလို့ မိမိကိုယ်မှာ ဘာဘယ်အမှန် ရှိနေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားကို မမြင်ဘဲ ဒိုက်သရေပေါင်ကြီးကို အမာခံအထင်မှားသလို ခန္ဓာ ငါးပါးကိုပင် ငါ့ကိုယ်လို့ အထင်လွဲပြီး ရဲရဲကြီး တက်စီး နေကြတာပေါ့၊ ဘာကြောင့် စီးရဲသလဲ ဆိုရင် အဝိဇ္ဇာမိုးစင်မှောင် ကျနေလို့ ဆိုတာ မှတ်ထားပါ၊ ခန္ဓာ

ငါးပါးဆိုတဲ့ ဒိုက်သရော ပေါင်ပေါ်မှာ အစဉ် ပါလာတဲ့ **လောဘ** တည်းဟူသော မြွေဆိုး, မြွေဟောက်, **ဒေါသ** တည်းဟူသော မြွေဆိုး, မြွေဟောက်, **မောဟ** တည်းဟူ သော မြွေဆိုး,မြွေဟောက်, **မာန** တည်းဟူသော မြွေဆိုး မြွေဟောက်, **ဒိဋ္ဌိ** တည်းဟူသော မြွေဆိုး, မြွေဟောက်, အဲဒီ အဆိပ်ထန် ပြင်းလှစွာသော မြွေဆိုး, မြွေဟောက် တွေကို မမြင်ရတဲ့အတွက် မိမိကိုယ်ကို ငါထင်ပြီး စီးနေ ကြတာပေါ့။

အဲ ယခုအခါမှာဆိုရင် ဝိဇ္ဇာဉာဏ်အလင်းကို ရကြ၍ ခန္ဓာငါးပါး ရုပ်နာမ်တရားကို မြင်တဲ့အပြင် ခန္ဓာပေါ်မှာ အစဉ်ပါနေတဲ့ လောဘ,ဒေါသ, မောဟ, မာန,ဒိဋ္ဌိ ဆိုတဲ့ အဆိပ်ထန်လှစွာသော မြွေဆိုး,မြွေဟောက်,ငန်းမြောက် ငန်းကျားတွေကို ဝိဇ္ဇာဉာဏ် မျက်စိနှင့် မြင်လာတဲ့အခါ ကျမှ မိမိ၏ ခန္ဓာ ဝန်ကြီး ကို အလွန် တရာ ရွံမုန်း ကြောက်ရွံ့၍ ဒီခန္ဓာငါးပါးကိုပင် အပြစ်အမျိုးမျိုး မြင်နေမှ နိဗ္ဗာန်ကို မရောက်ရောက်အောင် အားထုတ်၍ သူတပါး ကိုလဲ တိုက်တွန်းလိုတဲ့စိတ်တွေ ထင်ရှား ပေါ်ပေါက်လာ ကြတာ မဟုတ်လား၊ ဒါကြောင့် ယခုပြခဲ့တဲ့ ဥပမာ များကို ဉာဏ်ထည်းမှာ သွင်းပြီး ဝိဇ္ဇာဉာဏ် အလင်း ရအောင် ကြိုးစားကြပေတော့။

## ခန္ဓာငါးပါး

မြတ်စွာဘုရား ဟောကြားတော်မူသောပရမတ်အစစ်ခေတ် အနှစ်ဖြစ်သော ခန္ဓာငါးပါး ရုပ် နာမ် တရားဟာ ထင်ရှားရှိတယ်၊ စာထဲမှာကျက်မှတ်ထားတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားဘဲ မဟုတ်လားဆိုရင် ဟုတ်တယ်၊ ဒါပေမဲ့ စာထဲမှာရှိတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားက ဝိပဿနာ ဉာဏ်နှင့် မမြင်နိုင်ဘူး၊ တကယ် လူမှာရှိတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားမှ ဝိပဿနာဉာဏ်နှင့် မြင်နိုင်တယ်၊ လူမှာ ဆိုတော့ ဘယ်မှာရှိသလဲ၊ မျက်စိမှာရှိတယ်၊ နားမှာ ရှိတယ်၊ နှာခေါင်းမှာရှိတယ်၊ လျှာမှာရှိတယ်၊ ကိုယ်မှာ ရှိတယ်၊ မနောစိတ်မှာရှိတယ်၊ မျက်စိကရုပ်, အဆင်းက ရုပ်, မြင်သိနာမ်၊ ဒီရုပ်နာမ်နှစ်ပါးကိုဘဲ ခန္ဓာ့ဖွဲ့လိုက်ရင် မျက်စိရုပ်နှင့် အဆင်းရုပ်က ရူပက္ခန္ဓာ, မြင်သိနာမ်က နာမ်ခန္ဓာလေးပါး၊ ခံစားတတ်တဲ့ ဝေဒနာက္ခန္ဓာ, မှတ်သားတတ်တဲ့ သညာက္ခန္ဓာ, စေ့ဆော်ကြောင့်ကြတတ်တဲ့ သင်္ခါရက္ခန္ဓာ,မြင်သိလုံးက ဝိညာဏက္ခန္ဓာ, မျက်စိပေါက်က ခန္ဓာငါးပါးဖြစ်ပုံ။

ထိုနည်းတူစွာ နားပေါက်က ခန္ဓာငါးပါး ဖြစ်ပုံ၊ နှာခေါင်းပေါက်က ခန္ဓာ ငါးပါးဖြစ်ပုံ၊ လျှာ ပေါက်က ခန္ဓာငါးပါးဖြစ်ပုံ၊ ကိုယ်ပေါက်က ခန္ဓာငါးပါးဖြစ်ပုံ၊ စိတ်မနောပေါက်က ခန္ဓာငါးပါး ဖြစ်ပုံတွေကို ဉာဏ် နှင့် မြင်အောင်ကြည့်၊ ဉာဏ်မျက်စိနှင့် တကယ်မြင်ရတဲ့ ခန္ဓာ

ငါးပါး ရုပ်တရား နာမ်တရားမှ ဝိပဿနာဉာဏ် ဖြစ်နိုင်တယ်၊ အဲဒီ ခန္ဓာငါးပါး ရုပ်တရား, နာမ်တရား တို့ကို မြတ်စွာ ဘုရားက ဥပမာ အမျိုးမျိုးနှင့် ပြတာကို မှတ်သားပါ။

ဖေဏပိဏ္ဍူပမံ ရူပံ, ဝေဒနာ ပုပ္ဖုဠူပမာ၊
မရီစိကူပမာ သညာ, သင်္ခါရာ ကဒလူပမာ၊
မာယူပမဉ္စ ဝိညာဏံ, ဒေသိတာ ဒိစ္စဗန္ဓုနာ။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။

ရူပံ-ရုပ် ၂၈-ခုဟု ဆိုအပ်သော ရူပက္ခန္ဓာသည်၊ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်ပိုင်နှင့် ဥပမာတူ၏။ ဝေဒနာ–ဝေဒနာ စေတသိက်ဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာသည်၊ ပုပ္ဖုဠူပမာ-ရေပွက်နှင့်ဥပမာတူ၏။ သညာ-သညာ စေတသိက်ဟုဆိုအပ်သော သညာက္ခန္ဓာသည်၊ မရီစိကူပမာ-တံလှပ် နှင့် ဥပမာတူ၏၊ သင်္ခါရာ-ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-ဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာသည်၊ ကဒလူပမာ–ငှက် ပျော တုံး နှင့် ဥပမာတူ၏၊ ဝိညာဏံ- စိတ်ဘခုယုတ် ၈၀-ဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာသည်၊ မာယူပမံ-မျက်လှည့်နှင့် ဥပမာတူ၏။ ဣတိ-ဤသို့၊ အာဒိစ္စဗန္ဓုနာ-နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဒေသိတာ-ဟောတော်မူအပ်ပြီ။

**ရူပက္ခန္ဓာ**ပေဏပိဏ္ဍူပမံ ရုပ်ဆိုတာ ရုပ်သည့်ရေမြှုပ်နှင့် တူတယ်လို့ ဆိုတယ်၊ ရေမြှုပ်က **ဥပမာန**၊ ရုပ်က **ဥပမေယျ**၊ရေမြှုပ်ကဲ့သို့ ဆိုတာက **ဇောဘကာ**၊ရေမြှုပ်ကို ပကတိမျက်စိနှင့် မြင်အောင်ကြည့်၊ ရေမြှုပ်တို့မည်သည် မှာ ပကတိအတိုင်း ငြိမ်သက်၍ တည်မနေနိုင်ဘဲ တစီစီ တဖြုတ်ဖြုတ်နှင့် ဖြစ်ချုပ်မစဲကို တွေ့ရတယ်မဟုတ်လား၊ အဲဒီရေမြှုပ်၏ တစီစီတဖြုတ်ဖြုတ် ဖြစ်ချုပ်မစဲကို တွေ့နေရသလို မိမိ၏ ကိုယ်မှာရှိတဲ့ ရုပ်တရားတွေ ခဏမစဲ အမြဲတမ်း ဖြစ်ပျက်နေတာကို တွေ့ရတော့ ရေမြှုပ်နှင့်ရုပ် တူတယ်လို့ ဆိုတဲ့ ဥပမာ မှန်နေတာ မဟုတ်လား၊ အဲဒီလို တူတာ **ဥပမာ** ခေါ်တယ်၊ ရေမြှုပ်နှင့် ရုပ်တရား ဥပမာ တူတာကိုတော့ သိပါပြီ၊ ဘယ်လို အဓိပ္ပါယ် နားလည်ရ မလဲ ဆိုလျှင်-

**ဥပမာ** ပင်လယ် သမုဒ္ဒရာထဲမှာ အားကိုးစရာ မရှိသော ယောကျ်ားဘယောက်သည် ရေမြှုပ်စိုင် ရေမြှုပ်ခဲကို အာမခံအားကိုးလောက်တယ်လို့ အထင်မှားပြီး ရေမြှုပ်စိုင်ကို တွယ်တယ်၊ရေမြှုပ်စိုင်က ဖြစ်ပျက်မစဲ ဖြစ်သောကြောင့် အတွယ်မခံဘူး၊အတွယ်မခံဘော့ ထိုယောကျ်ားဟာ သမုဒ္ဒရာထဲမှာ စုံးစုံးမြုပ်သွားရတယ်၊ အကယ်၍ထိုယောကျ်ားဟာရေမြှုပ်စိုင်ကြီးသည် အမာခံ မဟုတ်ဘူး မခိုင်မြဲဘူး ဆိုတာသိရင် ကောန် မတွယ်ရဲဘူး၊ မတွယ်ရဲလို့ ရှိရင် သမုဒ္ဒရာထဲမှာ မြုပ်ရမှာ မဟုတ်ဘူး၊ ယခု

ဘာပြုလို့ ဖြစ်ရသလဲ၊ ခိုင်မြဲတယ် အထင်မှားလို့ တွယ်မိ၍ သမုဒ္ဒရာထဲမှာ မြုပ်ရတယ်၊ အဲဒါ ဥပမာဘဲ။

ယခုဏ်ကြတဲ့ သတ္တဝါတွေဟာ မိမိခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရားဟာ အခိုင်အမြဲ မဟုတ်သည်ကို အဝိဇ္ဇာ ဖုံးနေသဖြင့် ခိုင်တယ် မြဲတယ်ဟု အထင်လွဲကာ ငါ့ကိုယ်ထင်နေ၍ သံသရာထဲမှာ တမြုပ်ထဲမြုပ် တနစ်ထဲနစ် နေကြတာပေါ့၊ ယခုလိုဝိပဿနာဉာဏ်ကို ရ၍ ဖြစ်ပျက်မစဲဆိုတဲ့ ရုပ်တရားကြီးကိုတွေ့နေရတော့ မတွယ်ရဲဘူး၊ မလိုချင်ဘူးဆိုရင် သံသရာမှာ မမြုပ်ဘဲ နိဗ္ဗာန်ကို အမှန်ကူးရမှာပေါ့။ ဒါကြောင့်—

ရူပံ ဧါရုပ်—ရေမြုပ်ပမာ,
အနိစ္စဘဲ—မမြဲမှန်စွာ၊
မကောင်းဘဲမို့—ဆင်းရဲဒုက္ခာ,
အနတ္တ—မှတ်ကြ ကေန်သ ာ။

**ဝေဒနာက္ခန္ဓာ** ဟာ ရေပွက်နှင့် တူတယ်၊ ရေပွက်ဆိုတာ ခဏခြင်း ဖြစ်ပျက်နေတာဘဲ၊ အဲဒီလို ရေပွက်ဖြစ်ပျက်မစဲ နေသလို ဝေဒနာ ခံစားမှုကလေး တွေဟာ အမှန် ဖြစ်ပျက်နေတာ။

**ဥပမာ** မှာ စိတ်မနှံ့သောသူရူး သူနှမ်းဟာ လေငြိမ်နေတဲ့အခါ အိုင်ထဲမှာ မိုးသည်းရွာ ချလိုက်တော့ မိုးသီးပေါက်ကလေးတွေ ကျကျလာတော့ ရေပွက်

ကလေး တွေ ပေါ်လာတယ်၊ အဲဒီ ရေပွက်ကလေးတွေကို ကြည့်နေသော သူရူး သူနှမ်းဟာ များစွာဘဲ နှစ်သက်တယ်၊မိုးယမ်းစဲလို့ ရေပွက်ငယ်ကလေးတွေ ပျောက်သွားရင် သူမနေတတ်တော့ဘူး၊ ဒီတော့ ဘာလုပ်သလဲ ဆိုရင် အိမ်ကျတဲ့ အခါ အင်တုံထဲကို ရေထည့်ပြီး လက်ကလေးနှင့် လှုပ်ကြည့်တော့ ရေပွက် ကလေးတွေ ထလာတယ်၊ ဒီတော့မှ သူ့မှာ နေလို့ ထိုင်လို့ ရတယ်၊ အဲဒါ ဥပမာဘဲ။

ယခု လူတွေဟာလဲယခုပြောခဲ့တဲ့ သူရူးလိုဘဲ၊ မျက်စိအရသာခံစားတဲ့ ဝေဒနာ,နားအရသာခံစားတဲ့ ဝေဒနာ, နှာခေါင်းအရသာခံစားတဲ့ဝေဒနာ, လျှာအရသာခံစားတဲ့ ဝေဒနာ, ကိုယ်အရသာခံစားတဲ့ ဝေဒနာ, မနောအရသာခံစားတဲ့ဝေဒနာ,အဲဒီဝေဒနာခံစားမှုတွေဟာမျက်တောင်ခတ်မျှ ငြိမ်ပြတ်တာမရှိဘဲ ထပ်ခါထပ်ခါခံစားချင်တဲ့ဟာ ဘာလဲ သူရူးနဲ့ တူလို့ပေါ့ ဥပမာ ပွဲကြည့် သွားတဲ့အခါ အောင်မယ် အဆင်းကလေးကလှလိုက်ထာ,အသံကလေးက ကောင်းလိုက်ထာ,အကလေးက ကောင်းလိုက်ထာနှင့် ဆိုပြီး သာယာနေကြတယ် မဟုတ်လား၊ ကိုင်း-ပွဲပြီးလို့ မီးငြိမ်းရင်ဘာများရှာရသေးသလဲ ဘာမျှရှာမရတော့ဘူး၊ ဒါတောင် အိမ်ကျတော့ ခဏ-ခဏ ဖေါက်သည်ချပြီး ပြောနေကြတယ်မဟုတ်လား၊ ဒါကြောင့် မြတ်စွာဘုရားက ဝေဒနာက္ခန္ဓာဟာ ရေပွက်နှင့် တူတယ်လို့ ဆိုတာပေါ့၊

ဝေဒနာစက်–ရေပွက်ပမာ,
အနိစ္စဘဲ–မမြဲမှန်စွာ၊
မကောင်းဘဲမို့–ဆင်းရဲဒုက္ခာ,
အနတ္တ–မှတ်ကြကေန်သာ။

**သညာက္ခန္ဓာ**-ဟာ တံလှပ်နှင့်တူတယ်၊ တံလှပ်ဆိုတာက ဘာကိုခေါ်သလဲဆိုရင် တပေါင်းတန်ခူး နေကြပ်ကြပ်ပူတဲ့အခါ နေရှိန်ကြောင့် မြေကအခိုးအငွေ့တွေထွက်လာတော့ နေရောင်နှင့် အခိုးဟပ်မိတဲ့အခါ နေရောင်ခြည် တံလှပ်ဟာ ရေပြင်ကြီးလို့ ထင်ရတယ်၊ တပေါင်းတန်ခူး အိုင်တွေမှာ ရေခန်းနေလို့ တောသမင်ရိုင်းများဟာ ရေငတ်လို့ ရေရှာကြတော့ ရေခန်းနေတဲ့ အိုင်လည်မှာ တံလှပ်တွေ ထွက်နေတာ မြင်တော့ တံလှပ်ကို ရေထင်မှား၍ သောက်ချင်တဲ့ **သောတဏှာ**နှင့် လိုက်သွားတဲ့အခါ ရေကိုကား မသောက်ရဘဲ ဘုံးဘုံးသား လဲသေရတယ်၊ တံလှပ်တို့မည်သည်မှာ အဝေးကသာ မြင်ရတယ်၊ အနီးကျရင် ပျောက်သွားဘာဘဲ၊ အဲဒါ ဥပမာဘဲ။

ယခု လူတွေဟာ အနိစ္စကို နိစ္စလို့ အမှတ် မှားတယ်၊ ဒုက္ခကို သုခလို့ အမှတ် မှားတယ်၊ အနတ္တကို အတ္တလို့ အမှတ်မှားတယ်၊ အသုဘကို သုဘလို့ အမှတ်မှားတယ်၊ အဲဒါဘာ့ကြောင့်လဲ အဝိဇ္ဇာတန်းခိုးပေါ့၊ တောသမင်ရိုင်းဟာ ရေမဟုတ်သော တံလှပ်ကိုရေထင်မှား၍ ရေကိုကား မသောက်ရဘဲ၊ သေကြေ ပျက်စီးရသလို, အနိစ္စ, ဒုက္ခ, အနတ္တ,အသုဘ ကို နိစ္စ, သုခ, အတ္တ, သုဘဟု ထင်မှတ်၍

လောကကြီး တချောက်မှာ ပျက်စီးကြရတာ၊ ဒါကြောင့် ဖြတ်စွာဘုရားက သညာက္ခန္ဓာသည် တံလျှပ်နှင့်တူတယ်လို့ ဥပမာပြတယ်။

သညာနာမ်ခေတ်–တံလျှပ်ပမာ,
အနိစ္စဘဲ–မမြဲမှန်စွာ၊
မကောင်းဘဲမို့–ဆင်းရဲဒုက္ခာ,
အနတ္တ–မှတ်ကြငြကန်သာ။

**သင်္ခါရက္ခန္ဓာ**-သည် ငှက်ပျောတုံးနှင့် ဥပမာတူတယ်တဲ့၊ အဲဒီဥပမာဟာဖြတ်စွာဘုရားကိုယ်တိုင်ပြတဲ့ဥပမာဘဲ၊ ငှက်ပျောတုံး ဆိုတာ အနှစ်သာရ အမာခံ မရှိဘူး၊ အနှစ်အမာခံ မရှိတာကို ခိုင်တယ်၊ မြဲတယ်၊ အနှစ်အမာခံ ရှိတယ်လို့အောက်မေ့ပြီး ပင်လယ်သမုဒ္ဒရာတဘက်ကမ်းကို ကူးလိုသော ယောကျ်ားတယောက်ဟာ ငှက်ပျောတုံးကို ဖေါင်ဖွဲ့ပြီး သူလိုချင်တဲ့ ဝန်တွေ တင်ထားတာဘာ ကျောက်ခဲနှင့် သံတုံးချည်းဘဲ၊ အဲဒီသံတုံး ကျောက်ခဲတွေ အလေးတင်ပြီး သမုဒ္ဒရာကို ကူးတယ်၊ သမုဒ္ဒရာမှာ ရှိတဲ့ လှိုင်းတို့ လေတို့ဆိုတာက အလွန်ပြင်းထန်တယ်၊ သူ့ရဲ့ ငှက်ပျောဖေါင်က နဂိုယ်မူလက အနှစ်သာရ အမာခံ မဟုတ်တော့ လှိုင်းပုတ်မခံနိုင်ဘူး၊ လှိုင်းပုတ်မခံနိုင်တော့ ငှက်ပျောဖေါင်ကြီး ဖရိုဖရဲကြဲပြီး ပျက်စီးသွားတာပေါ့၊ ဒီလိုဖေါင်ကြီး ပျက်စီးသွားတော့ သူတင်ထားတဲ့ ဝန်တွေက ကျောက်ခဲနှင့် သံတုံးချည်းဆိုတော့ ဘာတခုမျှ မပေါ်ဘဲ သမုဒ္ဒရာထဲမှာ စုံးစုံးမြုပ်သွားတာပေါ့။

အကယ်၍ ထိုယောကျ်ားဟာ မူလက ဒိုင်ငှက် ပျောဖေါင်မှာ အနှစ်သာရ အမာခံမရှိဘူး မခိုင်မြဲ ဘူးလို့ ထင်ရင် ဘယ်လိုနည်းနှင့်မျှ မပေါ်နိုင်တဲ့ ကျောက်ခဲ သံတုံးတွေ တင်ပြီး သမုဒ္ဒရာကို သူ ကူးရဲမှာမဟုတ်ဘူး၊ ဘာကြောင့်သူငှက်ပျောဖေါင် ကြီးနှင့် ကျောက်ခဲ သံတုံးတွေတင်ပြီး ကူးရဲသလဲ ဆိုရင် မသိလို့မဟုတ်လား၊ အဲဒါဥပမာ။

ယခုလူတွေဟာ မိမိတို့ကိုယ်၌ သဒ္ဓါရက္ခန္ဓာ ဆိုတာ အဘယ်နေရာမှ အခိုင်အမြဲ အနှစ်သာရ အမာခံမရှိတာကို ခိုင်တယ် မြဲတယ်အမှတ်ထားပြီး ငါ့ကိုယ်ဟူသော အမှတ် နှင့် မိမိကိုယ်ကို အားကိုးလောက်တယ် အထင်ရောက်ပြီး တင်လိုက်တဲ့ ဝန်တွေ ကြည့်လိုက်စမ်း ဘာတွေလဲ **လောဘ** ဆိုတဲ့သံတုံး ကျောက်ခဲတွေ, **ဒေါသ** ဆိုတဲ့ သံတုံးကျောက်ခဲတွေ, **မောဟ**ဆိုတဲ့ သံတုံး ကျောက် ခဲတွေ, **မာန** ဆိုတဲ့ သံတုံး ကျောက် ခဲတွေ, **ဒိဋ္ဌိ** ဆိုတဲ့ သံတုံး ကျောက်ခဲတွေ ခန္ဓာ့ဂန် ပေါ်မှာ တင် ထားလိုက်တာတွေ ကြည့်စမ်း ညာဏ်မျက်စိနှင့် မြင် အောင်၊ ဘာကြောင့် ဤမျှလောက်ကြီးလေးတဲ့ဝန်တွေကို တင်ရဲသလဲဆိုတာ ငါ့ကိုယ်ဟာ ခိုင်မြဲတယ်လို့ အထင်လွဲ ပြီး တင်ရဲတာ မဟုတ်လား၊ ယခုနေအခါ ဒီမပေါ်နိုင်တဲ့ ဝန်တွေတင်ပြီး သံသရာပြင်မှာ ကူးလိုက်ရင် ဘယ်တော့ ပေါ်နိုင်အုံးမလဲ ဆိုတာ စဉ်းစားကြည့်ကြ၊ ဒါကြောင့် မြတ်စွာဘုရားသခင်က သဒ္ဓါရက္ခန္ဓာဟာ ငှက်ပျောတုံး

နှင့်တူတယ် အခိုင်အမြဲ အမာခံ မဟုတ်ဘူးလို့ ဟော
တာပေါ့။

သခါရကျွော-ဌက်ပျောပမာ,
အနှစ်ကွာတဲ-မမြဲမှန်စွာ၊
မကောင်းဘဲဖို-ဆင်းရဲဒုက္ခာ,
အနတ္တ-မှတ်ကြဲကောန်သာ။

**ဝိညာဏက္ခန္ဓာ**-သည် မျက်လှည့်နှင့် တူတယ်လို့ဆို
တော့ ကိုင်း ဒါယကာ ဒါယိကာမများ စဉ်းစားကြည့်၊
မျက်လှည့်ဆိုတာ ဘယ်နည်းနှင့်မှ ဟုတ်မှန်တာ မဖြစ်နိုင်
ဘူး၊မဟုတ်ထာ အဟုတ်ထင်အောင်လိမ်မှာဘဲ၊ဒါကြောင့်
မြတ်စွာဘုရားက ဝိညာဏ်ဟာ မျက် လှည့်နှင့်တူတယ်လို့
ဟောတော်မူတာ။

စိတ်သည် ဉာဏ်သ်-အသိနှစ်တန်,
စာပို့ရထား-ဘအားခုတ်မြန်၊
သစ်ပင်တောင်တော-ပြေးသောအဟန်,
စိတ်မှာသိ-ဉာဏ်သိ အဟုတ်မှန်။

စာပို့ရထားကြီး ခပ်မြန်မြန် ခုတ်သွားတဲ့အခါ ရထား
စီးတဲ့ လူတွေဟာ ခပ်လှမ်းလှမ်းက တောတောင်သစ်ပင်
တွေ ချာချာလယ်ပြီး လိုက်နေတယ်လို့ ထင်ရတယ်
ဒါစိတ်ကထင်တာ၊ တကယ်ဉာဏ်နှင့် ဆင်ခြင်ကြည့်ရင်
တောတောင် သစ်ပင်ကပြေးတာ မဟုတ်ဘူး၊ မီးရထား
ပြေးနေတာကိုသိရတယ်၊ ဒါတင်မကသေးဘူး-

**ဥပမာ** ငှက်ပျောရွက်ကို အထပ်တရာလောက် ပတ်ပြီး မြေကြီးမှာ ချထား၊ ဒါး ထက်ထက်နှင့် ချတ် လိုက်ရင် တကြိမ်တည်းနဲ့ ပြတ်သွားတော့ တပြိုင်တည်း ပြတ်သွားတယ် လို့ စိတ်က ထင်တယ်၊ ဉာဏ် နှင့်ကြည့်၊ တထပ်ပြီးမှ တထပ် ပြတ်တာကို သိရတယ်။

ဒါကြောင့် မိုးညှင်းဆရာတော်ကြီးကလဲ "မီးစက်ဝန်း နှယ်၊ သဲကြောင်းသွယ်သို့၊ ရှေ့ပြယ်နောက်ထပ်၊ စဉ်မပြတ်၊ မှတ်လေ သန္တတိ"လို့ ဆိုတယ်၊ မီးစက်ဝန်းဆိုတာ လူ တယောက်က မှောင်ထဲမှာ မီးစတစကိုကိုင်ပြီး ခပ်မြန်မြန် မွှေ့လိုက်တဲ့အခါ ခပ်လှမ်းလှမ်းက ကြည့်နေတဲ့ လူက **မီးစက်ဝိုင်းကြီး** လို့ ထင်ရတယ်၊ တကယ်အမှန်က မီးစ တစထဲရယ်၊ မီးစဟာ အထက် ရောက်ရင် အောက်မှာ မရှိဘူး၊ အောက်ရောက်ရင် အထက်မှာ မရှိဘူး၊ တောင် ရောက်ရင် မြောက်မှာမရှိဘူး၊ မြောက်ရောက်ရင် တောင် မှာ မရှိဘူးဆိုတာ ဉာဏ်အားဖြင့် အမှန် သိနိုင်တယ်၊ သဲကြောင်းသွယ်ဆိုတဲ့စကားက—

**ဥပမာ**—ဆာလာ ဇိတ်ထဲမှာ သဲတွေ အပြည့်ထည့်၊ အောက်က လက်မလုံးလောက် အပေါက်ဖေါက် ထား၊ သဲဇိတ်ကို မြောက်ပြီး ဆွဲလိုက်ရင် အပေါက်က ထွက်ကျတဲ့ သဲတွေဟာ **သဲ**လုံးချင်း ထပ်ပြီး အဆက်မပြတ် ကျလာတော့ မြင်ရတဲ့ လူက သဲကြောင်းကြီးထင်နေတာကို မြင်ရတယ်။

ဒီသဲဇိတ်ကို မြောက်ဘက်က တောင်ဘက်ကို ဆွဲလာရင် သဲကြောင်းကြီး အတန်းလိုက် ပါလာ တယ်လို့ ထင်ရတယ်၊ တကယ်ဆိုတော့ မြောက် အရပ်က သဲတွေ တောင်အရပ်ကို မည်သည့် နည်းနှင့်မျှ ပါမလာနိုင်ဘူးဆိုတာ ဉာဏ်နှင့်ကြည့် လျှင် သိနိုင်တယ်။

အဲဒီ ဥပမာအတိုင်း ယခု ယောဂီများဟာ ထိုင်လျက် တရားအားထုတ်နေတဲ့အခါ ဖြစ်ပေါ်သမျှ ရုပ်တရားတွေ ဟာ ဖြစ်တဲ့နေရာမှာဘဲချုပ်ပျောက်သွားတာကိုသိရတယ်၊ ထိုင်နေတဲ့အခါ ဖြစ်ပေါ်လာသော ရုပ်တရား နာမ်တရား တွေဟာ ထရာနောက် မလိုက်ဘူးဆိုတာ ဉာဏ်အားဖြင့် အမှန်ကို သိကြရတယ်၊ ခြေလှမ်းသွားလာတဲ့ အခါမှာလဲ တဖဝါးမျှ ရွေ့၍မလိုက်ဘူးဆိုတာ အမှန်သိလျက်သားနှင့် အမှတ်မဲ့နေလိုက်ရင် စိတ်ဝိညာဏ်က ဇိုပ်နေတုန်းကလဲ ငါ၊ ထသွားတာကလဲ ငါလို့ အမှတ်မဲ့ ထင်တတ်တယ်၊ ဒါကြောင့်ဉာဏ်ကို အခါခပ်သိမ်း လက်မလွှတ်ရအောင် မီးစက်ဝန်းပမာ သဲကြောင်းပမာကဲ့သို့ **သန္တတိ** အစဉ် မပြတ် ဖြစ်ပျက်နေကြောင်းကို သိရမယ်လို့ဆိုတယ်။

မျက်လှည့်နှင့် တူတယ်ဆိုတဲ့ ဥပမာမှာ မျက်လှည့် ဆရာတယောက်က လူတယောက်ကို မဟုတ်တာကို အဟုတ်ထင်အောင် မျက်စိကို ဘယ်လို လှည့်လိုက်သလဲ ဆိုရင် တခေါင်းတောကြီးကို နှင် ရွှေတော ထင်ရမယ် ဆိုပြီး မျက်စိကို လှည့်စားလိုက်တော့ ထိုသူ့စိတ်ထဲမှာ

ဘာဖြောင်းတောကို ရွှေတောလို့ အထင်မှားပြီး ဒီတာသက်ငါ့ သားမယားနှင့် စားလို့မကုန်နိုင်ဘူးလို့ အထင်ရောက်ပြီး ဝမ်းမြောက်နေတယ်၊ တနေ့ကျတော့ သားသမီး သားမယားများကို ပုတီး လက်ကောက် လုပ်ပေးမယ်လို့ တဖြောင်းကိုင်းကြီးကို ရွှေကိုင်းမှတ်လို့ ချိုးပြီး ပန်းထိမ်ဖိုမှာ သွားအပ်တယ်၊ ပန်းထိမ်သည်က မီးဖိုထဲချလိုက်တော့တခါထဲ ပြာကျသွားတယ်။ ဒီတော့ ပန်းထိမ်သည်က ခင်ဗျားဟာ ရွှေမဟုတ်ပါဘူး တဖြောင်းပါလို့ လက်ညှိုးထိုးပြီး ပြလိုက်တော့၊ ထိုသူက ကျုပ်ဟာ ခင်ဗျားရဲ့ မီးဖိုထဲ ကျလို့သာ တဖြောင်းဖြစ်ရတယ်၊ ကျုပ်အပင်က ရွှေပင်ဘဲလို့ ခံငြင်းတယ်၊ ဒီတော့မှ လူတယောက်က ဒီလူဟာ အမှားကြီး မှားနေတယ်၊ ငါသိအောင် ပြမယ်ဆိုပြီး ဒီဗ္ဗစက္ခုမျက်မှန်ကို မျက်စိမှာတပ်ပြလိုက်တော့မှ ကြည့်လိုက်တဲ့ အခါ တဖြောင်းတောကြီးကို သေသေချာချာ မြင်ရတယ်၊ ငါ အစက ရွှေတောကြီး မှတ်နေတာ၊ ခုမှ တဖြောင်းတောကြီးမှန်း သိတယ်၊ တဖြောင်းတောမှန်း သိရတော့ မနေရဲတော့ဘူး၊ ဘာကြောင့်လဲ ဆိုတော့ တဖြောင်းတို့ မည်သည်မှာ အစေးကလဲပူ၊ ဆူးကလဲ အဆိပ်ပြင်းတော့ တဖြောင်းတောထဲမှာ မနေရဲတော့ဘူး၊ တဖြောင်းတောထဲမှာ မနေရဲတော့မှ တဖြောင်းတောက လွတ်အောင် ပြေးရတယ်၊ ဆဲဒါ-ဥပမာဘဲ။

ယခု လူများဟာ မိမိတို့ရွာမှာ အတူတကွ နေကြတဲ့ အလွန်ခင်မင်ရင်းနှီးသောမိတ်သင်္ဂဟာများရှိကြတယ်၊ဆဲဒီ

ခင်မင် ရင်းနှီးတဲ့ မိဆွေ သင်္ဂဟတွေ ထဲက ဖြုတ်ဆို တယောက် သေသွားတယ်၊ ဒီလို သေတာနဲ့ တပြိုင်နက် အိမ်မှာလဲ မထားနိုင်တော့ဘူး၊ ရွာကလဲ လက်မခံနိုင် တော့ဘူး၊ ဒါကြောင့် ကိုယ်တိုင်ကိုယ်ကျ သုသာန်လိုက်ပို့ ရတယ်၊သုသာန်ကျတော့ ဒီလူကောင်ဟာ လုံးလုံး အသုံး မကျလို့ တွင်းထဲမြှုပ် မီးရှို့ပစ်ရတယ်၊ အဲဒါ ကိုယ်တိုင် အသိဘဲ၊ ဒါတောင် ရွာက လူတွေ ပြန်ကြည့်လိုက်တော့ အကုန်လုံး အကောင်းချည်းထင်နေကြတယ် မဟုတ်လား၊ အဲဒီ အလိမ်ကို ပြေအောင် **ဝိဇ္ဇာဉာဏ် မျက်မှန်** နှင့် ယခု တပ်ကြည့်လိုက်တဲ့အခါမှာ မိမိရဲ့ကိုယ်မှာ ရုပ်နာမ်အဖြစ် အာဒီနဝနှင့်တကွ တလောကလုံး အဖြစ်ကို မြင်မှ ဒုက္ခ နယ်ပယ်က လွတ်လိုတဲ့ စိတ်မျိုးနှင့် ဝဋ်သုံးပါးမှ ထွက် အောင် အားထုတ်ကြမှာ၊ ဒါကြောင့် ဝိဇ္ဇာဉာဏ် ဟာ မျက်လှည့်သမား လူလိမ်လို့ဆိုတာ။

ဝိဇ္ဇာဉာဏ်လက်ဖွဲ့-မျက်လှည့်ပမာ,
အနိစ္စဘဲ—မမြဲမှန်စွာ၊
မကောင်းဘဲမို့-ဆင်းရဲဒုက္ခာ,
အနတ္တ-မှတ်ကြ ဧကန်သာ။

---

## အတွင်းခေတ်နှင့် အပြင်ခေတ်

ဝိပဿနာ အလုပ်ကို အားထုတ်ကြသော ယောဂီ ပုဂ္ဂိုလ်များ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်,အမြင်သန်

လာတဲ့ ပုဂ္ဂိုလ်များဟာ ဘဂ်, ဘယ, အာဒီနဝ စသော ဉာဏ်မျိုး မြင်လာအောင် ဥပမာဘယ်လို ဆောင်ပြသလဲ ဆိုလျှင် မိမိ၏အတွင်း အဇ္ဈတ္တသဘာန်မှာ တကယ်ရှိနေတဲ့ အတွင်းခေါတ် (၆) ပါး၊ ဗဟိဒ္ဓသဘာန်မှာ ရှိတဲ့ အပြင်ခေါတ်(၆)ပါးကို အပြစ်မမြင်မြင်အောင် ဥပမာမှာအတွင်း ခေါတ် (၆) ပါးက **ရွာဆိုးကုန်းရွာပျက်ကြီး** နှင့်တူတယ်၊ အပြင်ခေါတ် (၆) ပါးကလူဆိုး ထားပြနှင့် တူတယ်လို့ ဆိုတယ်၊ အတွင်းခေါတ် (၆) ပါးက ဘယ်သူလဲဆိုလျှင် မျက်စိခေါတ်,နားခေါတ်,နှာခေါင်းခေါတ်, လျှာခေါတ်,ကိုယ်ခေါတ်, မနောခေါတ်, ဤခေါတ် (၆)ပါးကို အတွင်းခေါတ်လို့ ခေါ်တယ်၊ အပြင်ခေါတ် (၆) ပါးက အဆင်းခေါတ်, အသံခေါတ်, အနံ့ခေါတ်, အရသာခေါတ်, အတွေ့ခေါတ်,သဘောခေါတ်, ဤဒီခေါတ် (၆) ပါးဘဲ၊ အတွင်းခေါတ် (၆) ပါးက ရွာဆိုးကုန်းကြီး,ရွာပျက်ကြီးနှင့်ဘယ်လိုတူသလဲဆိုလျှင် အရှာ အဖွေ အကြံ အစည်နှင့် သွား သော ခရီး သွားယောကျ်ား များဟာ လမ်းခရီးမှာ စားနပ် ရိက္ခာ ပြတ်၍ အလုပ် အကိုင် အကြံအဖန် မတွဲဘဲ သွားကြတဲ့ အခါ တော်တော် ခပ်လှမ်းလှမ်းမှာ ညို့ညို့ဆိုင်းဆိုင်းမှိုင်းမှိုင်း အုံ့အုံ့ဖြစ်နေတဲ့ ရွာကြီးတရွာကိုတွေ့တယ်၊ ဒီလိုတွေ့တဲ့ အခါမှာ ရှေ့ကမြင်တဲ့ရွာဟာ အလွန်ကြီးတဲ့ရွာ ဒီရွာကို ရောက်ရင်ဖြင့် စားရန်သောက်ရန် ရကောင်း ရလိမ့်မယ်၊ အလုပ်အကိုင် အကြံအဖန်များလဲ တွေ့ကောင်း တွေ့လိမ့်မယ်လို့ပြောပြီး ဝမ်းမြောက်ဝမ်းသာ သွားကြတယ်။

ဍ္ဍသ္မာသယ ၁၆၅–၅

ရွာကြီးရောက်တဲ့ အခါကျတော့ အိမ်ခြေများတဲ့ ရွာတော့ ရွာကြီးဘဲ၊ သို့သော်လဲ လူတယောက်မျှ မရှိဘူး၊ ရွာပျက်ကြီး, ရွာသိုးကုန်းကြီး ဖြစ်နေတယ်၊ စားရန် သောက်ရန် ရှာဖွေကြတဲ့အခါမှာ စားရန် သောက်ရန် ဘာတခုမျှမရှိဘူး၊ အိုးကွဲခွက်ကွဲနှင့် တောင်းစုတ် ပလုံးစုတ်ကလွဲပြီး ဘာတခုမှမရှိဘူး၊အဲဒီထဲမှာပါလာတဲ့ ပညာရှိများ စဉ်းစားကြည့်တဲ့အခါ၊ ဒီရွာဟာ လူနေ အိမ်ခြေများပါလျက်နှင့် လူကလဲ တယောက်မျှမရှိဘူး၊ စားရန် သောက်ရန်လဲ ဘာမျှမရှိဘူး၊ ကောန်မုချ အန္တရာယ်တခုခုတော့ ရှိပြီလို့စိတ်ထဲမှာ တွေးပြီကြက်သီးတွေတဖြန်းဖြန်းနှင့် အလွန်တရာ ကြောက်ပြီး အိမ်ပေါ်မှာလဲ မနေရဲ၊ သစ်ပင်အောက်လဲ မကပ်ရဲဖြစ်ပြီး ရွာကြီးမှာ မနေရဲတာနှင့် ရွာကြီးကိုစွန့်ပြီး ပြေးတယ်၊ မလိမ္မာ ပညာမဲ့တဲ့သူများက ရွာမှာတော့ လူမရှိဘူး၊ဒါပေမဲ့ဒီ ဟာ ခရီးပန်းလာတယ်၊ တညတော့ အိပ်အုံးမှဆိုပြီး အိပ်ကြတယ်၊ ညအခါကျတော့ မိစ္ဆာသူရဲ ဘီးလူးတွေလာပြီး အသားအသွေးတွေကိုစားသွားတာ အရိုးဖွေးဖွေး ဖြစ်ကျန်ရစ်ကြတယ်၊ အဲဒီ ရွာသိုးကုန်းကြီး, ရွာပျက်ကြီးဟာ လာသမျှ ဘာကိုမှ မလပ်အောင် ဖမ်းစားနေတဲ့ ရွာကြီး ဖြစ်တယ်၊ အဲဒါ ဥပမာဘဲ။

မိမိတို့ကိုယ်မှာရှိတဲ့မျက်စိ,နား, နှာခေါင်း,လျှာ,ကိုယ်, မနောစိတ် အတွင်းခတ် (၆)ပါးကို ငါလို့တကယ်တမ်း **အစွဲအမြဲ** စွဲလမ်းပြီးနေသောသူများကို ထိုခတ်(၆)ပါးကို

မှီ၍ ဖြစ်ပွါးနေသော **လောဘ** တည်းဟူသော ဘီလူး, **ဒေါသ** တည်းဟူသော ဘီလူး, **မောဟ** တည်းဟူသော ဘီလူး,**တဏှာ**,**မာန**,**ဒိဋ္ဌိ**ဆိုတဲ့ ဘီလူးတွေက အမြဲမပြတ် စားသောက်နေခြင်းကို ခံစားနေရတယ် မဟုတ်လား၊ ယခု အခါ ဘုရားသာသနာနှင့် ကြုံလာလို့ ဝိဇ္ဇာဉာဏ် အလင်း ရတဲ့အခါ ရွာဆိုးကြီးမှန်းအမှန်သိ၍ မနေရဲသလို ဒီခေတ် (၄) ပါး၏ အပြစ်အာဒီနဝများ မြင်ပြီး ခေတ် (၄) ပါးက လွတ်မှသာလျှင် **တဏှာ**ရန်သူဘေးမှ မုချလွတ်ကြရမည် ဟု မှတ်ကြပါ။

အပြင်ခေတ် (၄)ပါးက **လူဆိုးထားပြ** ကဲ့သို့တူတယ် ဆိုတာ ဘယ်လိုတူသလဲဆိုရင် လူဆိုး ထားပြများဟာ တောထဲမှာ အစုလိုက် အစုလိုက် အသိုက် အအုံဖွဲ့ပြီး ရွာမှာ ဝင်တိုက်ကြတယ်၊ ထိုထားပြများဟာ ရွာတိုင်း ရွာတိုင်း တိုက်နိုင်သလားဆိုရင်ရွာတိုင်းကိုမတိုက်နိုင်ဘူး ဘယ်လို ရွာများကို သူတို့ တိုက်နိုင်သလဲ ဆိုရင်၊ ကင်း မစောင့်တဲ့ရွာ၊ အစိုးရ အစောင့် အရှောက် ကင်းတဲ့ရွာ၊ ရွာတံခါးမလုံခြုံတဲ့ ရွာများကို အမြဲဝင်ပြီး အိမ်ပေါ်တက်၊ ရှိသမျှရွှေ,ငွေ,ကျောက်သံ ပတ္တမြားတွေနှင့်တကွ စားရန် သောက်ရန် ပစ္စည်းများကို အကုန်လုံးလုယက်ဖျက်ဆီးပြီး ယူသွားတာဘဲ၊ အကယ်၍ ရွာတံခါးလုံခြုံမယ် ကင်းစောင့် နေမယ် အစိုးရများ စောင့်ရှောက်နေမယ်ဆိုရင် မဝင်နိုင် ကြဘူး၊ အဲဒါ ဥပမာဘဲ။

မိမိတို့ကိုယ်မှာရှိတဲ့ တံခါးက ၆-ခုရှိတယ်၊ အဲဒီတံခါး ၆-ခုက အစောင့်အရှောက်ဖြစ်တဲ့ ဝီရိယ,သတိ, သမာဓိ, ပညာ ဆိုတဲ့ တံခါးစောင့်ကို အမြဲထားရတယ်၊ အဲဒီတံခါး ၆-ခုဆိုတဲ့ **ဒွါရ ၆-ပေါက်** က အစောင့်အရှောက်မရှိဘဲ လွှတ်ထားလိုက်မယ်ဆိုရင် **အာရုံ ၆-ပါး** က ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်ပြီး **ကိလေသာဘီလူး** တွေ ဖမ်းစားခြင်းကို အမြဲခံနေရမယ်၊ ဒါကြောင့် အပြင်ခေတ် (၆)ပါးကလဲ အလွန်ကြောက်စရာကောင်းတဲ့ ထားပြ လူဆိုးနှင့်တူတယ်လို့ ဥပမာပြတာ၊ ဤဥပမာ အတိုင်း မိမိ ခန္ဓာကိုယ်ကို မြင်အောင်ကြည့်ပါ။

ယောဂီပုဂ္ဂိုလ်များ မိမိခန္ဓာကိုယ်မှာ တကယ် အစစ်အမှန်ရှိတဲ့ ရုပ်တရား နာမ်တရားများကိုဝိဇ္ဇာဉာဏ်မျက်စိဖြင့် မြင်မမြင်၊ မိမိကိုယ် အဇ္ဈတ္တ သန္တာန်မှာ တကယ်အမှန်ရှိတဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့၏ ဖြစ်မှု ပျက်မှု တရားကို တကယ်သိမသိ၊ ဤပါဠိ၏ ဥပမာနှင့် စံထိုးကြည့်ဘို့—

အဒ္ဒသနတော အာယန္တိ,
ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ,
ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

နိဒ္ဒေသပါဠိတော်။

လျှပ်စစ်ရောင်က ဥပမာ, ရုပ် နာမ်က ဥပမေယျ၊ လျှပ်စစ်ရောင်ကဲ့သို့ ဆိုတာက ဇောတက၊ လျှပ်စစ်ရောင်မှာ ပစ္စုပ္ပန် သက်သက်သာ ဖြစ်တယ်၊ လျှပ်စစ်ရောင်

မလာက်မီ **အနာဂတ်** ကာလမှာ လုံးလုံးမရှိဘူး၊ လျှပ်စစ်ရောင် လက်ပြီးနောက် ပျောက်ဆုံးသွားသော **အတိတ်** ကာလမှာလဲ လျှပ်စစ်ရောင်မရှိဘူး၊ ထိုလျှပ်စစ်ရောင်ဟာ အတိတ်နှင့် အနာဂတ်မှာ မရှိဘဲ ပစ္စုပ္ပန် သက်သက်သာ ရှိသလို မိမိထံမှာ တကယ်ရှိတဲ့ ရုပ်နာမ်ခန္ဓာဟာအတိတ်နှင့်အနာဂတ်မှာမရှိဘဲပစ္စုပ္ပန်ဖြစ်ဆဲပျက်ဆဲ ကလေးသာ ရှိနေသည်ကို သိရသဖြင့် လျှပ်စစ်ရောင်နှင့် ရုပ်နာမ်ခန္ဓာ ပစ္စုပ္ပန် သက်သက်ချင်း တူမျှသည်ကို ဥပမာပေးတယ်၊ ဤဥပမာအတိုင်း တကယ် အမှန်သိနေတဲ့ ယောဂီမှာ ဥဒယဗ္ဗယ ဆိုတဲ့ ဝိပဿနာဉာဏ်ကို အမှန် သိသော ယောဂီလို့ မှတ်ရမယ်။

ယခုပြောတဲ့ ဥပမာအတိုင်း ဥဒယဗ္ဗယကို ရရှိသော ယောဂီမှ အနိစ္စမမြဲဘူးဆိုတာ တကယ် သိရတယ်၊ အနိစ္စ မမြဲတာကို သိမှ ဒုက္ခဆင်းရဲတယ်ဆိုတာ အမှန်သိတယ်၊ ထိုမမြဲခြင်း ဆင်းရဲခြင်းဆိုတဲ့တရားဟာ အမှန်မုချအနတ္တ တရားအစစ်ဘဲ၊ အနတ္တဆိုတဲ့ တရားကို တွေ့မှ ဘယ်အခါကမှ မရဘူးသော ကုသိုလ်ကို ရသဖြင့် အတိတ်က ပြုခဲ့ဘူးသော အကုသိုလ် မှန်သမျှကို အလုံးစုံ ပယ်နိုင်တယ်၊ အနတ္တကိုတွေ့မှ အကုသိုလ် မှန်သမျှ မပြုရဲမှာ၊ အနတ္တကို တကယ် တွေ့သော ယောဂီပုဂ္ဂိုလ်ဟာ မိမိရရှိထားသော မရဘူးသေးသော ဥဒယဗ္ဗယ ကုသိုလ်ကြီးကို မပွါးပါနှင့်လို့ မည်သူက တားတား မရဘူး၊ အမြဲတမ်း ဤကုသိုလ် ပွါးနေမှာဘဲ။

ဒါကြောင့် **သမ္မပ္ပဓာန်လေးပါးကို** တချက်ထဲနှင့်ပြီးနိုင်ပုံကို ပြဘယ်၊ သမ္မပ္ပဓာန် လေးပါးကား ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရမယ်၊ မဖြစ်သေးသော အကုသိုလ်ကို မဖြစ်အောင် အားထုတ်ရမယ်၊မရဘူးသေးသော ကုသိုလ်ကို ရအောင် ရှာရမယ်၊ ရပြီးသော ကုသိုလ်ကို လွန်စွာ ပွါးရမယ်လို့ **မောဓိပက္ခိယ**တရား ၃၇–ပါးထဲမှာ သမ္မပ္ပဓာန်လေးပါးကိုဟောထားတယ်၊ဤလေးပါးနှင့်ညီညွတ်မှု ဝိပဿနာဉာဏ်အစစ် ဖြစ်တယ်လို့ မှတ်ကြပါ။

မြွေကိုက်လို့ မြွေဆိပ်တွေ လွှမ်းမိုးနေတဲ့အခါ လူမှန်း သူမှန်း မသိ၍ အသက်မှ မရှုနိုင်အောင် ဖြစ်နေတဲ့ လူတယောက်ဟာ ဆရာကောင်းနှင့် တွေ့တဲ့အခါမှာ ဆရာ၏ တန်းခိုးနှင့် ဆေးဝါးမန္တာန်တို့ဖြင့် ကုသတဲ့အခါ အသက်ရှုဘော်ရလာတယ်၊ဒီလိုအသက်ရှုဘော်ရတဲ့အခါ၊ အနားမှာ ရှိတဲ့ လူများက ''ဆရာအသက်ရှုလာပြီ'' လို့ အားရပါးရပြောတော့ ဆရာက''ဟဲ့အကောင်တွေ အသာနေအုံး နင်တို့ လူမမာအသက်ရှုရုံသာ ရှုနိုင်သေးတာ မြွေဆိပ်တွေ ဘယ်ကမှ မကျသေးလို့ စိတ်မချရသေးဘူး'' လို့ ပြောတယ်၊ နောက် ဆရာက ကြိုးစားပြီး ကုလိုက်တော့ လူးဘော် လိမ့်ဘော် ရလာတယ်၊''ဆရာလူးလိမ့်လာပြီ'' လို့ ပြောတော့၊ ''ဟဲ့အသာနေကြအုံး၊ နင်တို့ လူမမာ လူးရုံ လိမ့်ရုံသာ လူးလိမ့်နိုင်သေးတာ၊ မြွေဆိပ်တွေ ဘယ်ကမှ မကျသေးလို့ စိတ်မချရသေးဘူး''လို့ ပြောတယ်၊ နောက် တဖန် ဆရာက ကြိုးစားပြီး ကုလိုက်တော့ မျက်စိပွင့်

လာတယ်၊ ''ဆရာ မျက်စိပွင့်လာပြီ'' လို့ ပြောတော့ ဆရာက''နင်တို့လူမမာ မျက်စိပွင့်ရုံပွင့်သေးတာ၊မြွေဆိပ်တွေ ဘယ်ကမှ မကျသေးလို့ စိတ်မချရသေးဘူး'' နောက်ကြိုးစားပြီး ကုသတော့မှ ဦးခေါင်းက မြွေဆိပ် ခါးသို့ကျသွားတယ်၊ ဒီတော့မှ ဆရာကြီးက '' နင်တို့ လူမမာ မြွေဆိပ်တထစ်တော့ ကျသွားပြီ၊သို့သော်မကုန်သေးဘူး၊ ကျန်သေးတယ်''ဆိုပြီး တဖန်ကြိုးစားပြီး ကုသတဲ့အခါ၊ ခါးက မြွေဆိပ် ဒူးသို့ ကျသွားတယ် '' အဲ မြွေဆိပ်တော့ နှစ်ထစ်ကျသွားပြီ မကုန်သေးဘူး''ဆိုပြီး တဖန် ကုသပြန်တယ်၊ ဒီအခါ ဒူးက မြွေဆိပ် ခြေကျင်းဝတ်ကို ကျသွားတယ်၊''မင်းတို့လူမမာမြွေဆိပ်၃-ဆင့်ကျသွားပြီ၊သို့သော် မကုန်သေးဘူး ကျန်သေးတယ်''၊နောက်တဖန်ကြိုးစားပြီး ကုလိုက်တော့ ခြေကျင်းဝတ်က မြွေဆိပ်ဟာ ကိုက်ရာ အနာဝမှ လုံးလုံး လျှောကျသွားတော့ ဆရာကြီးက ပြောတယ်၊''မင်းတို့ လူမမာဟာ မြွေဆိပ်တွေ ကင်းစင်သဖြင့် **စိတ်ချရပြီ**''လို့ ပြောတယ်၊ အဲဒါ ဥပမာဘဲ။

ယခုလောကမှာရှိတဲ့ လူများဟာ ဉာဏ်နှင့်ဆင်ခြင်ပြီး ကြည့်လိုက်စမ်း၊ ကမ္ဘာလောကမှာ ရှိကြတဲ့ လူတွေဟာ များသောအားဖြင့် ဘုရားမှန်းမသိ,တရားမှန်းမသိ, သံဃာမှန်း မသိအောင်, တဏှာ,မာန,ဒိဋ္ဌိ,တွေ လွှမ်းမိုးပြီးနေတဲ့ လူတွေဟာ မြွေဆိပ်တွေ လွှမ်းမိုးပြီး အသက်မှ ရှုဘော်မရအောင် သူမှန်း လူမှန်းမသိအောင် ဖြစ်နေတဲ့ လူနှင့်တူတယ်၊ ယခု ဘုရားမှန်းသိ, တရားမှန်းသိ, သံဃာမှန်း

သိလို့ လှူတတ်, ဒါန်းတတ်, ပေးတတ်, ကမ်းတတ်, သီလ ဆောက်တည်တတ်တဲ့ လူများဟာ အသက်ရှူဘော်တော့ ရပါရဲ့၊ သို့သော် တဏှာ, မာန, ဒိဋ္ဌိ, ဆိုတဲ့ မြွေဆိပ်တွေ ဘယ်ကမှ မကျသေးလို့ စိတ်မချရသေးဘူး။

ဒါထက် သဒ္ဒါ သမ္မတ္တိနှင့် ပြည့်စုံလို့ ရသေ့ သူတော် သူမြတ် ရဟန်းသူတော်သူမြတ် ပြုလုပ်လျက် ရတင်တရား များဆောင်ပြီး ကျင့်နေတဲ့ ပုဂ္ဂိုလ်များဟာ လူးဘော်လိမ့် ဘော်တော့ ရပါရဲ့၊သို့သော် တဏှာ, မာန, ဒိဋ္ဌိ, ဆိုတဲ့ ကိလေသာတရားက ဘယ်ကမှ မကျသေးလို့ စိတ်မချရ သေးဘူး၊ ဒါထက် လွန်၍ ရုပ်ဓမ္မ နာမ်ဓမ္မ တရားများကို မမြင်မြင်အောင် ဘုရားဂုဏ်ကျောင်း တန်ဆောင်း ပြာသာဒ် ဝင်ပြီး တရားများ အားထုတ်တဲ့ အခါ၊ ဤသည်ကား ရုပ်, ဤသည်ကား နာမ်လို့ သိလျှင် မျက်စိမြင်လာပြီလို့ ဆိုရ မယ်၊ မျက်စိမြင်ရုံသာမြင်သေးတယ်၊တဏှာ, မာန, ဒိဋ္ဌိ, ဆိုတဲ့ ကိလေသာ မြွေဆိပ်တွေက ဘယ်ကမှ မကျသေး လို့ စိတ်မချရသေးဘူး၊သို့သော် ဤလို မျက်စိမြင်တဲ့လူဘဲ အလွန်ရှားတယ်၊ တရာတယောက် တထောင် တယောက် အလွန်ရှားတယ်၊ ဤမျှလောက် ရုပ်နာမ်ကို သိတဲ့လူကိုဘဲ ဘုရားသခင်က အလွန်ချီးမွမ်းတော်မူတယ်။

> ဣမိနာ ပန ဉာဏေန သမန္နာဂတော, ဝိပဿ ကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော,လဒ္ဓပတိဋ္ဌော နိယတ ဂတိကော, စူဠသောတာပန္နောနာမ။
>
> ဝိသုဒ္ဓိမဂ်။

အဲဒါ မျက်စိပွင့်ရုံသာရှိသေးတဲ့လူ၊ ဤကလွန်ပြီး တရား အားထုတ်လို့ရှိလျှင် သောတာပတ္တိမဂ်သောတာပတ္တိဖိုလ် ကို ရောက်က ဦးခေါင်းက မြွေဆိပ်ခါးသို့ ရောက်သည့် ပမာကဲ့သို့ ကိလေသာ တထစ်ကျပြီလို့ ခံရိုရမယ်၊ဒါထက် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်ကို ရောက်မှ ခါးက မြွေဆိပ် ဒူးသို့ ရောက်သည့်ပမာ၊ ကိလေသာ နှစ်ထစ်ကျ သွားမယ်၊ ဒါထက်လွန်၍ အားထုတ်ခဲ့လျှင် အနာဂါမိမဂ် အနာဂါမိဖိုလ်ကို ရမှ ဒူးက မြွေဆိပ် ခြေကျင်းဝတ်သို့ ရောက်သည့် ပမာ၊ ကိလေသာ သုံးထစ် ကျသွားမယ်၊ အရဟတ္တမဂ်အရဟတ္တဖိုလ်ကိုရောက်မှ ခြေကျင်းဝတ်က မြွေဆိပ်သည် ကိုက်ရာ အနာဝသို့ အကုန်လုံး လျောကျ သွားသကဲ့သို့ ကိလေသာ အာသဝေါတို့သည် အလုံးစုံ ကင်းစင်သွားမယ်၊ ဤ ဥပမာကို မြင်အောင် ကြည့်၍ အားထုတ်ကြပါကုန်။

### အဋ္ဌုတ္တိကခေတ် ၆-ပါး၏ အာဒီနဝကို ပြသော ဥပမာ

လယ်ထွန်သမား ယောကျ်ားတယောက်သည် ညဉ့်ဦး ယာမ်က လယ်ထွန်ရန်ကိစ္စအတွက် နွားခြောက်ကောင် ယူ၍ လယ်တောသို့သွားတယ်၊လယ်တောရောက်တဲ့အခါ မိမိတဲမှာ နွားများကိုချည်ပြီး အိပ်တယ်၊သန်းခေါင်ယာမ် အချိန်မှာ အိပ်ရာကနိုး၍ နွားများကို ထကြည့်တော့၊ နွား ခြောက်ကောင်ဟာ တကောင်မျှ မတွေ့ရသဖြင့်၊ ငါသည် နံနက်မိုးလင်းရင် လယ်ကိုထွန်ရမယ်၊ယခုနွားတကောင်မျှ

မတွေ့ဘူးဆိုပြီး၊ညကြီး သန်းခေါင် မှောင်ကြီးမဲမဲတွင် မိမိ ပျောက်တဲ့ နွားများကို လိုက်ရှာတဲ့အခါ၊ ပျောက်သွားတဲ့ နွားကလဲ ခြောက်ကောင်၊တွေ့တဲ့နွားကလဲ ခြောက်ကောင် တွေ့ရတော့၊ ကိုယ့်နွားတွေဘဲ ထင်ပြီး အားရဝမ်းမြောက် စွာနဲ့ ဆွဲလာလို့ မိမိနေရာရောက်တော့၊ ချည်တိုင်မှာ နွား ခြောက်ကောင်ကို ချည်လဲပြီးရော၊ အရှေ့က နေအရုဏ် တက်လာသဖြင့် အလင်းရောင်နှင့် ကြည့်လိုက်တော့၊ လားလား မိမိနွားတွေ မဟုတ်ဘဲ ရှင်ဘုရင်၏ အမှတ် တံဆိပ်နှင့် ဘဏ္ဍာတော်နွားတွေဖြစ်နေတာ သိရတော့မှ ဟယ်—ငါ့နွားလဲ မဟုတ်၊ရှင်ဘုရင် ဘဏ္ဍာတော်နွားတွေ ပါကလား၊ ခုနေများ မင်းချင်းယောကျ်ားတွေ ငါ့ကို တွေ့ သွားလျှင် မုချ ငါအသတ်ခံရတော့မှာဘဲ ဟု အမှန်သိ သဖြင့် နွားခြောက်ကောင်ကိုခင်တွယ်မနေနိုင်ဘဲ အသက် ဘေးမှ ချမ်းသာရအောင် ကိုယ်လွတ် ထွက်ပြေးရတယ်၊ အဲဒါ ဥပမာဘဲ။

ယခု လောက လူများဟာ မောဟ တည်းဟူသော အဝိဇ္ဇာမှောင် ဖုံးကွယ် နေသဖြင့် မိမိကိုယ်မှာ ရှိတဲ့ အဇ္ဈတ္တိကဓာတ် ခြောက်ပါး တည်းဟူသော ရုပ်အစုကို လယ်ထွန်သမားဟာ ကိုယ့်နွား မဟုတ်သည်ကို ကိုယ့်နွား ထင်သလို၊ ငါမဟုတ်သည်ကို ငါထင်၍ နေကြတယ်၊ အရှေ့က နေအရုဏ် တက်သကဲ့သို့ အဝိဇ္ဇာမှောင် ပျောက်၍ ဝိဇ္ဇာဉာဏ်ရောက်လာတဲ့အခါကျမှ ငါမဟုတ် ကြောင်း ထင်ရှားသိရသဖြင့် နွားခြောက်ကောင် ဘေးက

သွတ်အောင် ပြေးသလို၊ ယောဂီများ အစ္ဈတ္တိက ခေတ် ခြောက်ပါးဘေးက လွတ်ကင်းအောင် ပြေး၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၌ နေနေတို့ ပြောပြတဲ့ ဥပမာဖြစ်တယ်၊

လူတယောက် ညဉ့်ဦးယာမ်က ဆီဦး ထောပတ် အမြိုက် အရသာများကို ဝဝစွာ စားသောက်ပြီး မွေ့ရာ ခုတင် ခြင်ထောင်တို့နှင့် ကောင်းမွန်စွာ အိပ်လိုက်ထာ၊ အပျော်ကြီး ပျော်ပြီး ဘာမှန်းမသိအောင် အိပ်ပျော်နေ တယ်၊ အဲဒီလူဟာ ပြုံးဆို အိပ်ရာကနိုးလို့ မျက်စိနှစ်လုံး ဖွင့်ကြည့်လိုက်တဲ့အခါ လား—လား သူ့ အိမ်တခုလုံး မီးလောင်ပြီး ထိန်ထိန်လင်းနေတာပေါ့၊ ဒီအခါကျတော့မှ မီးဘေးက လွတ်အောင် ပြေးပေါက်ရှာတဲ့အခါ၊ အိမ်၏ လှေခါးရင်း အပေါက်မှစပြီးလောင်လာတော၊ပြေးပေါက် ကို မရအောင် ဖြစ်နေတာ သိရတော့ အသက်ဘေးမှ လွတ်အောင် ဝီရိယကို မလျော့ဘဲ မိမိအိမ်ဦးခန်းက ပြူတင်းပေါက်ကိုဖွင့်ပြီး အတင်းခုန်ဆင်းကာ မီးဘေးနှင့် လွတ်အောင် ပြေးရတယ်၊ မီးဘေးနှင့် ဝေးသွားမှ နောက် ကြောင်းကို ပြန်ကြည့်လိုက်တော့ တားတားကလေး လိုတယ်၊ အိပ်ရာနိုးခင်လို့ မနိုးရင် ဒီမီးကြီးဟာ ငါ့ကို လောင်သွားမှာလို့ဆိုပြီး သက်သာရာရရှာတယ်၊ အဲဒါ- ဥပမာဘဲ။

ယခုလူများဟာ မောဟတည်းဟူသောအိပ်ပျော်ခြင်း ဖြင့် အိပ်ပျော်ပြီး အိပ်မောကျနေလိုက်တာ၊ မိမိကိုယ်ကို ခြောက်ဒွါရကတဆယ့်တပါးသောမီးကြီး တဟယ်တမ်း

လောင်မြိုက်နေတာ လုံးလုံးကို မသိကြဘူး၊ လောင်တဲ့မီးဟာ, ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး၊ အဲဒီမီးကြီးဟာ ခြောက်ဒွါရမှာ အမြဲကို လောင်နေတာ၊ မောဟတည်းဟူသော အိပ်ပျော်ခြင်းကြောင့် မသိကြတာ၊ ယခု ဘုရားကိုယ်တော်မြတ်ကြီး ပွင့်လာမှ အိပ်ရာကနိုးလိုက်သလို ဝိပဿနာဉာဏ် အလင်းရ၍ ပညာမျက်စိဖြင့် ကြည့်လိုက်တဲ့အခါမှာ၊ တကယ်တမ်း မျက်စိပေါက်က တဆယ့်တပါးသော မီးလောင်ပုံ၊ နားပေါက် နှာခေါင်းပေါက် လျှာပေါက် ကိုယ်ပေါက် မနောပေါက်က တကယ်လောင်နေတဲ့ မီးကြီးကို မြင်ရသဖြင့်၊ မီးဘေးက လွတ်ဝေးအောင် ပြေးမှဘဲဆိုတဲ့ သဘောနှင့် မဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ရထားကိုစီး၍ လွတ်ဝေးအောင်ပြေးမှ နိဗ္ဗာန်ကို ရောက်ရမယ်ဟု မှတ်ကြပါကုန်။

---

## သုဗြဟ္မာနတ်သားဝတ္ထု

ယခုအခါ အချို့အချို့သောပုဂ္ဂိုလ်များဟာ မိမိကိုယ်ကို လူတွင် လူကောင်းတယောက်အောက်မေ့ပြီး ငါတို့တော့ အပါယ် မလားနိုင်ပါဘူးကွယ်လို့ သူတို့ကိုယ်ကို သူတို့ အထင်ကြီးနေတယ်၊ ကောင်းပြီ ဒီလို အထင်ကြီးနေကြတဲ့ ပုဂ္ဂိုလ်များဟာ ဘာကို ပြုလုပ်နေလို့ အထင်ကြီးနေကြ သလဲဆိုလျှင်၊ ငါတို့သည် **ဒါန-သီလ**နှင့်ပြည့်စုံနေတာဘဲ၊

ငါတို့ အကုသိုလ်မှ မပြုဘဲဆိုပြီး အထင်ကြီးနေကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေကို သိအောင်ပြောဘို့ အလွန် ခက်တယ်၊ ဘာ့ကြောင့်လဲ ဆိုလျှင် ဉာဏ်စခန်း မရောက်တော့ အပြောရ အလွန်ခက်တာပေါ့၊သို့သော် သိနားလည်ဘို့က ငါတို့မှာ အတိတ်သံသရာက ပြုခဲ့ဘူးတဲ့ **ကာယကံ ဝစီကံ မနောကံ** နှင့်စပ်တဲ့ အကုသိုလ် ကံပေါင်းအနန္တ,အပါယ် လေးပါးကျစရာ **ကံပေါင်းအနန္တ**ရှိကြောင်းကို သိအောင် ပြောဘို့လိုတယ်၊ သည်လိုအထင်ကြီးတဲ့ ပုဂ္ဂိုလ်တွေဟာ အတိတ်ကပြုခဲ့တဲ့ အကုသိုလ်အနန္တကို ပယ်ပြီးပလား ဆိုတာ သိဘို့လိုတယ်၊မည်သည့်သတ္တဝါမဆို လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် ဗြဟ္မာဘဲဖြစ်ဖြစ် ဖြစ်ပြီးအကုသိုလ်ကို မပယ် နိုင်က အပါယ် ဘေးဒုက္ခကြီးက လွတ်ဘို့ရာ အလွန် ဝေးတယ် ဆိုတာကို အမှန်သိဘို့ လိုတယ်၊ သတ္တဝါ တယောက်မှာ အပါယ်လေးပါး ကျဘို့ အကုသိုလ် ကံပေါင်းအနန္တ၊ နိဗ္ဗာန်ကိုရစေနိုင်တဲ့ **ကုသိုလ်ကံပါရမီ အနန္တ** ရှိတယ်ဆိုတာ ထင်ထင်ရှားရှား သိအောင် ဥပမာ ပြမယ် စဉ်းစားပြီးကြည့်ကြ။

ငါတို့ မြတ်စွာဘုရား လက်ထက်က တာဝတိံသာ နတ်ပြည်မှာ နတ်သမီးတထောင် အခြံအရံရှိသော**သုဗြဟ္မာ** နတ်သားဆိုတာရှိတယ်၊ဒီသုဗြဟ္မာနတ်သားဟာ နတ်သမီး တထောင်အခြံအရံနှင့် နတ်၏စည်းစိမ်ကို ခံစားနေတယ်၊ တနေ့သောအခါ ငါးရာသော နတ်သမီးများက ပင်လယ် ကသစ်ပင်မှာ တက်ပြီး ဘေး တကြော်ကြော်နှင့် တပျော်

တပါးကြီး ကသစ်ပန်းများကို ရှုပြီး အောက်ကိုချတယ် ကသစ်ပင်အောက်က နတ်သွီး ငါးရာက ကသစ်ပင်မှ ကျလာသော ကသစ်ပန်းများကို တေး တကြော်ကြော်နှင့် တပျော်တပါးကြီးကောက်ပြီး ပန်းများသီကုံး၍ သုဇြဟ္မွာ နတ်သားကိုဆက်သကြတယ်၊ အဲဒီလို တေးတကြော်ကြော် နှင့် ပျော်ပျော်ကြီး နတ်စည်းစိမ်ကို မြိန်မြိန်ကြီး ခံစား နေကြတဲ့ နတ်သွီးများထဲက ပင်လယ်ကသစ်ပင်ထက်မှာ ပန်းရှုနေတဲ့ ငါးရာသောနတ်သွီးများဟာ **ဥပစ္ဆေဒကကံ** နှိပ်စက်တဲ့ အတွက် တပြိုင်တည်း စုတိစိတ် ကျပြီး သွားတယ်။ စုတိစိတ်ကျသည်နှင့် တပြိုင်နက် အကုသိုလ် **ကံ** အကျိုးကြောင့် **အဝီစိငရဲ**မှာ ငါးရာလုံး တပြိုင်တည်း ခံစားနေကြရတယ်၊ ဒီတော့ သုဇြဟ္မွာ နတ်သားက ပင်လယ် ကသစ်ပင်ထက်မှ ငါးရာသော နတ်သွီးများ တေးသံ ပျောက်သွားတာနှင့်တပြိုင်နက် နတ်၏မျက်စိဖြင့် ကြည့်လိုက်တဲ့အခါ၊ နတ်ပြည်မှာ တယောက်မျှ မတွေ့ တော့မှ ငရဲပြည် ကြည့်လိုက်တဲ့ အခါ ငါးရာသော နတ်သွီးများ အဝီစိငရဲမှာ ကြီးစွာသော ဒုက္ခ ခံနေရတာ ကိုယ်တိုင် တွေ့ရှိရတော့၊ သုဇြဟ္မွာ နတ်သားစိတ်ထဲ၌ ယူကြုံးမရ ဖြစ်ပြီး ဘယ်သောက် မချိမဆံ့ ဖြစ်နေမယ် ဆိုတာ စဉ်းစားသာ ကြည့်ကြပေတော့။

ဒါကြောင့် မြတ်စွာဘုရားက **ပိယေဟိ ဝိပ္ပယောဂ** ဒုက္ခလို့ ဟောတာမဟုတ်လား။

ဤမျှလောက် ဆင်းရဲခြင်း ဒုက္ခထက် ကျန်ရစ်သော ငါးရာသော နတ်သမီးများနှင့်တကွ သူကိုယ်တိုင် နောက် ခုနစ်ရက်ကြာလျှင် ထိုအဝီစိငရဲမှာ ကျရမည်ဆိုတာ အမှန် ဒိဋ္ဌသိမြင်ရတဲ့အခါ၊ ငါးရာသောနတ်သမီးများနှင့် ကွေကွင်း ရခြင်းထက် သူကိုယ်တိုင် ခံစားရမည့် ဒုက္ခကို မြင်တဲ့ အခါ၊ ဘယ်ဒင်းကသာ၍ ပူပန်မယ်ဆိုတာ စဉ်းစားသော ကြည့်ကြပေတော့၊ မိမိကိုယ်တိုင် အဝီစိငရဲ ကျမည့် ဘေးကြီးကို အလွန့်အလွန်ကြောက်သဖြင့် ထောက်တည် ရာမရသောကြောင့် နတ်ပြည်ခြောက်ထပ်မှာရှိတဲ့ တန်ခိုး ကြီးသော နတ်မင်းကြီးများထံ ချဉ်းကပ်ပြီး-

နတ်မင်းများ- ကျွန်ုပ်၏ ဒုက္ခကို ကယ်တော်မူပါ၊ ရှေးဦးစွာ ငါးရာသော နတ်သမီးများ အဝီစိငရဲကြီးမှာ ကျနေသဖြင့် ချစ်အပ်သော သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲဒုက္ခ ခံနေရသည့်ပြင်၊ မိမိကိုယ်တိုင် ငါးရာသော နတ်သမီးများနှင့် အတူတကွ **ခုနစ်ရက်ကြာလျှင်** ထိုငရဲမှာ ကျရမည့် ဘေးကြီးကို မြင်သဖြင့် ကယ်တော်မူကြပါ-ဟု တောင်းပန်သောအခါ၊ တန်ခိုးကြီးသော နတ်မင်းများက ဟော- သုပြဟ္မာ နတ်သား- ငါတို့ မတတ်နိုင်ဘူးကွဲ့လို့ ပြောဆိုကြသောအခါ အားကိုးရာမမြင် အလွန်ပင် ပူပန် လှသဖြင့် **သိကြားမင်းထံ** တဖန်ချဉ်းကပ်လျက် ဖြစ်ပျက် သမျှ အကြောင်းစုံ အကုန်ပေါင်းပြီး ပြောဆို၍ သိကြား မင်း ကယ်တော်မူပါဟု တောင်းပန်သောအခါ၊ သိကြား မင်းကြီးကလည်း ဟော- သုပြဟ္မာ နတ်သား- ငါလဲ

ဘယ်နည်းနှင့်မျှ မတတ်နိုင်ဘူးလို့ ပြောလိုက်တဲ့ အခါမှ သုပြဗ္ဗာနတ်သား ရင်ကွဲမတတ် ဖြစ်သွားတယ်၊ ထိုအခါ သိကြားမင်းက တဖန်အကြံဉာဏ်ပေးတယ်၊ သုပြဗ္ဗာနတ်သား-ငါမတတ်နိုင်သော်လဲယခုလူ့ပြည်မှာဂေါတမ ဘုရားရယ်လို့ ပွင့်တော်မူနေတယ်။ အဲဒီ ဂေါတမ ဘုရားတော့ ကယ်နိုင်ကောင်း ကယ်နိုင်လေမလား မသိဘူးလို့ ပြောလိုက်တယ်။

အဲဒါ စဉ်းစားကြည့်ကြစမ်း ဒီ သုပြဗ္ဗာ နတ်သားနှင့် ဒီနတ်သမီးတထောင်ဟာ ဘုရားကိုယ်တော်မြတ် ပွင့်တော်မူလို့ ပဉ္စဝဂ္ဂီငါးဦးကို အမှူးထားပြီး တရားဟောတာ ဖြဗ္ဗာ ၁၈-ကုဋေ, နတ်အသင်္ချေ, ကျွတ်တမ်းဝင်တယ် မဟုတ်လား အဲဒီနတ်အသင်္ချေထဲမှာ သုပြဗ္ဗာနတ်သားနှင့် တကွ နတ်သမီးတွေ မပါဘူး၊ ဘာကြောင့်လဲ လောက စည်းစိမ်ကြီးနှင့် ယစ်မူးပြီး မေ့လျော့နေလို့ မဟုတ်လား၊ ဘုရားပွင့်မှန်းတောင် မသိကြဘူး၊ သိကြားမင်းက အကြံဉာဏ်ပေးမှ သတိရပြီး ငါးရာသော နတ်သမီးများနှင့်တကွ သုပြဗ္ဗာ နတ်သား အလျင်အမြန် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး လျှောက်ထားသည်မှာ-

"အရှင်ဘုရား တပည့်တော်တို့မှာ ရှေးဦးစွာ ငါးရာသောနတ်သမီးများ တပြိုင်တည်း အဝိစိငရဲမှာကျရောက်၍ ကြီးစွာသော ဒုက္ခဆင်းရဲ ခံနေရသည်ကို တပည့်တော် ကိုယ်တိုင် တွေ့ရသဖြင့် အလွန်ပူပန် ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခကို ခံစားနေရပါသည် အရှင်ဘုရား၊ ဤဒုက္ခထက်ပင်

(၇) ရက်ကြာလျှင် တပည့်တော်နှင့်တကွ ကျွန်ရစ်သော ငါးရာသော နတ်သွီးများ ထိုအဝီစိငရဲ၌ ကျရမည်ကို တပည့်တော် ကိုယ်တိုင် သိရပါသဖြင့်၊ အလွန့်အလွန် ဝန်လေးလှသောကြောင့် ထိုဒုက္ခဘေးကြီးမှ လွတ်ဝေး အောင်ကယ်မတော်မူပါဘုရား” ဟုလျှောက်ထားလိုက်တဲ့ အခါ မြတ်စွာဘုရား ဘယ်လိုအမိန့် ရှိလိုက်သလဲဆိုတော့ ဟော-သုပြဟ္မာနတ်သား- ငါလဲမတတ်နိုင်ဘူးတဲ့၊သို့သော် ငါပြောမယ် သင် သေသေချာချာ နားထောင်-

နညတြ ဗောဇ္ဈာတပသာ,
နညတြိန္ဒြိယ သံဝရာ၊
နညတြ သဗ္ဗနိဿဂ္ဂါ,
သောတ္ထိံ ပဿာမိ ပါဏိနံ။

သုပြဟ္မသုတ်။

ဒေဝတေ- သုပြဟ္မာဟု နာမထင်ရှား သင်နတ်သား၊ ဗောဇ္ဈာတပသာ- ဗောဇ္ဈင် ၇-ပါး အကျင့်တရားကို၊ အညတြ၊ထပေတွာ- ချန်ထား၍၊ ပါဏိနံ- သတ္တဝါတို့၏၊ သောတ္ထိံ- ချမ်းသာခွင့်ကို၊ အဟံ-သင်တို့ဆရာငါဘုရားသည်၊နပဿာမိ-မြင်တော်မမူ၊ဣန္ဒြိယသံဝရာ-ဣန္ဒြိယ သံဝရသီလကို၊ အညတြ၊ထပေတွာ- ချန်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊ သောတ္ထိံ- ချမ်းသာခွင့်ကို၊ အဟံ- သင်တို့ ဆရာ ငါဘုရားသည်၊ နပဿာမိ- မြင်တော်မမူ၊

သဗ္ဗနိဿဂ္ဂါ- အလုံးစုံသော ဒုက္ခတရားတို့၏ ချုပ်
ငြိမ်းရာ နိဗ္ဗာန်တည်းဟူသော အမြိုက်တရားကို၊
အညတြ-ထပေတွာ-ချန်ထား၍၊ပါဏိနံ-သတ္တဝါ၊
တို့၏၊ သောတ္ထိံ- ချမ်းသာခွင့်ကို၊ အဟံ၊ သင်တို့
ဆရာ ငါဘုရားသည်၊ နုပဿာမိ- မြင်တော်မမူ။

ဤ တရားကို မြတ်စွာဘုရား ဟော လိုက်တဲ့ အခါ သုဖြပဉ္စာနတ်သားနှင့်တကွ ငါးရာသောနတ်သ္မီးအပေါင်းဟာ အမှန်မုချ အဝိစိငရဲကို တကယ်တမ်းကျရမည့် ဘေးကြီးမှလွတ်ပြီး **သောတာပန်** တည်သွားကြတယ်၊ ဘာကြောင့် အဝိစိငရဲကြီးဘေးမှ လွတ်သလဲဆိုလျှင် အနတ္တတည်ကြလို့ပေါ့၊ဤလိုအနတ္တ တည်ခြင်းဟာ တရားနာရရုံနှင့်တည်တယ်လို့ထင်ကြသလား၊ ဒီသုဖြပဉ္စာနတ်သားနှင့် ငါးရာသော နတ်သ္မီးများဟာ အဝိစိငရဲ ဘေးကြီးကို အလွန့်အလွန် ကြောက်နေသဖြင့် ထိုငရဲဘေးကြီးမှ လွတ်ကြောင်းတရားကို ကြားလိုက်ထဲနှင့် တမြိုင်နက် တမှုတ်ခြင်း ကျင့်လိုက်ထာ မှတ်၊ ဤကျင့်ဝတ်က ဘာလဲ ဗောဇ္ဈင် ၇-ပါးအကျင့်တဲ့၊ ထိုဗောဇ္ဈင် ၇-ပါးအကျင့်က-

**သတိသမ္ဗောဇ္ဈင်** တဲ့၊ ကိုင်း ကြည့်လိုက်စမ်း၊ သတိဟာ ဘယ့်ကလောက် အရေးကြီးသလဲ ဆိုတာ ဗောဓိပက္ခိယ-တရား ၃၇-ပါးထဲမှာ သတိဘယ်နှစ်ချက်ပါသလဲ ကြည့်စမ်း၊ သတိပဋ္ဌာန် ၄-ပါး၊ သတိန္ဒြေ, သတိဗိုလ် သတိသမ္ဗောဇ္ဈင်, သမ္မာသတိ- မဂ္ဂင်တဲ့၊ ကိုင်း ၈-ဌာန ဖြစ်မနေဘူးလား၊ ဒီလိုသတိနှင့် မပြည့်စုံဘဲ ဘယ်လိုနည်း

နှင့် ငရဲကလွတ်နိုင်မှာလဲ သေသေချာချာ စဉ်းစား၊ သတိ အကျင့်နှင့် ပြည့်စုံလိုလွတ်ထာပေါ့။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်၊** ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာ အမေဟာ ဝိဇ္ဇာဉာဏ်ဆိုတဲ့ ပညိန္ဒြေမဟုတ်လား၊ အဲဒီ ပညိန္ဒြေက ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ ဘယ် နှစ်ဌာနတပ်သလဲ၊ ဝိမံသိဒ္ဓိပါဒ်, ပညိန္ဒြေ,ပညာဗိုလ်, ဓမ္မ ဝိစယသမ္ဗောဇ္ဈင်, သမ္မာဒိဋ္ဌိ-မဂ္ဂင်,တဲ့၊ ကိုင်း ၅-ဌာန ပါနေတယ် မဟုတ်လား။

**ဝီရိယသမ္ဗောဇ္ဈင်၊** ကိုင်း-ဝီရိယ သမ္ဗောဇ္ဈင်ဆိုလျှင် ဘယ့်ကလောက်အရေးကြီးသလဲ ကြည့်စမ်း၊ ဗောဓိပက္ခိ ယတရား ၃၇-ပါးထဲမှာ ဘယ်နှစ်ဌာနလဲ သမ္မပ္ပဓာန် လေးပါးဟာ ဝီရိယချည်း မဟုတ်လား၊ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရတဲ့ ဝီရိယ, မဖြစ်သေးသော အကု သိုလ်ကို မဖြစ်အောင် အားထုတ်ရတဲ့ ဝီရိယ,မရဘူးသေး သော ကုသိုလ်ကို ရအောင်ရှာရတဲ့ ဝီရိယ, ရပြီးသော ကုသိုလ်ကို မပြတ်ပွါးရတဲ့ ဝီရိယ, ကိုင်း-စဉ်းစားစမ်း၊ ကြားရရုံနှင့် ပြီးမှာလား၊ ကျင့်မှပြီးမှာလား-ဆိုတာ သေ သေချာချာစဉ်းစား၊ ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်၊ ကိုင်း ၉-ဌာန ကုန်သွားပြီမဟုတ်လား။

**ပီတိသမ္ဗောဇ္ဈင်၊** ပီတိကလဲ ၅-မျိုးရှိတယ်၊ ခုဒ္ဒကာ ပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာ ပီတိ, ဥဗ္ဗေဂါပီတိ, ဖရဏာပီတိတဲ့၊ သာမညကျင့်ဝတ်မဟုတ်ဘူး။

ဗိတိသမ္ဗောဇ္ဈင်ပြီးတော့ **ပဿဒ္ဓိသမ္ဗောဇ္ဈင်**တဲ့၊ ပဿဒ္ဓိဆိုတော့ ငြိမ်းခြင်းပေါ့။

**သမာဓိသမ္ဗောဇ္ဈင်**၊ သမာဓိဆိုတာ အလကားမရဘူး၊ အလွန် တည်ကြည်သော စိတ်ကိုဆိုတာ၊ ဗောဓိပက္ခိယတရား ၃၇-ပါးထဲမှာ သမာဓိဘယ်နှစ်မျိုးပါသလဲဆိုလျှင် သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ဗောဇ္ဈင်, သမ္မာသမာဓိမဂ္ဂင်, ၄-ဌာနတပ်တယ်။

**ဥပေက္ခာသမ္ဗောဇ္ဈင်**၊ ဒီဥပေက္ခာသမ္ဗောဇ္ဈင်က သင်္ခါရုပေက္ခာ ဉာဏ်မျိုးနှင့်တူတယ်။

သုပြဗ္ဗာနတ်သားကို မြတ်စွာဘုရား ဟောတော်မူတဲ့ ဗောဇ္ဈင် ၇-ပါးဟာ **ဗောဓိပက္ခိယ** တရား ၃၇-ပါး၌ အကျုံးဝင်နေသဖြင့် နိဗ္ဗာန်ရောက်ကြောင်း **မဂ္ဂင် ၈-ပါး** အစုံပါနေ၍သုပြဗ္ဗာနတ်သားနှင့် ငါးရာသော နတ်သို့မျိုးများဟာ တကယ်တမ်း **အဝိဇ္ဇာ**ဘေးကြီးကို ကိုယ်တွေ့မျက်မြင်ဖြစ်နေသောကြောင့် အလွန့်အလွန်ကြောက်သဖြင့် လွတ်ကြောင်းဆိုတဲ့တရားကြီးကို သိတာနှင့်တပြိုင်နက် အဝိဇ္ဇာဘေးကြီးမှလွတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တာ စဉ်းစားကြည့်ကြပါ၊နောက်ပေါ်တဲ့ **ဣန္ဒြိယသံဝရသီလ** ဆိုတာက မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,မနော၊ အဲဒီ ၆-ဒွါရက အကုသိုလ်မဖြစ်အောင်နေတတ်ဘို့ကို ဆုံးမတဲ့စကားဘဲ။

ယောဂီများ စဉ်းစားဘို့က သုပြဗ္ဗာနတ်သားနှင့် ငါးရာသော နတ်သို့မျိုးများဟာ အဝိဇ္ဇာ ကျလောက်တဲ့

အကုသိုလ်ကံလဲရှိတယ်၊ နိဗ္ဗာန်ရလောက်တဲ့ ပါရမီလဲ ရှိတယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင် သိခဲ့လျှင် မိမိသန္တာန်မှာလဲ အပါယ်ကျလောက်တဲ့ကံတွေအနန္တ၊ နိဗ္ဗာန်ရလောက်တဲ့ ပါရမီကံတွေ အနန္တ ရှိတယ်ဆိုတာ ယုံကြည်၍ အပါယ်ကို ကျနိုင်တဲ့ အကုသိုလ် ကံဟောင်းတွေကို ပယ်ဖျက်ပြီး နိဗ္ဗာန်ကို လှမ်းဘက်ဘို့ တိုက်တွန်းပါသတည်း။

---

## အရူးမီးပိုင်း ဥပမာ

စိတ်မနှံ့သောသူရူးတယောက်ဟာ ရသမျှအမှိုက်တွေ အကုန်စုပြီး သူ၏ ကိုယ်ကို ပတ်ပတ်လည် ပိုင်းရံလျက် ဘိုက်ကြီး သဖွယ် ဆောက်လုပ်ပြီး ပြုံးပြုံးပြုံးပြုံးနှင့် ပျော်မဆုံးအောင် အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်နေတယ်၊ တနေ့ကျတော့ အဲဒီသူရူးဟာ စိတ်ပေါက်ပေါက်ရှိတာနှင့် သူ့အမှိုက်ပုံကြီး သူရေနံဆီ လောင်းလျက် သူ့ဟာသူ မီးနှင့် ရှို့လိုက်တော့ ထွက်ပေါက်မှ ရှာမရအောင် သူရူးမီးပိုင်း လောင်တော့တာပေါ့၊ ဒီအခါကျတော့မှ၊ သူရူးက ကယ်တော်မူကြပါ ကယ်တော်မူကြပါဟု ထိတ်ထိတ်လန့်လန့်နှင့် ရွာသူရွာသားများ ကြားလောက်အောင် အော်တဲ့အခါ ရွာသူရွာသားတွေ ကြားတော့ ကဗျာကရာ ပြေးလာကြပြီး ဟဲ့ သူရူး နင်ဘာဖြစ်ထာလဲလို့ မေးတော့၊ ကယ်ကြပါခင်ဗျာ့ ကျွန်တော် ပူလွန်းလို့ မချိပါဘူးခင်ဗျာ့ဟု ပြောသတဲ့၊ ဒီတော့ ရွာသား

များက ဟဲ့ငရူး ဒီအမှိုက်ပုံတွေ ဘယ်သူစုသလဲဟု မေးတော့၊ အမယ် **ကျွန်တော်စုတာပေါ့**ခင်ဗျားလို့ ပြောသတဲ့၊ ဒါဖြင့် ရေနံဆီကော ဘယ်သူလာလောင်း သလဲလို့ ထပ်မေးပြန်တော့ **ကျွန်တော် လောင်းတာပေါ့** ခင်ဗျား တဲ့၊ မီးကော ဘယ်သူလာရှို့သလဲဟု တဖန် မေးပြန်တော့၊ **ကျွန်တော်ရှို့တာပေါ့**ဟု ပြောတော့ ရွာသူရွာသားတွေက ဟဲ့ ငရူး အမှိုက်ပုံလဲ နင့်ဟာနင် စုတယ်၊ ရေနံဆီလဲ နင့်ဟာနင် လောင်းတယ်၊ မီးလဲ နင့်ဟာနင် ရှို့တယ်၊ ဟဲ့ငရူး နင့်ဟာနင် ဒုက္ခခံရတာ ဘယ်သူတတ်နိုင်မလဲလို့ ဆိုကြတယ်တဲ့၊ အဲဒါ ဥပမာဘဲ။

မိမိတို့၏ဉာဏ်ထဲမှာ မြင်အောင် ကြည့်ကြ၊ လူများဟာ ခြွေရံလင်မယား သမီးသားနှင့်စီးပွါးအာရုံ ကာမဂုဏ်တွေကို ဘယ်သူ စုတာလဲဆိုရင်၊ သေသေချာချာ မြင်အောင် ကြည့်ကြစမ်း**ငရူးဘဲစုတာမဟုတ်လား၊**ခြွေရံလင်မယား သမီးသားနှင့် စီးပွါးအာရုံ ကာမဂုဏ်ဆိုတာ **ဗျသနဘော**မှ လွတ်တာမဟုတ်ဘူး၊ အင်မတန် ခင်မင်ရင်းနှီးတဲ့ ဆွေမျိုး ဉာတိ မိတ်သင်္ဂဟ ပစ္စည်းဥစ္စာ ပျက်စီးခြင်းနှင့် ကြုံတွေ့ရတဲ့အခါ၊ဘယ်မျှလောက် ပူပန်ဆင်းရဲ၍ ရင်ဘတ်စည်တီး ငိုကြီး ရှိုက်ငင် ဖြစ်ရတဲ့ ဘေးဒုက္ခကြီး တွေဟာ ငရူး မီးပိုင်း နေ့ဘာနှင့် ခြားသေးရဲ့လား ဆိုတာ ဉာဏ်ဖြင့် ဆင်ခြင်ကြည့်ကြ၊ ဒါကြောင့်—

ခြွေရံလင်မယား သမီးသားနှင့်စီးပွားအာရုံ ကာမ၊
ဂုဏ်ကား ကွဲဘို့နှင့် ခွဲဘို့သာတည်း၊

ဒါနနှင့်သီလ တုပကင်းကွာဘာဝနာမှ ကောင်းတို့
နှင့် ပေါင်းတို့ရာတည်း၊
ခြွေရံလင်မယား သွီး သားနှင့် စီးပွါး အာရုံ
ကာမဂုဏ်ကား ဘုံဆိုင်ပစ္စည်း၊
ဒါနနှင့်သီလ တုပကင်းကွာ ဘာဝနာမှ ကိုယ်ပိုင်
ပစ္စည်း။

ကိုယ်ပိုင်နှင့် ဘုံဆိုင် ပိုင်နိုင်အောင် သိဘို့လိုတယ်။ ဒါကြောင့် ဥစ္စာလေးမျိုး ဟောထားသည်မှာ–

**ဥစ္စာလေးမျိုး**

ထာဝရ ဥစ္စာ, ဇင်္ဂမဥစ္စာ, အင်္ဂသမ ဥစ္စာ, အနုဂါမိက ဥစ္စာ လို့ လေးမျိုးရှိတယ်။

**ထာဝရဥစ္စာ** ဆိုတာက မရွေ့မပြောင်းနိုင်တဲ့ လယ်ယာ ကိုင်းကျွန်း ဥယျာဉ် ဗိမာန်ကို ဆိုတယ်၊ ကိုယ်ပိုင်ပစ္စည်းမဟုတ်ဘူး။

**ဇင်္ဂမဥစ္စာ** ဆိုတာက ရွေ့နိုင် ပြောင်းနိုင်တဲ့ ရွှေငွေ ကျောက်သံ ပတ္တမြား စသည်ကို ဆိုလို တယ်၊အဲဒါလဲ ကိုယ်ပိုင်ပစ္စည်းမဟုတ်ဘူး။

**အင်္ဂသမဥစ္စာ** ဆိုတာက နှုတ်မှုပညာ လက်မှုပညာကို ခေါ်တယ်၊ ဒါလဲ ကိုယ်ပိုင်ပစ္စည်းမဟုတ် သေးဘူး။

**အနုဂါမိကဥစ္စာ** ဆိုတာက– ဒါန, သီလ, ဘာဝနာ ကို ခေါ်တယ်၊ အဲဒီပစ္စည်းမှ မိမိကိုယ်ပိုင် ပစ္စည်းလို့ မှတ်ရမယ်။

ဘာ့ကြောင့်လဲဆိုလျှင် ထာဝရဥစ္စာဖြစ်တဲ့ လယ်ယာ ကိုင်းကျွန်း ဥယျာဉ်ဗိမာန်တွေကို လူတွေက ငါ့ဥစ္စာ၊ ငါ့ ဥစ္စာလို့ဆိုကြတော့၊လယ်ယာကိုင်းကျွန်း ဥယျာဉ်ဗိမာန် တွေက ရယ်ကြသတဲ့၊ ဘာပြုလို့ ရယ်ကြသလဲဆိုတော့ တယ်လဲ ရိုက်အုံးမဲ့ သတ္တဝါတွေဘဲ၊ ငါ့ကို သူတို့က ပိုင်တယ် ထင်နေကြတယ်၊ ဘယ်နည်းနှင့်မှ ငါ့ကို သူတို့ မယူနိုင်ဘူး၊ တကယ်ဆိုတော့ သူတို့က အမြဲတည်နေရ မှာတဲ့လား၊ တနေ့သူတို့ သေမယ် မဟုတ်လား၊ ဒီလို သေသွားကြလျှင် ငါတို့က သူတို့နောက်ကို ဘယ်နည်း နှင့်မှ မလိုက်ဘူး၊ ဒါကြောင့်-ငါ့ကို သူတို့ဘယ်နည်းနှင့်မှ မပိုင်ဘူးလို့ မှတ်ပါတဲ့။

ဇင်္ဂမဥစ္စာဖြစ်တဲ့ ရွှေ ငွေ ကျောက်သံ ပတ္တမြားက ကော ဘယ်လိုပြောသလဲဆိုလျှင် အလွန်ရိုက်တဲ့အကောင် တွေဘဲ၊ ငါ့ကို သူတို့က ပိုင်တယ်လို့ ထင်နေကြတာ အလွန် မှားနေတာဘဲ၊ သူတို့ ငါ့ကိုဘယ်နည်းနှင့်မှ မပိုင် နိုင်ဘူးတဲ့၊ တကယ်ဆိုလျှင် ငါက ရန်သူမျိုး ငါးပါးနှင့် ဆက်ဆံနေတာ ယခု ရန်သူမျိုး ငါးပါး လာကြည့်စမ်း ငါလိုက်သွားမှာပေါ့ တဲ့၊ အကယ်၍ ရန်သူမျိုးငါးပါး မလာတောင် သူသေကြည့်စမ်းတဲ့၊ ဘယ်နည်းနှင့်မှ ငါ သူတို့နောက် မလိုက်ဘူး မှတ်ပါ၊ဒါကြောင့် ဇင်္ဂမဥစ္စာလဲ ကိုယ်ပိုင်မဟုတ်ဘူး။

အင်္ဂသမ ဥစ္စာကကော ဘယ်လို ပြောသလဲ ဆိုလျှင် သူတို့မှာ လက်မှုပညာတတ်တယ်၊နှုတ်မှုပညာတတ်တယ်

သိုပြီး ကြွားဝါနေတာဘဲ၊ တကယ်ဆိုလျှင် သူတို့ကျွန်းမှာ သန်စွမ်းတုန်းသာ ပိုင်တော့မပေါ့တဲ့၊ ယခု ခေတ်လေးပါး ချုတ်ယွင်းကြည့်စမ်း၊ ငါ့ကို ဘယ်နည်းနှင့်မျှ သူတို့ အသုံး ချနိုင်ဘူးမှတ်ပါ၊ အကယ်၍ သူတို့ သေသွားရင်ကော ငါဘယ်နည်းနှင့်မျှ သူတို့နောက်မလိုက်နိုင်ဘူး၊ ဒါကြောင့် အင်္ဂသမ ဥစ္စာလဲ ကိုယ်ပိုင်ပစ္စည်း မဟုတ်ဘူး။

ဘယ်ဟာမှ ကိုယ်ပိုင်ပစ္စည်းလဲ ဆိုလျှင် အနုဂါမိက ဥစ္စာဖြစ်တဲ့ ဒါန-**သီလ-ဘာဝနာ**မှ သာလျှင် ကိုယ်နှင့် ဆိုင်တဲ့ ကိုယ်ပိုင်ပစ္စည်းဟူ၍ မှတ်ရမယ်၊ ဒါကြောင့် ဒါန သီလ-ဘာဝနာမှကိုယ်ပိုင်ပစ္စည်း ကိုယ်နှင့်ဆိုင်တဲ့ပစ္စည်း ဖြစ်ကြောင်းကို ဘုရားသခင် ကိုယ်တော်မြတ် ဟောထား တာပေါ့။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ,မနောသေဋ္ဌာ မနောမယာ၊
မနသာစေ ပသန္နေန,ဘာသတိဝါ ကရောတိဝါ၊
တတောနံ သုခမန္ဝေတိ,ဆာယာဝ အနုပါယိနီ။

ဓမ္မပဒ ပါဠိတော်။

ဓမ္မာ-နာမက္ခန္ဓာတရား သုံးပါးတို့သည်၊ မနော ပုဗ္ဗင်္ဂမာ-ဝိညာဏက္ခန္ဓာ သာလျှင် ပြဋ္ဌာန်းခြင်း ရှိကုန်၏၊ မနောသေဋ္ဌာ-စိတ်လျှင်ကြီးမြတ်ကုန်၏၊ မနောမယာ-စိတ်ဖြင့်ပြီးကုန်၏၊ ပသန္နေန-ကြည်ညို လှစွာသော၊ မနသာ-စိတ်ဖြင့်၊ စေဘာသတိဝါ- အကယ်၍ မူလည်း ပြောဆိုငြားအံ့၊ စေကရော တိဝါ အကယ်၍မူလည်းပြုငြားအံ့၊ ဘတော-ထိုသို့

ပြောမိ ပြုမိ ကြံစည် မိခြင်းကြောင့်၊ နံပုဂ္ဂလံ-ထိုပုဂ္ဂိုလ်ကို၊ သုခံ-ချမ်းသာသည်၊ အနွေတိ-အစဉ်လိုက်၏၊ ကိမိဝ-ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား၊ ဆာယာ-အရိပ်သည်၊ အနပါယိနိ ဇာဝ-အစဉ်လိုက်သကဲ့သို့၊ သုခံ-ချမ်းသာသည်၊ အနွေတိ အစဉ်လိုက်၏။

ဒါကြောင့် ဒါန-သီလ-ဘာဝနာ သာလျှင် ကိုယ်နှင့် ဆိုင်တဲ့ ကိုယ်ပိုင် ပစ္စည်းဟူ၍ ယုံကြည်စိတ် ထားပြီး လေးလေး စားစား နှင့် ရှာဖွေ အားထုတ် ကြကုန်ရာ သတည်း။

---

## အနာထပိဏ် နှင့် သားကာလ

အနာထပိဏ် သူဌေးကြီးက မိမိသား ကာလသတိုးသားအား တရားမရ ရအောင် ကြံဆောင်ပုံ

အနာထပိဏ်သူဌေးကြီးအိမ်မှာ **ကာလ သတိုးသား** မှတပါး အားလုံးသော အိမ်သူ အိမ်သားများဟာ အရိယာ ချည်းဖြစ်ကြတယ်၊ သူဌေးကြီး၏သား ကာလသတိုးသား မှာ သုံ့ဌေးသား ဖြစ်သည့် အတိုင်း ဥစ္စာ ပေါပေါနှင့် ဖြုန်းသုံးလည်ပတ် သွားလာပြီး ပျော်ချင်တိုင်း ပျော်နေ လိုက်တာ ဘုရားနားမကပ်, တရားနားမကပ်, သံဃာနား မကပ် ဖြစ်နေသည့်အတွက် သူဌေးကြီးကလဲ **သောတာ**ပန်ဖြစ်နေလေတော့ ကြမ်းကြမ်းတန်းတန်း ဆိုဆုံးမရန်

မသင့်သဖြင့် သူဌေးကြီးက ပရိယာယ်ဖြင့် ဟေ့-ကာလ သနေ့ မင်းဥပုသ်စောင့်မယ်တရားနာမယ်ဆိုရင် မင်းအား အသပြာတရာပေးမယ်လို့ဆိုတော့ ကာလသတိုးသားက ဘခင် တကယ်ပေးမှာလားဟု ပြန်မေးသတဲ့၊ ဒီတော့ သူဌေးကဟဲ့ကာလ ငါတကယ်ပေးမှာပေါ့ဟု ပြောသဖြင့် ကောင်းပြီ ကျွန်တော့ကို **သီလပေးပါ**ဟု ဆိုပြီး သီလ ဆောက်တည်လျက် တရားနာရန်ဆို၍ ဘုရားကျောင်း တော်သို့ ထွက်ခဲ့တယ်၊ ဘုရားကျောင်းတော်ရောက်တော့ တရားမနာဘဲ တော်ရာ လျော်ရာ လှည့်ပတ် သွားလာပြီး အချိန်တန်တော့ အိမ်ပြန်လာတယ်။

အိမ်ရောက်တော့ သူဌေးကြီးက အိမ်သူအိမ်သားများ အား ဟဲ့ကာလယနေ့ဥပုသ်စောင့်တယ်၊ထမင်းဟင်းများ ကျွေးပါလို့ဆိုတော့ ကောင်းမွန်စွာ ထမင်းပွဲ ရှေ့ရောက် ပြင်ဆင်ပြီး ကျွေးမွေးတဲ့ အခါ၊ ကာလ သတိုးသားက ထမင်းမစားဘဲနေတယ်၊ဒီတော့ သူဌေးကြီးက ဟဲ့ကာလ ထမင်းစားကွဲလို့ဆိုတော့ဘာစားမလဲဗျလို့ပြန်ပြောသတဲ့ ဟဲ့ကာလ ဘာပြုလို့လဲလို့ တဖန် ပြန်မေးတော့မှ၊ ဘခင် အသပြာတရာပေးမယ်ဆိုပြီး အသပြာတရာမှ မပေးဘဲဟု ဆိုတော့ သူဌေးကြီးက ဟာဒီလိုဆိုရင် အသပြာတရာ ယူခဲ့ကြပါဟဲ့ ဆိုပြီး အသပြာ တရာပေးတယ်၊ ကာလ သတိုးသားကလဲ အသပြာတရာရမှ ထမင်းစားသတဲ့၊ အဲဒီတော့ သူဌေးကြီးက ဝမ်းမြောက် ဝမ်းသာနှင့်ကာလ ဟာ မချ တရားတွေ့ရမယ်လို့ ဆိုပြီး နောက်တခါ ဟေ့

ကာလ ဒီတခါဥပုသ်စောင့်ပြီး တရားများကိုတတ်အောင် သင်ခဲ့ရင်၊ အသပြာတထောင် ပေးမယ်လို့ ဆိုပြန်တော့ ကာလက ဘခင် အဟုတ်ပေးမှာလားဟု ပြန်မေးတော့ ဟဲ့ ငါအရင်တခါ ပေးပြီးပြီ မဟုတ်လား ခုလဲ ငါပေးမှာပေါ့ ဆိုသဖြင့် ကာလ သတိုးသားဟာ သီလ ခံယူပြီး ကျောင်းတော်သို့ ထွက်ခဲ့ပြန်သတဲ့။

ဒီတခါ ကျတော့ ကာလ ညာလို့ မရတော့ဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့ သီလတင် မဟုတ်ဘူး တရားကို မှတ်မိအောင် တတ်အောင် သင်ရမှာ ဖြစ်တော့ ညာလို့ မရတော့ဘူးပေါ့၊မြတ်စွာဘုရားထံဝင်ပြီး တရားတော်ကို သူတတ်အောင် သင်ရတော့ ပဌမတခေါက် ဆုံးသွားတယ်၊ တရားမတွေ့ဘူး၊ တရား မတွေ့အောင် ဘုရားသခင်က ကွယ်ထားလိုက်တာကိုး၊ ဒီတော့ သူမေ့သွားတာပေါ့၊ ဒီလိုတရားမရရင် အသပြာရမှာ မဟုတ်ဘူး၊ ဒီတော့ နောက်တခေါက် ပြန်သင် ပြန်တော့လဲ တရားမတွေ့၊ ဘယ်တွေ့မလဲ မတွေ့အောင်ပင် ဘုရားသခင်က ကွယ်ထားတာကိုး၊ နောင် တတိယ အကြိမ် ပြန်သင်တော့မှ တရားလဲတွေ့၊တရားလဲ မမေ့တော့ဘူးတဲ့၊ဒီတခါ ကျတော့ ကာလသတိုးသားက စဉ်းစားသတဲ့၊ ဘယ်လို စဉ်းစားသလဲ ဆိုတော့ ယခုအခါ ငါအိမ်ပြန်သွားလို့ ရှိရင် အသပြာတထောင်နှင့် ထမင်းပွဲကို မပေးဘဲ နေပါမူကား ကောင်းလေစွဟု သူ စိတ်ကူးအောက်မေ့မိသတဲ့၊ စိတ်ကူးတဲ့ အတိုင်းဘဲ သူ အိမ်ကို မပြန်ရဲဘဲ အလွန်

မှုက်နေတယ်၊ နောက် ရဟန်းတော်များ သူဌေးကြီးဇနီး ဆွမ်းစားကြွသွားမှ ကာလသတိုးသားကလဲ နောက်က တပါတည်း လိုက်သွားတယ်။

သူဌေးကြီးကလဲ ကာလသတိုးသားအတွက် ထမင်းပွဲနှင့် အသပြာတထောင် ပြင်ထားတယ်၊ သံဃာတော် များ အနားမကပ်ဘူးတဲ့၊ ကာလဟာ တရားတွေ့တာနှင့် တပြိုင်နက် သံဃာတော်များကို အရှိအသေ ပေးပြီး ဝတ်ကြီး ဝတ်ငယ်တွေ ပြုစု လုပ်ကျွေးနေတယ်၊ ဒီတော့ သူဌေးကြီးက ဟော့ကာလ ဒီမှာ မင်းအတွက် ထမင်းပွဲနှင့် အသပြာတထောင်လို့ ဆိုပြီး ပေးတော့ အလွန် ရှက်နိုး သဖြင့် ပြန်စောင်းတောင် လှည့်မကြည့်ဘဲ နေတယ်။

ထိုအခြင်းအရာတွေကို ဘုရားသခင် ကိုယ်တော်မြတ် သိလေတော့ ကာလနှင့် သူဌေးကြီး တယောက်နှင့် တယောက် အဆင်မပြေဖြစ်နေတဲ့အကြောင်း စဉ်းစားပြီး ကိုယ်တော်တိုင် သူဌေးကြီး အိမ်သို့ ကြွသွားလျက် ဒါယကာ သူဌေး-ကာလ သတိုးသားက ဘာများ ပြော သလဲဟု မေးတော့မှ အရှင်ဘုရား- အရင် တလောက ဥပုသ်စောင့်လို့ တရားနာလျှင် အသပြာတရာ ပေးမယ်လို့ ပြောတော့ ဥပုသ်စောင့်ပြီး ပြန်လာတဲ့အခါ အသပြာ တရာမရလို့ ထမင်းမစားဘဲ နေပါတယ်၊ အသပြာ တရာ ရမှ သူ ထမင်းစားပါတယ်၊ ယခု ဥပုသ်စောင့်၍ တရားကို တတ်အောင် သင်လျှင် အသပြာတထောင် ပေးမယ်လို့ ဆိုပြီး လွှတ်လိုက်တော့ ယခု အသပြာ တထောင်နှင့်

ထမင်းပွဲကို ပြန်စောင်းတောင်မှ လှည့် မကြည့်ပါဘူး ဘုရားလို့ လျှောက်ထားတယ်။

အဲဒီ အခါကျတော့မှ ဘုရားသခင်က ဒါယကာ သူဌေးကြီး-ရှေးအခါက ဇိမ်ရှေ့မင်းသား တောကစား သွားတဲ့အခါ မျက်စိလည် လမ်းမှားပြီးတော့ နံနက်စာလဲ မစားရ ညစာလဲ မစားရ အလွန်မွတ်သိပ်ပြီး နေတဲ့ အခါ ငယ်စဉ်က ကျောင်းနေဘက် ဖြစ်ဘူးတဲ့ တောတွင်း သားနှင့် သွားပြီးတွေ့တယ်၊ဒီတော့မှ ဇိမ်ရှေ့မင်းသားက သူငယ်ချင်း ငါတော့ တနေ့လုံးမျက်စိလည်ပြီး တောတွင်း မှာ လမ်းမှားနေလိုက်တာ နန်းတော်လဲ ပြန်မရောက်ဘူး၊ နံနက်စာလဲ မစားရ၊ညစာလဲ မစားရ၊ ဒါကြောင့် ငါ့ကို ထမင်းတနပ် ကျွေးပါကွယ်လို့ ဇိမ်ရှေ့ မင်းသားက ပြောတော့ တောတွင်း သားက ဟာ သူငယ်ချင်း လာလိုက်ခဲ့ ငါ့အိမ်မှာ ထမင်းတွေ အများကြီးရှိတယ် ဆိုပြီး အိမ်ကို ခေါ်သွားတယ်၊ အိမ်ကျတော့ ထမင်းပုပ် ဟင်းပုပ်များနှင့် ကျွေးတာပေါ့။

ဒီအခါ ဇိမ်ရှေ့ မင်းသားဟာ ညအခါကလဲဖြစ် ထမင်းကလဲ အင်မတန် ဆာလောင် မွတ်သိပ်နေတော့ အလွန်ဘဲ ထမင်းစားကောင်းတာကိုး၊ ဒီတော့ ဇိမ်ရှေ့ မင်းသားက တောတွင်းသားကို ပြောတယ်၊ သူငယ်ချင်း ရယ် ငါနန်းတော်ထဲမှာ ဆီဦး ထောပတ် အမြိုက်အရသာ တွေနှင့် စားရတာ ယခု ထမင်းစားရသလို တခါမှ မမြိန် ရှက်ဘူးဘူး သူငယ်ချင်း၊ ယခု စားရတာ အလွန်ကို

မြိန်တာဘဲ၊ ဟင်းချိုကလေးကလဲ ချိုလိုက်ထာ သူငယ်ချင်းရယ်လို့ ပြောတော့၊ တောတွင်းသားက သူငယ်ချင်း စားသာစားပါ အားမနာပါနှင့် ထမင်းတွေ ဟင်းတွေ အများကြီးရှိတယ် မကုန်နိုင်ဘူးလို့ ပြောတယ်၊ ဇိမ်ရှေ မင်းသားက သူငယ်ချင်း မနက်ဖြန်ခါ နန်းတော်ပြန်ခါနီး ငါ့ကို ဒီဟင်းနှင့် ကျွေးပါအုံး သူငယ်ချင်းလို့ ပြောတော့၊ ဟာသူငယ်ချင်းစားသာစားပါ မပူးရိမ်ပါနှင့် မီးဖိုပေါ်မှာ ဟင်းအိုးကြီးနှင့်တလုံး အပြည့်ရှိပါသေးတယ်၊စိတ်သာချ ငါကျွေးလိုက်မယ်လို့ ပြောတယ်၊ ဒါနှင့် သူငယ်ချင်း နှစ်ယောက် ရှေ့ဖြစ် နောက်ဖြစ် စပ်မိစပ်ရာ **အညာဥပ သညာဥပ** ပြောဆို နေကြရင်းက ထပ်ပြီး သူငယ်ချင်း- ငါလေ နန်းတော်မှာ ထမင်းစားရတာ ခုလို တခါမျှ မမြိန်ဘူး၊ မနက်ဖြန်ခါ ငါ့ကို ဒီဟင်းနှင့် ထမင်းကျွေးပါဦးလို့ ပြောပြန်တော့ ဟာ သူငယ်ချင်း စိတ်ချသာအိပ်ပါ၊ မကုန်နိုင်ပါဘူး၊ ဟင်းတွေ အများကြီး ရှိပါတယ်၊ ငါဆက်ဆက် ကျွေးပါမယ်လို့ ပြောတော့မှ သူငယ်ချင်း နှစ်ယောက် အိပ်ကြတယ်။

နောက်တနေ့ နံက်မိုးသောက် အလင်းရောက်တော့မှ အိပ်ရာကနိုးပြီး ကိုင်း-သူငယ်ချင်း ငါနန်းတော်ကို ပြန်တော့မယ်၊ မနေ့က ဟင်းကလေးနှင့် ငါ့ကိုထမင်းကျွေးပါအုံးလို့ ပြောတော့၊ ညက ကျွေးတဲ့အတိုင်း ထမင်းနှင့် ဟင်းကို ခူးခပ်ပြီး ကျွေးတာပေါ့၊ ဒီအခါကျတော့ ဆာလောင်မွတ်သိပ်ခြင်းကလဲကင်းနေ နေ့အခါအလင်းရောင်

ကလဲ ရလေတော့ ထင်ရှားစွာ မြင်ရတာပေါ့၊ ထမင်းစား မယ်လို့ ဟင်းချိုဟင်းကို ဇွန်းနှင့် ကော်ခပ်လိုက်တော့ လား,လား, တိကောင်တွေ အစင်းသား အစင်းသား ပေါ်လာတာပေါ့။

ဒီတော့မှ အိမ်ရှေ့မင်းသားက ဟဲ့ သူငယ်ချင်း ဒါ-ဘာတွေလဲလို့ မေးတော့ ဟာ သူငယ်ချင်း ညက မင်း ထမင်းမြိန်တာ ဒီဟင်းပေါ့လို့ပြောလိုက်တော့မှ ဖြစ်မှဖြစ် ရလေ သူငယ်ချင်းရယ်လို့ ပြောပြီး အော့လိုက် အန်လိုက် ထာ မပြောနှင့်တော့၊ ညကတော့ ကြာဖံဟင်းမှတ်လို့ အလွန် ချိုမြိန်တာကလား၊ ယခုမှ တိကောင်ဟင်းမှန်း သိတော့ အလွန်ကို ရွံရှာစက်ဆုပ်သွားတယ်။

ဒီတော့မှ တောတွင်းသားက ပြောတယ်၊ ဟဲ့-သူငယ်ချင်း ညက ထမင်းမြိန်ပြီး အလွန် ကောင်းတယ် ဆိုတာလဲ မင်းဘဲ၊ ယခု ရွံမုန်းတာလဲ မင်းဘဲလို့ ပြော တယ်၊ အဲဒါ အိမ်ရှေ့မင်းသားဟာ မသိတော့ တိကောင် ဟင်းကိုဘဲ အလွန်နှစ်သက်တယ်၊တိကောင်မှန်းသိတော့ အိမ်ရှေ့မင်းသားဟာ အလွန် ရွံမုန်းသလိုဘဲ ကာလ သတိုးသားဟာ အဝိဇ္ဇာဖုံးလွှမ်းနေတုန်းက အသပြာတရာ နှင့် ထမင်းပွဲကြီးကို အလွန်နှစ်သက်တယ်၊ ယခု အဝိဇ္ဇာ ကွာ၍ ဝိဇ္ဇာညဏ်အလင်းရလာသဖြင့် အသပြာတထောင် နှင့် ထမင်းပွဲကို ရွံမုန်းခြင်းဖြစ်ထာလို့ ဘုရားသခင် ကိုယ် တော်မြတ်ကြီးက သူဌေးကြီးကို မိန့်ကြားတယ်။

အဲဒီဥပမာကို ယောဂီများ မြင်အောင် စဉ်းစားကြည့်ကြ၊ ငါတို့သည် ယခု နှစ်သက်တပ်မက်နေသော ကာမဂုဏ် ငါးပါး အာရုံခြောက်ပါးကို အလွန်ခင်မင်နေတာ အဝိဇ္ဇာဖုံးလွှမ်းနေသောကြောင့် မမြင်ရတာလို့ ဆိုရမယ်၊ ယခုဝိပဿနာနှင့်ဝိဇ္ဇာဉာဏ်ရလာလျှင် မချကာမဂုဏ်၏ အပြစ် အာဒီနဝတွေကို မြင်၍ ရှုံမုန်း ကြောက်ရွံ့ပြီး လွတ်မြောက်လိုတဲ့စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာလိမ့်မယ်၊ အဲဒီပုံဝတ္ထုကိုထောက်၍ အနာထပိဏ် သူဌေးသည် ကာလကို တရားမတွေ့တွေ့အောင် ကြံဆောင်သလို မိမိတို့လဲ တရားမတွေ့တွေ့အောင် ရှာဖွေပြီး ပတ်ဝန်းကျင် မိတ်သင်္ဂဟများကိုလဲ ကာလ သတိုးသားကဲ့သို့ တရားရရန် အားပေးတိုက်တွန်း ချီးမြှောက်ကြပါကုန်။

---

## ဒါန-သီလ-ဘာဝနာ

ဗုဒ္ဓဘာသာအသူ၌ သက်ဝင် ယုံကြည်ကြကုန်သော ပုဂ္ဂိုလ်များဟာ များသောအားဖြင့် ဒါနမှု, သီလမှု, ဘာဝနာမှု,များကို အမြဲတမ်း အလေးဂရုပြု၍ ဆောင်ရွက်ကြတယ်၊ အဲဒီ အလေးဂရုပြုလုပ်ကြတဲ့ ဒါနမျိုး,သီလမျိုး, အခါမှာ ဘာဝနာမျိုးကို မပြုလဲမနေနိုင်၊မနေနိုင်လို့ပြုလုပ်ရတဲ့ဒီဒါန၏ အကျိုးအာနိသံသကို အစွမ်းကုန် ခံစားဘို့ရာ ဒါအရေးကြီးဆုံးပေါ့။

ဒီတော့ များသောအားဖြင့် ဒါနကို နိဗ္ဗာန်ရတယ်လို့ ပုဂ္ဂိုလ်အများအပြား ပြောကြတာပေါ့၊ သီလလဲ နိဗ္ဗာန်ရတယ်။ ဘာဝနာလဲ နိဗ္ဗာန်ရတယ်လို့၊ ဒါတော့ သူရောငါပါ ရဟန်းရှင်လူ ပုဂ္ဂိုလ်အများဘဲ ဟောကြတယ်နော်။

ဒါနဟာ နိဗ္ဗာန်မရဘူး၊ သီလလဲ နိဗ္ဗာန်မရဘူး၊ ဘာဝနာလဲ နိဗ္ဗာန်မရဘူးလို့ ဤလို ဟောလျှင် အတော်ဘဲ စိတ်ထဲမှာ မချမ်းမသာဖြစ်ကြမယ်၊ အမှန်ဘဲ မှုချ။

ဒါန နိဗ္ဗာန်ရတာ အမှန်၊ မရတာလဲ အမှန်ဘဲ၊
သီလလဲထိုအတူနိဗ္ဗာန်ရတာအမှန်၊မရတာလဲအမှန်ဘဲ၊
ဘာဝနာ လဲ နိဗ္ဗာန်ရတာအမှန်၊မရတာလဲ အမှန်ဘဲ၊

အဲဒါ သာမညနှင့်တော့ မသိဘူးပေါ့၊ တကယ့်ဉာဏ်စခန်းကို ကိုယ်တိုင် ကိုယ်ပိုင် ဉာဏ်နှင့် တွေ့မြင်ကြမှ အော်- ဒီဒါနမျိုးဟာ နိဗ္ဗာန်ရတယ်၊ ဒီဒါနမျိုးကတော့ နိဗ္ဗာန်မရဘူး၊ ဒီသီလမျိုးကတော့ နိဗ္ဗာန်ရတယ်၊ ဒီသီလမျိုးကတော့ နိဗ္ဗာန်မရဘူး၊ ဒီလို အားထုတ်တဲ့ဘာဝနာက နိဗ္ဗာန်ရတယ်။ ဒီလို အားထုတ်တဲ့ ဘာဝနာမျိုးက နိဗ္ဗာန်မရဘူးဆိုတာ ကွဲကွဲပြားပြားနှင့် ကျကျနန သေသေချာချာ သိတို့က ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိမှ မလွယ်ဘူးပေါ့။ ဟောတဲ့ ပုဂ္ဂိုလ်လဲ မလွယ်ဘူး၊ နာရတဲ့ပုဂ္ဂိုလ်လဲ မလွယ်ဘူး။

ဒါကြောင့်လဲ မဟောပြောကြတာ၊တကယ် အစစ်ကျတော့ အမှန်ကိုဘဲ ဒီ ဒါနဆိုတာ အကြောင်းတရားလို့

ခေါ်တယ်၊ သီလလဲ အကြောင်းတရားခေါ်တယ်၊ ဘာဝနာလဲ အကြောင်းတရားခေါ်တယ်၊ အကြောင်းတရားဆိုတာ အကျိုးတရားနှင့် မကင်းဘူး၊ မကင်းပုံက-

ယာဒိသံ ဝပတေ ဗီဇံ,
တာဒိသံ ဟရတေ ဖလံ၊
ကလျာဏကာရီ ကလျာဏံ,
ပါပကာရီစ ပါပကံ။

ဓမ္မပဒ။

ယာဒိသံ- အကြင်သို့ သဘောရှိသော၊ ဗီဇံ- မျိုးစေ့ကို၊ ဝပတေ-စိုက်ပျိုးလေ၏၊ တာဒိသံ- ထိုမျိုးစေ့နှင့် တူသော၊ ဖလံ- အသီး အနှံကို၊ ဟရတေ- အချိန်ရောက်က ပေါ်ပေါက်လာပေ၏၊ ကလျာဏကာရီ- ကောင်းမှုကုသိုလ်ကို ပြုလေ့ရှိသော သူသည်၊ ကလျာဏံ- ကောင်းကျိုးကို၊ လဘတေ-ရနိုင်ရာ၏၊ ပါပကာရီစ-မကောင်းမှုကို ပြုလေ့ရှိသော သူသည်လည်း၊ ပါပကံ-မကောင်းကျိုးကို၊ လဘတေ-ရနိုင်ရာ၏။

**ဥပမာ** ပြတဲ့ စကား အဓိပ္ပါယ်က မိမိတို့ စိုက်ပျိုးတဲ့ မျိုးစေ့သာပေါက်ရမယ်တဲ့၊ မိမိတို့ စိုက်ပျိုးတဲ့ မျိုးစေ့က ချိုမြိန်သော အရသာနှင့် ပြည့်စုံတဲ့ နဂ္ဂါ, ထောပတ်ရှာ, မာလကာ, ပိန္နဲ, မျိုးကို စိုက်ပျိုးထားရင် ချိုမြိန်သော အရသာနှင့်ပြည့်စုံတဲ့ နဂ္ဂါ, ထောပတ်ရှာ, မာလကာ, ပိန္နဲ, အသီးကိုသာ သီးမယ်။

မိမိတို့စိုက်ပျိုးတဲ့မျိုးစေ့က ခါးအန်သော အရသာနှင့် ပြည့်စုံတဲ့ ခွေးတောက်၊ တမာ၊ ဂန့်ဂလာမျိုး စိုက်ပျိုးထားမယ် ဆိုလျှင် ခါးအန်သော အရသာနှင့် ပြည့်စုံတဲ့ ခွေးတောက်၊ တမာ၊ ဂန့်ဂလာဘဲ ပေါက်မယ်၊ အဲဒါ ဥပမာဘဲ။

ဒီဥပမာဟာ အင်မတန်အဘိုးတန်ပါတယ်၊ လွယ်လွယ်ကလေးနဲ့ အဓိပ္ပါယ် ရှင်းရှင်း နားလည်ဘို့ အကြောင်းတရားတဲ့ အကျိုးတရားတဲ့ နှစ်မျိုးရှိတယ်၊ အကြောင်းအကျိုး နှစ်မျိုးတို့တွင် အကြောင်း တရားက ဘာလဲ၊ **ကုသိုလ်ကံသည်** အကြောင်းတရား၊ **အကုသိုလ်ကံသည်** အကြောင်းတရား၊ အဲဒီ ကုသိုလ်ကံ အကြောင်းတရားမှာ ဘယ်နှစ်မျိုး ပြားသလဲဆိုတော့ **တိဟိတ်ကုသိုလ်**၊ **ဒွိဟိတ်ကုသိုလ်**၊ နှစ်မျိုးပြားတယ်၊ တိဟိတ်ကုသိုလ် ဆိုတာက ဟိတ်သုံးပါးနှင့် ယှဉ်တယ်၊ ဒွိဟိတ်ကုသိုလ် ဆိုတာက ဟိတ်နှစ်ပါးနှင့် ယှဉ်တယ်၊ ဟိတ်သုံးပါးဆိုတာ ဘယ်သူတွေလဲ၊ **အလောဘဟိတ်**၊ **အဒေါသဟိတ်**၊ **အမောဟဟိတ်**၊ ဟိတ်သုံးပါးနှင့်ယှဉ်တဲ့ တိဟိတ်ကုသိုလ်တဲ့။

ဒွိဟိတ်ကုသိုလ်ဆိုတာက ဟိတ်နှစ်ပါးနှင့် ယှဉ်တယ်၊ ဟိတ်နှစ်ပါးက ဘယ်သူတွေလဲ ဆိုလျှင် **အလောဘ**ဟိတ်နှင့် **အဒေါသ**ဟိတ်သာယှဉ်တယ်၊ **အမောဟ**ဟိတ်မပါဘူး၊ အဲဒီ အမောဟဟိတ်မပါလျှင် မောဟဖြစ်တော့မှာပေါ့ အမောဟ မောဟ နှစ်မျိုးရှိတာကို၊ အမောဟဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် မောဟပေါ့။

အဲဒါကြောင့် အလောဘ, အဒေါသ, အမောဟ ဟိတ် သုံးပါးနှင့် ယှဉ်တာက တိဟိတ် ကုသိုလ်၊ အလောဘ, အဒေါသ ဟိတ် နှစ်ပါးနှင့် ယှဉ်တာက ဒွိဟိတ်ကုသိုလ်၊ ဘဲ–ဒွိဟိတ် တိဟိတ်နှစ်မျိုး တွေ့သွားပြီ။

တိဟိတ်ကုသိုလ်ဆိုတာ ဉာဏ်နှင့်ယှဉ်တဲ့ကုသိုလ်လို့ ခေါ်တယ်၊ဉာဏ်ဆိုတာက **ပညာ်စေ**ကိုခေါ်တယ်၊ပညိန္ဒြေ သမ္မာဒိဋ္ဌိမဂ္ဂင် ဉာဏ်လို့လဲ ခေါ်တယ်၊ **ဝိဇ္ဇာဉာဏ်** လို့လဲ ခေါ်တယ်၊ အဲဒီ သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ် ဝိဇ္ဇာဉာဏ်အုပ်စိုးတဲ့ ကုသိုလ်မျိုးမှ တိဟိတ် ကုသိုလ်၊ အဲ အမှုမဲ့ အမှတ်မဲ့ လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေ သံသရာ ဝဋ်ဆိုးကြီးကို မမြင် ဘဲနှင့် **ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ,** မက်မောတောင့်တပြီး လှူတဲ့ ကုသိုလ်တွေ၊ အဲဒီကုသိုလ်မျိုးက မောဟ အုပ်စိုး လာသည်ဖြစ်သောကြောင့် ဒွိဟိတ်ကုသိုလ်တဲ့။

ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ တွေကို မတောင့်တဘဲ အဝိဇ္ဇာကို ပယ်ခွါသဖြင့် ဝိဇ္ဇာဉာဏ် အလင်းရောင်ရ၍ ဒုက္ခကို မြင်သိသောကြောင့် ဒုက္ခနယ်အတွင်းက လွတ် ကင်းလို၍ နိဗ္ဗာန်ကိုသာ သက်သက် မျှော်မှော်ပြုလိုတဲ့ စေတနာနှင့် ပြုလုပ်တဲ့ ကုသိုလ်မျိုးကျတော့ တိဟိတ် ကုသိုလ်တဲ့၊ **ဝိဇ္ဇာဉာဏ်** ယှဉ်တဲ့ ကုသိုလ်လို့ ခေါ်တယ်၊ အဲဒါတိဟိတ်နှင့် ဒွိဟိတ် နှစ်မျိုးကွဲသွားရော။

ဒါနကိုပြုလုပ်လဲ ဒီတိဟိတ် ဒွိဟိတ် နှစ်မျိုးဘဲ၊ သီလ စောင့်ရင်လဲ ဒီတိဟိတ် ဒွိဟိတ်နှစ်မျိုးဘဲ၊ ဘာဝနာပွါးလဲ

ဒီ တိဟိတ် ဒွိဟိတ် နှစ်မျိုးဘဲ ရှိတယ်၊ ဒါအရေးကြီးတဲ့ တရားတွေဘဲ၊ ကြိုးစားမှတ်ထားကြ။

အလှူပေးတဲ့အလှူရှင်ဆိုတာ မိမိပစ္စည်းရှိလျှင် လှူတတ်တာပေါ့၊ ပစ္စည်းရှိလို့ လှူဒါန်းတတ်တိုင်း မိမိတို့မှာ အကျိုး ခံစားရသလားဆိုလျှင် လူတိုင်း မခံစားရဘူးတဲ့၊ လှူလျှင် ကုသိုလ်ဖြစ်တယ် ဆိုတာတော့ **ကလေးတောင် သိတာ**ပေါ့၊ မှန်တယ်၊ လှူလို့ ကုသိုလ်ရတာတော့ မလွဲဘူးပေါ့၊ သို့သော် ကုသိုလ်ရတယ် ဆိုတာက ကုသိုလ် တည်းဟူသော အကြောင်းတရားကြောင့် အကျိုးခံစားဘို့ ယခု အကြောင်း တရားကို ပြောနေတာ၊ အချို့ကတော့ ဆုတောင်းလျှင် ရတယ်အောက်မေ့၍ တောင်းကြတယ်၊ တောင်းပါတယ် တော်တော်ကို တောင်းကြတယ်၊ ဘယ် လောက်အထိ တောင်သလဲဆိုလျှင် ဤကုသိုလ်ကောင်း မှုကြောင့် လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, တွေလဲ တောင်းပြီးတော့ ဘာတောင်းသေးသလဲဆိုတော့ **တိဟိတ်ဥက္ကဋ္ဌ ဉာဏသန္ဓေ ဆက်တိုင်းနေ၍** အဲဒီသို များတောင် ဆုတောင်းကြတယ်၊ တိဟိတ်ဥက္ကဋ္ဌ ဉာဏ သန္ဓေဆိုတဲ့ တိဟိတ်ပဋိသန္ဓေ နေပါရစေဟု ဆုတောင်း တယ်၊ အဲဒီ ပဋိသန္ဓေဟာ အကြောင်းတရားလား အကျိုး တရားလား အကျိုးတရား အကြောင်းတရား မရှိဘဲနှင့် အကျိုးတရား တောင်းနေလို့ ဘယ်မှာလာရမလဲ၊ ဘယ် တော့မှမရဘူး၊ အဲဒါကြောင့် အကြောင်းအကျိုးကို ပြတာ၊ အကြောင်းတရားမှန်မှ အကျိုးကိုပေးတာ။

အဲဒီတိဟိတ် ကုသိုလ်ကလဲ၊ ဥက္ကဋ္ဌကုသိုလ်၊ ဩမကကုသိုလ်လို့ နှစ်မျိုးရှိတယ်၊
ဒွိဟိတ်ကုသိုလ်ကလဲ ဥက္ကဋ္ဌကုသိုလ်၊ ဩမက ကုသိုလ်လို့ နှစ်မျိုးရှိတယ်။
တိဟိတ်ဥက္ကဋ္ဌ ကုသိုလ် ဆိုတာကလဲ အမြတ်၊ မြတ်တဲ့ကုသိုလ် တိဟိတ် ဥက္ကဋ္ဌတဲ့၊
တိဟိတ်ဩမကကုသိုလ်ကတိဟိတ်ပင် ဖြစ်သော်လဲ အညံ့စား တိဟိတ်ထဲက၊
**ဥက္ကဋ္ဌ**—အမြတ်၊ **ဩမက**—အညံ့။
ဒွိဟိတ်လဲ ဒီလိုဘဲ၊ ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်က အမြတ်စား၊ ဒွိဟိတ်ဩမက ကုသိုလ်က အညံ့စား၊

ရှင်းရှင်းကလေး သေသေချာချာ မှတ်ထား၊ မိမိတို့အခါခပ်သိမ်း လှူနေကြတာ ဗုဒ္ဓဘာသာ လူမျိုးများ နေ့တိုင်း အမြဲတမ်း ရေချမ်းကပ်တဲ့ပုဂ္ဂိုလ် ဆီမီးကပ်တဲ့ ပုဂ္ဂိုလ် ဆွမ်းလှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေပေါ့၊ ဒါနကို မပြတ် ပြုလုပ်နေကြတာ အဲဒီပြုလုပ်တဲ့ ကုသိုလ်တွေ ငါတို့ ပြုလုပ်တဲ့ကုသိုလ်သည် **တိဟိတ်** ကုသိုလ်လား, **ဒွိဟိတ်** ကုသိုလ်လား၊ တိဟိတ် ကုသိုလ်ထည်းမှာလဲ ငါပြုတဲ့ ကုသိုလ်သည် တိဟိတ် **ဥက္ကဋ္ဌလား**, တိဟိတ် **ဩမက လား**၊ ငါပြုလုပ်တဲ့ကုသိုလ်သည် ဒွိဟိတ် **ဥက္ကဋ္ဌ**ကုသိုလ် လား, ဒွိဟိတ် **ဩမက** ကုသိုလ်လား,ဆိုတာ ကိုယ့်ဟာ ကိုယ် သိဘို့ပြောတာ၊ ယခုသင်ပေးနေတာ တကယ့်ကို ကိုယ်ပိုင်ဉာဏ်နှင့်ကြည့် ကိုယ်တိုင်သိဘို့။

အဲ-တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ဆိုဒါ ဘယ်လို လှူဒါလဲ၊ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ဆိုတာ, **ကမ္မဝဋ်**, **ဝိပါကဝဋ်**, **ကိလေသဝဋ်**, ဆိုတဲ့ ဝဋ်သုံးပါး တရားကို မြင်ပြီပေါ့၊ ကုသိုလ် အကုသိုလ် ကံက ကမ္မဝဋ်၊ ရုပ်နာမ် နှစ်ပါးက ဝိပါကဝဋ်၊ ထိုဝိပါကဝဋ်ကို မှီ၍ဖြစ်တဲ့ လောဘ ဒေါသ မောဟက ကိလေသဝဋ်၊ ဝဋ်သုံးပါးတရား အာဒီနဝ အပြစ်ကို မြင်ပြီးတော့ ဉာဏ်ထည်းမှာ ကွက်ကွက် ကွင်းကွင်း ထင်လာတဲ့ပုဂ္ဂိုလ်၊ အဲဒီလို ကမ္မဝဋ်,ဝိပါကဝဋ်, ကိလေသဝဋ်,ဝဋ်သုံးပါး အပြစ်ကိုမြင်ပြီးတော့ ဝဋ်သုံးပါး မှ လွတ်ချင်တဲ့ စေတနာ၊ ဝဋ်သုံးပါးမှ ထွက်လိုတဲ့ စေတနာနှင့် ဒါနမှုကို ပြုသည်ဖြစ်စေ၊ သီလကို ဆောက် တည်သည် ဖြစ်စေ၊ ဘာဝနာကို ပွါးသည်ဖြစ်စေ ဝဋ် သုံးပါးမှ လွတ်တဲ့ နိဗ္ဗာန်ကို တကယ်တမ်း ရည်မှန်း ပြီးတော့ လှူတဲ့ ကုသိုလ်မျိုး၊ အဲဒီလို ဝဋ်သုံးပါးကို ငြီးငွေ့ ပြီးတော့ ပြုလုပ်တဲ့ ကုသိုလ်မျိုးကို **တိဟိတ်** ကုသိုလ်လို့ ခေါ်တယ်၊ အဲဒီလို တိဟိတ်ကုသိုလ်ထည်းမှာ အကုသိုလ် အခြံအရံ မပါဘူးတဲ့။

အကုသိုလ် **မိဿက** ဆိုတာက ရှေ့နောက် ဝဲယာ အကုသိုလ်ခြံရံတယ်၊ ခြံရံ့ပုံက-

ကုသိုလ်ပြုမည့်ဆဲဆဲ မပြုမီ ပြုဆဲပြုလတ္တံ့မှာ ရှေးအခါ ကာလ **လောဘ,ဒေါသ,မောဟ**, ခြံရံတဲ့ ကုသိုလ်မျိုးနှင့် ပြုမည့်ဆဲဆဲ ကာလ နောက် ဖြစ်ပေါ်လာတဲ့ လောဘ ဒေါသ မောဟ အကုသိုလ်မျိုး၊ ရှေ့ နောက် ဝဲ ယာ

အကုသိုလ် မိဿက အခြံအရံနှင့် ပြုလုပ်တဲ့ ကုသိုလ်မျိုးကို ခေါ်တာ၊ အဲဒီလို အကုသိုလ်မိဿက အခြံအရံ မပါလျှင် တိဟိတ် ဉက္ကဋ္ဌတဲ့၊ အမြတ်ကုသိုလ် ခေါ်တယ်။

အကုသိုလ်မိဿကအခြံအရံမပါတဲ့ တိဟိတ်ကုသိုလ်မျိုးတော့မှန်တယ်၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေကိုလဲ မတောင့်တဘူး၊ လောက၏ အာဒီနဝ,ကာမဂုဏ်၏ အာဒီနဝ အပြစ်တွေကိုလဲ မြင်တယ်၊ ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ်, ကိလေသဝဋ္ဋ်ဆိုတဲ့ ဝဋ္ဋ်သုံးပါးကိုလဲ မြင်တယ်၊ မြင်လို့ ကြောက်တယ်၊ ကြောက်တဲ့အတွက်ကြောင့် လွတ်မြောက်အောင်ဆိုတဲ့ စေတနာမျိုးနှင့် ဒါနဘဲပြုပြု သီလဘဲဆောက်တည် ဆောက်တည် ဘာဝနာဘဲပွါးပွါး၊ အဲဒီကုသိုလ်ကောင်းမှု တိဟိတ် ကုသိုလ် ပြုတာကတော့ မှန်ပါရဲ့၊ သို့သော်လဲ-သားကြောင့် သမီးကြောင့် ဆွေကြောင့် မျိုးကြောင့် စိတ်အခန့်မသင့်လို့ တစုံတရာ လောဘ ရံလာမယ်၊ ဒေါသ ရံလာမယ်၊ မောဟ ရံလာမယ်ဆိုလျှင် မိဿကဖြစ်သွားတယ်၊ မိဿက ဖြစ်သွားတော့ ဉက္ကဋ္ဌဖြစ်သေးရဲ့လား၊ မဖြစ်တော့ဘူး၊ ဩမကဖြစ်သွားပြီ၊ တိဟိတ်ဩမက ကုသိုလ်ပေါ့၊ အဲဒီ တိဟိတ်ဩမက ကုသိုလ်က ဒါလောက်ပြောရုံနှင့် အချလူတွေကတယ်ပြီး နားရှင်းကြမှာ မဟုတ်သေးဘူး၊ တိုက်ရိုက်ကို ဖွင့်ပြောမှ နားရှင်းကြမှာ၊ တိုက်ရိုက် ဖွင့်ပြောရမယ်ဆိုလျှင်-

တိပိတ် ဩဝမကကုသိုလ်မျိုးဟာ အကုသိုလ်မိဿက ခြိရံတယ် ဆိုတာက လွယ်လွယ်ကလေးနှင့် ဝင်တာ၊ ဝင်လာပုံက ယခုကာလ ရှင်ပြုတဲ့ကုသိုလ်၊ ရဟန်းခံတဲ့ ကုသိုလ်၊ ဘာလဲ ဘုရားပွဲ ကထိန်ပွဲ၊ အဲဒီလို ပွဲလမ်း သဘင်တွေနဲ့ ပျော်ရွှင် ပြီးတော့ တကကထဲ မင်းတို့ ရှင်တောင်ပြုနိုင်သေးတာ ဗျောကလေးတော့ သွင်းအုံးမှ ပေါ့ကွယ်၊ တချိုကလဲ ရဟန်းတောင် ခံနိုင်သေးတာ အငြိမ့်လေးတော့ ထည့်သွင်းအုံးမှပေါ့ကွယ်၊အဲဒါ ပျော်ပွဲ ရွှင်ပွဲဆိုတဲ့ မိဿက၊အဲဒီလို အကုသိုလ်တွေ ခြိရံပြီးတော့ လှူတဲ့ ကုသိုလ်တွေ သတိကြပ်ကြပ်ထားကြ၊ ခုကာလ အချိုက မပြောရဲဘူး၊ ပျော်စရာဘဲ ဘာကိစ္စ ရှိသလဲ၊ လှူတာက လှူတာတခြားဘဲ၊ ပျော်တာက ပျော်တာတခြား ဘဲ ဆိုပြီးတော့ အချိုက ဝေဘန်ကြတယ်၊ ဝေဘန်ပြီး ပြောကြတယ်၊ အချို ကလဲ လိုက်ပြီးတော့ တောင်မှ ချီးမြှောက် လိုက်ကြသေးတယ်၊ ချီးမြှောက်ပုံက ဟာ- အလှူမှာ ဤကဲ့သို့ ပျော်ရွှင်ပွဲတွေနှင့် ဖြေဖျော်တာဟာ **မုဒ္ဒမုဓနဉ္စာယ ကရဏဉ္စာယ သဒ္ဒဒါန**, အလှူတောင် ဖြစ်သေးတယ်တဲ့ အဲဒါတွေဟာ **မဟာ အမှားကြီး မှားကြတာပေါ့**၊ တကယ် အစစ် မဟုတ်တဲ့ တရားတွေ တို့ဘုရားသခင် ကိုယ်တော်မြတ်က ဤလို ပျော်ရွှင် ကခုန်တဲ့ တရားဟာ ဘယ့်လောက် အပြစ်ကြီးတယ် ဆိုတာကို ဟောထားပုံက **နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿန**၊ အခု စောင့်ထိန်းထားတဲ့ ရှစ်ပါးသီလထည်းမှာ

ပါတယ်မဟုတ်လား၊ အနက်ပြန်ဆိုတော့ ဘယ်လိုတဲ့လဲ "နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿနာ"မိမိကခြင်း သူတပါးကို ကစေခြင်း မိမိသီခြင်း သူတပါးကို သီစေခြင်း မိမိတီးမှုတ်ခြင်း သူတပါးကို တီးမှုတ်စေခြင်း, သာသနာတော်၏ ဆူး,ငြောင့်,တံကျင်သဖွယ်ဖြစ်သော ထိုကခြင်း, သီခြင်း, တီးမှုတ်ခြင်း,တို့ကို ကြည့်ရှုနားထောင်ခြင်းတဲ့၊

အဲဒီ"နစ္စ,ဂီတ,ဝါဒိတ,ဝိသုက,ဒဿန"ဆိုတဲ့ သိက္ခာပုဒ်ကို အချို့ကတော့ ရှစ်ပါးသီလစောင့်မှ ထိန်းသိမ်းရတယ်လို့ အယူရှိကြတယ်၊ ရှစ်ပါးသီလ မစောင့်လျှင် မထိန်းသိမ်း ရဘူးလို့ အဲသည်လို ထင်နေ ကြတယ်၊ **ဗုဒ္ဓဘာသာတွေ** မှားပုံ,မှားပုံ၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲလို့၊ ဒီရှစ်ပါးသီလကို စောင့်ထိန်းမှ ရှောင်ရတယ်၊ မစောင့်ထိန်းလျှင် မရှောင်ရဘူးထင်နေတဲ့ ပုဂ္ဂိုလ်တွေဉာဏ်မျက်စိနှင့် မြင်အောင်ကြည့်စမ်း ချပြောတဲ့ နစ္စ, ဂီတ, ဝါဒိတ,ဝိသုက,ဒဿန, ဆိုတဲ့ တရားဟာ ဘယ်ကို ရောက်စေတတ်တဲ့ တရားလဲဆိုတော့ ဟို— **ပဟာဒသရဲ** ကို ကျစေတတ်တဲ့အကြောင်းဘဲမဟုတ်လား၊ **ပဟာဒသရဲ**ဆိုတာ မြင်အောင်ကြည့်စမ်း ပဟာဒသရဲက ဘယ်မှာနေတာလဲ။

သိဉ္ဇိုင်း, ကာလသုတ်, သင်္ဃာတ, ရောရုဝ, မဟာရောရုဝ, တာပန, မဟာတာပန, အဝီစိ,လို့ ငရဲကြီး

အဲဒီ ငရဲကြီးရှစ်ထပ် ရှိတဲ့အနက်က လူ့ပြည်ကနေပြီးတော့ သိဉ္စိုဝ်းငရဲပြည်ကို ကျအောင် ယူဇနာ တသောင်းငါးထောင် ကွာဝေးတယ်။

သိဉ္စိုဝ်း ငရဲက ကာလသုတ် ငရဲထိ ယူဇနာ တသောင်းငါးထောင်၊

ကာလသုတ်ငရဲက သင်္ဃာတငရဲထိ ယူဇနာ တသောင်း ငါးထောင်၊

သင်္ဃာတငရဲက ရောရုဝ ငရဲထိ ယူဇနာ တသောင်း ငါးထောင်၊

ရောရုဝငရဲက မဟာရောရုဝ ငရဲထိ ယူဇနာ တသောင်း ငါးထောင်၊

မဟာရောရုဝ ငရဲက တာပနငရဲထိ ယူဇနာ တသောင်း ငါးထောင်၊

တာပနငရဲက မဟာတာပန ငရဲထိ ယူဇနာ တသောင်းငါးထောင်၊

မဟာတာပန ငရဲက အဝီစိ ငရဲထိ ယူဇနာ တသောင်ငါးထောင်၊

အားလုံး လူ့ပြည်ကနေပြီးတော့ ရေတွက်လိုက်မယ်ဆိုလျှင် အောက်အဝီစိအထိ တသိန်းနှစ်သောင်း ကွာဝေးတယ်၊ အဲဒီတသိန်းနှစ်သောင်း ကွာဝေးတဲ့ အဝီစိငရဲနှင့် တံပိုးထမ်းနေတဲ့ ငရဲဟာ **ပဟာသငရဲ** လို့ ခေါ်တယ်၊ တံပိုးထမ်းဆိုတော့ အဝီစိငရဲနှင့် တတန်းထဲ နေတာပေါ့၊ အသုံးမတော့ ပဟာသငရဲဟာ **အဝီစိ**ဘဲ၊ သူ့အဝီစိငရဲက

သတ်သတ်၊ ပဟာသငရဲကလဲ သီခြားသတ်သတ်ရှိတယ်၊ အဲဒါ ဘယ်လို ပုဂ္ဂိုလ်တွေ ကျတာလဲဆိုတော့ ပွဲကတဲ့ ပုဂ္ဂိုလ်တွေ ကျတာတဲ့၊ အဲ့သည်တော့ ထိုလူတွေက အောက်မေ့ကြတာပေါ့၊ ပွဲကတဲ့ လူတွေသာ ကျတာဘဲ၊ ပွဲကြည့်တဲ့ ပုဂ္ဂိုလ်တွေတော့ မကျဘူး ထင်နေကြတယ်၊ ဒီလိုထင်နေကြတဲ့ပုဂ္ဂိုလ်တွေ ကောင်းပြီ ပွဲကတဲ့ ပုဂ္ဂိုလ်တော့ ကျတယ်သိပြီ၊ပွဲကတဲ့ ပုဂ္ဂိုလ်တွေ၊ ဟာသ သဘင်ပျော်ရွှင်တဲ့ ပုဂ္ဂိုလ်တွေ ပဟာသငရဲ ရောက်တယ်ဆိုတာတော့ အသိကြသား၊ ပွဲကြည့်တဲ့ ပုဂ္ဂိုလ်တွေ မကျဘူး ကျတယ်ကို ကဲ-ယခုရှိကြတဲ့ လူများရဲ့ ကိုယ်ပိုင်ဉာဏ်ကလေးနှင့် ကြည့်ကြစမ်းပါအုံး၊ '**ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ**'တဲ့ လေးဦးရှိတယ်။

ကိုယ်တိုင် က,တဲ့ ပုဂ္ဂိုလ်,
တိုက်တွန်းတဲ့ ပုဂ္ဂိုလ်,
ချီးမွမ်းတဲ့ ပုဂ္ဂိုလ်,
စိတ်တူတဲ့ ပုဂ္ဂိုလ်,

ကိုယ်တိုင် က,တဲ့ပုဂ္ဂိုလ်က ထားပါတော့ ထင်ရှားလို့ ငါးတဲ့ပုဂ္ဂိုလ်က ဘယ်ပုဂ္ဂိုလ်ထဲ ထည့်မလဲ၊ ကိုယ်တိုင် သည်းက ထားမလား၊ တိုက်တွန်းတဲ့ ပုဂ္ဂိုလ်ထည်းက ထားမလား၊ ချီးမွမ်းတဲ့ ပုဂ္ဂိုလ်ထည်းက ထားမလား၊ စိတ်တူတဲ့ ပုဂ္ဂိုလ်ထည်းက ထားမလား၊ ပွဲငှါးတဲ့ပုဂ္ဂိုလ်လေ အသူ့ရှင်က ငှါးရမယ် မဟုတ်လား။

ပွဲကြည့်တဲ့ ပုဂ္ဂိုလ်ကကော ဘယ်ပုဂ္ဂိုလ်ထည်းမှာ ထားမှာလဲ၊ ကိုယ်တိုင်တော့ သူမပါဘူး ပြောပါတော့၊ တိုက်တွန်းတဲ့ အထဲမှာ ထားမလား၊ ချီးမွမ်းတဲ့အထဲက ထားမလား၊ စိတ်တူတဲ့အထဲက ထားမလား၊ သဘော တူတဲ့ ပုဂ္ဂိုလ်တွေ **ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ** တဲ့ လေးဦးရှိတယ်၊ အဲသည်တော့ အကုသိုလ် အရာမှာ ဘယ်သူက ပိုပြီးတော့ အပြစ်ကြီးမလဲ၊ ကိုယ်ပိုင်ဉာဏ်နှင့် သာ တွေးကြည့်ကြ၊ ကိုယ်တိုင်ကတဲ့ပုဂ္ဂိုလ်က ကိုယ်တိုင် ပြုလုပ်၍ အပြစ်ပိုကြီးတယ် ထင်နေကြသလား၊ မထင်နှင့်။

တို့ **ပါဏာတိပါတကံ** အမှုကို ပြုလုပ်တယ်၊ ဟိုမှာ သူ့အသက်ကို သတ်ထား ဟော့အကောင် သူ့အသက်ကို သွားသတ်ချေလို့ စေခိုင်းတယ်၊ ဒီတော့ စေခိုင်းခံရတဲ့ ပုဂ္ဂိုလ်က သွားသတ်တယ်၊ အဲဒီပုဂ္ဂိုလ် နှစ်ယောက် ဘယ်သူအပြစ်ကြီးသလဲ၊ အတူတူဘဲ။

ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ၊ ထိုပုဂ္ဂိုလ် လေးဦးဟာအတူတူဘဲအပြစ်ကြီးတာပေါ့၊ပွဲကတဲ့ပုဂ္ဂိုလ် ရော ပွဲငှါးတဲ့ပုဂ္ဂိုလ်ရော ချီးမွမ်းတဲ့ပုဂ္ဂိုလ်ရော စိတ်တူတဲ့ ပုဂ္ဂိုလ်ရော အတူတူဘဲ၊ ထိုပုဂ္ဂိုလ်တွေရဲ့ သွားရာလမ်း ခရီးဟာ **ပဟာသငရဲ**ဘဲ၊ ယခု ကာလ ခပ်ပေါ့ပေါ့ ခပ်တန်တန် ရှင်ပြုတယ်, ရဟန်းခံတယ်, ကထိန်ခင်းတယ်, ဘုန်းကြီးပျံပွဲတွေ, ဘုရားပွဲတွေ, ပြုလုပ်ကြတဲ့ အခါမှာ ပွဲတွေသွင်းကြတယ်၊ အဲဒီ ပွဲသွင်းကြတာတွေဟာ ဘုရား သခင် ကိုယ်တော်မြတ် သဘောကျလား၊ အလိုတော်

ကျလား၊ ဘုရားသခင် ကိုယ်တော်မြတ်က သဘော ကျလျှင် ဘာပြုလို့ **နန္ဒ, ဇီဝ, ဝါဒိတ, ဝိသုက, ဒဿန,** ဆိုတဲ့ သိက္ခာပုဒ်တော်တွေကို ပညတ်ထားသလဲ၊ သေသေ ချာချာ တွေးကြစမ်းပါ။

အဲဒါအခုပြောခဲ့တဲ့ **တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရနိုင်ပါဦး** **မလားလို့**၊ **တိဟိတ်ကုသိုလ်တော့** မှန်ပါရဲ့၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေလဲမတောင့်တဘူး၊ ကမ္မဝဋ် ဝိပါကဝဋ် ကိလေသဝဋ်လဲ ငြီးငွေ့သား၊ အဲသည်လို ငြီးငွေ့ပါလျက် သားနှင့်မိတ်ကောင်းကလျာဏ အဆွေခင်ပွန်းကောင်းနှင့် မတွေ့ကြတဲ့အတွက် ယောဟယခုပြောတဲ့ ပျော်ပွဲရွှင်ပွဲတွေ အချိုက ဆင်ခွဲရန်ရှောင် လုပ်လိုက်သေးတယ်၊ တို့က တော့ သဘောမတူပါဘူးအေ၊ လူယော်တွေကြောင့်လုပ်ရ သတဲ့၊ဘယ်ဟုတ်လိမ့်မလဲ'ကိုယ်တိုင် ကိုက်တွန်း ချီးမွမ်း စိတ်တူ'ပေါ့။

မိမိရဲ့အလှူမှာ ပွဲသွင်းလိုက်လို့ ပွဲတွင် ပရိသတ်တွေ များများလာလျှင် ဝမ်းမြောက်လွန်းလို့ မပြောနှင့်တော့၊ အဲဒါ **သောမနဿ**တွေပေါ့။ ဒိတိသောမနဿတွေ ဖြစ် နေတာ၊ သူတို့ သောမနဿက **ကုသိုလ်သောမနဿ** မဟုတ်ဘူး၊ ပဟာသငရဲကို ကျစေတတ်တဲ့ **အကုသိုလ်** **သောမနဿ**တွေ၊ခုပြောတဲ့ပွဲကိုကြည့်တဲ့ ပုဂ္ဂိုလ်တွေဟာ ပဟာသငရဲကို ရောက်တယ်ဆိုတာ အလွန်ဘဲ လွန်လွန်း လှတယ်၊ **အဝီစိ**ငရဲနှင့် တန်းတူကျရတာ အလွန် နစ်နာ လှတယ်။

ကဲ- ဘုရားသခင် တရားတော်နှင့် ကိုယ်ပိုင်ဉာဏ် သွင်းပြီးကြည့်စမ်း၊ **အကုသိုလ်ဇောခေါ်တယ်**၊ အကုသိုလ် ဇောက တဆယ့်နှစ်မျိုးရှိတယ် တဆယ့်နှစ်မျိုးက....

လောဘမူ အကုသိုလ်ဇောက ရှစ်ခု,
ဒေါသမူ အကုသိုလ် ဇောက နှစ်ခု,
မောဟမူ အကုသိုလ်ဇောက နှစ်ခု,

လောဘမူ အကုသိုလ်ဇော ရှစ်ခုထဲက အခုပြောတဲ့ ပွဲကြည့်တဲ့ ပုဂ္ဂိုလ်များဟာ **သောမနဿသား ဥပေက္ခာ သား** ကြည့်၊ ဥပေက္ခာက လျစ်လျူရှုတာ၊ သောမနဿက ဝမ်းမြောက်တာ၊ ဘယ်လောက် ဝမ်းမြောက်သလဲဆိုတာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ဟို- က,တဲ့ ခုန်တဲ့ လူတွေက **ဖရုသဝါစာ-သမ္ဖပ္ပလာပ** ဆိုတဲ့ မောင်နှင့်နှမ သားနှင့် အမိ မကြားအပ်တဲ့ စကားတွေကို ပြောဆိုတဲ့အခါ ကျတော့ တကထဲဝမ်းမြောက်လွန်းလို့လေ တဟားဟား တအုံးအုံး တပြုံးပြုံးနှင့် ရယ်ရွှင်ပြီးတော့နေတာ၊ သည် သောမနဿဟာ ဘာသောမနဿလဲ၊ **လောဘမူ သော မနဿပေါ့**၊ အဲသည်လို ဝမ်းမြောက်ဝမ်းသာ ရယ်ရွှင်နေ တာဟာ ဘယ်နည်းနှင့် ဥပေက္ခာဖြစ်မလဲ မဖြစ်နိုင်ဘူးတဲ့၊ သောမနဿ သဘောကျသွားပြီပေါ့၊ ၎င်းလောဘမူ သောမနဿ အကုသိုလ် ထည်းမှာ **ဒိဋ္ဌိဂတ သမ္ပယုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်** ခွဲကြည့်လိုက်အုံး၊ ခွဲလိုက်တော့ ဒီပွဲ ကြည့်တဲ့အတွက် အကုသိုလ်မဖြစ်ဘူး လို့ သူ့ကိုယ်သူ

ထင်နေတာ၊ အကုသိုလ်ဖြစ်တယ်ထင်လျှင် ဘယ်သူ သွားကြည့်ရဲမလဲ၊ အနားတောင် မကပ်ရဲဘူး၊ သူ့ကိုယ်သူ ပွဲကြည့်တာလောက်တော့ အကုသိုလ်မဖြစ်ဘူးလို့ထင်လို့ ကြည့်ရဲတာ၊ အဲတာဘာလဲဆိုလျှင် '**မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ**' ပေါ့၊ မိစ္ဆာ—မှားသော အားဖြင့်၊ ပဿတိ-မြင်တတ်၏၊ **ဣတိ**—ထို့ကြောင့်၊ ဒိဋ္ဌိ—ဒိဋ္ဌိမည်၏၊ မှားသောအားဖြင့် မြင်တတ်သော အမြင်တဲ့၊ အကုသိုလ် ဖြစ်ထာကို အကုသိုလ် ဖြစ်တယ်လို့ မထင်တာ မှားယွင်းခြင်းပေါ့၊ အဲတာ '**မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ**' တဲ့၊ ကဲ—ဒါဖြင့် ဒိဋ္ဌိဂတ သမ္ပယုတ်နှင့် ယှဉ်ပြီး လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် သောမနဿတော့ ဖြစ်နေပြီ၊ **အသင်္ခါရိက သသင်္ခါရိက** ခွဲကြဦးစို့။

ဒီ ပွဲကြည့်တဲ့ပုဂ္ဂိုလ်များဟာ ဘယ်သူမှ မတိုက်တွန်းရဘဲ၊ အသံကြားတာနှင့် မြူးပျော်နေကြတာ၊ ဒါကြောင့် တိုက်တွန်းမှု မရှိသောကြောင့် **အသင်္ခါရိက** တဲ့။ အဲသည်တော့ လောဘမူစိတ် ရှစ်ခုထည်းက **ပဌမစော**- ပဌမ ရှေးဦးစွာ အကြီးဆုံးသော အကုသိုလ်စောဟာ ဘယ်သူလဲ၊ အရပြောတဲ့ လောဘမူဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက သောမနဿစောဘဲ၊ ဒါ အကြီးဆုံးဘဲ၊ အဲဒီအကုသိုလ် ကဆယ့်နှစ်ပါးထဲမှာ လောဘမူဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက သောမနဿစောနှင့် ယှဉ်နေတဲ့အကုသိုလ်စောကြီးဟာ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ ဟို-ပဟာသသင်ရဲကို ကျတာကြည့်ပေါ့၊ ဒါကြောင့် အင်မတန်

ကြောက်စရာကောင်းတယ်၊ မသိကြလို့သာ မကြောက်ကြတာ၊ သိလာလျှင် အလွန် ကြောက်စရာကောင်းတဲ့ တရားတွေပေါ့။

ဒါကြောင့် အခုကာလ အလှူရှင်တွေဟာ တိဟိတ်ကုသိုလ်တော့ ရချင်ရမလားမသိဘူးပေါ့လေ၊အခုပြောတဲ့ **ဝိဿက**အကုသိုလ်တွေ ခြံရံလာမယ်ဆိုလျှင် မုချ ဥက္ကဋ္ဌ မဖြစ်တော့ဘူး၊ ဩမကသာ ဖြစ်ရမယ်တဲ့၊ အဲဒါကြောင့် သတိထားကြ၊ ဒါနပြုလျှင် သီလစောင့်လျှင် ဘာဝနာပွါးများလျှင် ဝိဿက အခြံအရံမပါကြစေနဲ့၊ သန့်သန့်ရှင်းရှင်းလုပ်။

အဲ-တိဟိတ်ပင် ဖြစ်သော်လဲ ခုပြောခဲ့သလို-
ရှေ့နောက်ဝဲယာ လောဘ ခြံရံသောဒါန,
ရှေ့နောက်ဝဲယာ ဒေါသ ခြံရံသော ဒါန,
ရှေ့နောက်ဝဲယာ မောဟ ခြံရံသောဒါန-

ဆိုတဲ့အတိုင်း- အကုသိုလ်ဝိဿကတွေ အခြံအရံပါလာလျှင် တိဟိတ် ဩမက လို့ မှတ်၊ မှတ်မိရော့ပေါ့၊ တိဟိတ်ဥက္ကဋ္ဌ တိဟိတ်ဩမက၊ ဒါအကြောင်းတရားတွေနော်။

ဒွိဟိတ်ကျတော့ကော ကမ္မဝဋ်၊ဝိပါကဝဋ်၊ကိလေသဝဋ်တွေကို မမြင်ဘူး၊ အဝိဇ္ဇာဖုံးနေလို့ မမြင်တဲ့ အတွက်ကြောင့် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ တွေကို လိုချင် နှစ်သက် တပ်မက် မောပြီးတော့ လူမင်း, လူမိဖုယားတို့၏

စည်းစိမ်ချမ်းသာ၊ နတ်မင်း, နတ်မိဖုယားတို့၏ စည်းစိမ် ချမ်းသာ၊အင်မတန်ကြီးတဲ့ ပဒေသရာဇ်,ကေရာဇ်,စကြာ, မန္ဓာတ် မင်းတို့၏ စည်းစိမ် ချမ်းသာတွေကို **မောဟ အဝိဇ္ဇာ** က ဖုံးထားတော့ ဒုက္ခကို မမြင်ဘူးလေ၊ ဒုက္ခ မမြင်တဲ့ အတွက်ကြောင့်လဲ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ တွေကို မက်မောတောင့်တတာ ဘာလဲလို့၊ ဒါအဝိဇ္ဇာဝင် နေသောကြောင့် ဝိဇ္ဇာဉာဏ်မရသဖြင့် ဒွိဟိတ် ကုသိုလ် လို့ ခေါ်တယ်။

တနည်းအားဖြင့်လဲ ဟာ လှူကုသိုလ်ရတာဘဲ၊သွားလှူ လိုက်ပါဟာ၊ လှူတာဘဲ လှူရင် ကုသိုလ်တော့ အရသား ပေါ့၊ အဲလှူလို့ ကုသိုလ်ရတယ်ဆိုတာဟာ စင်စစ်အားဖြင့် တိဟိတ်လား ဒွိဟိတ်လားဆိုတော့ ကုသိုလ်ရတယ်သာ သိတာကိုး အမှတ်မဲ့ လှူတာ၊ အဲဒါကြောင့် သူလဲ ဒွိဟိတ် ကုသိုလ်လို့ ခေါ်တယ်။

အဲ–ဒွိဟိတ် ကုသိုလ်မှာ ဥက္ကဋ္ဌ ဩမက ခွဲလိုက်အုံး၊ ဥက္ကဋ္ဌကလဲ ဒွိဟိတ်ပင် ဖြစ်သော် အကုသိုလ် မိဿက အခြံအရံမပါဘူးတဲ့၊ဩမကက ရှေ့နောက်ဝဲယာ လောဘ ဒေါသ မောဟ မိဿက အကုသိုလ်တွေ ခြံရံတယ်၊ ကုသိုလ် လေးမျိုး သိကြပြီပေါ့။

တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်,
တိဟိတ် ဩမက ကုသိုလ်,
ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်,
ဒွိဟိတ် ဩမက ကုသိုလ်,

အဲဒါ အကြောင်းတရားတွေဘဲ၊ ဒီအကြောင်းတရားကို စွဲ၍ အကျိုးပေးမှာ မလွဲဘူး၊ အကြောင်းကြောင့် အကျိုး ပေးတယ်၊ အကြောင်းကင်းပြီးတော့ အကျိုးမပေးဘူး။

အဲ-သည်တော့ ကောင်းပြီ၊ ဒါဖြင့် အကြောင်း တရား ကြောင့် အကျိုးပေးပါဆိုလျှင် ကဲ-ပေးကြစို့၊

တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်သည် တိဟိတ် ပဋိသန္ဓေ အကျိုးကို ပေးမယ်တဲ့၊ ဘယ်မှာလဲ ဆိုလျှင် လူ့ပြည် နတ်ပြည်မှာပေါ့။

လူ့ပြည် နတ်ပြည်မှာ တိဟိတ် ပဋိသန္ဓေ ရတဲ့ ပုဂ္ဂိုလ် များဟာ ဘယ်လိုအကျိုးခံစားရမလဲဆိုရင် ဈာန်တရားတို့ မဂ်တရားတို့ ဖိုလ်တရားတို့ နိဗ္ဗာန်တရားတို့ကို မလွဲတမ်း ဧကန်ရနိုင်တဲ့ ပုဂ္ဂိုလ်တွေတဲ့၊ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ် အကြောင်းတရားကြောင့် အကျိုးပေးပုံ ပြောတာနော်။

တိဟိတ် ဩမက ကုသိုလ်,
ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်,

အဲဒီ အကြောင်း တရား နှစ်မျိုးက အကျိုး ပေးခြင်း တူတယ်၊ အကျိုးပေး ဘယ်လို တူသလဲ ဆိုလျှင်—

ထို တိဟိတ်ဩမက ကုသိုလ် အကြောင်းကြောင့် အကျိုး ပေးပါဆိုလျှင် လူ့ပြည် နတ်ပြည်မှာ ဒွိဟိတ် ပဋိသန္ဓေသာ ပေး၍ ဟိတ်နှစ်ပါးနှင့်သာ ယှဉ်၍ ရမယ်၊ ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကလဲ ဟိတ်နှစ်ပါးနှင့်ဘဲ ယှဉ်ပြီး တော့ လူ့ပြည် နတ်ပြည်မှာဘဲ ဒွိဟိတ် ပဋိသန္ဓေ အကျိုး

ပေးမယ်၊ ဒွိဟိတ်ချင်းလဲ တူသွားတယ်၊ ပဋိသန္ဓေချင်းလဲ တူသွားတယ်၊ တိဟိတ် ပဋိသန္ဓေတော့ မရတော့ဘူး။

အဲဒီ ဒွိဟိတ် ပဋိသန္ဓေရတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဈာန်တရား မဂ်တရား ဖိုလ်တရားတို့ဆိုတာ အနားတောင် မကပ်နိုင်ဘူး၊ ဘယ်တော့မှ မရနိုင်တဲ့ဘဝ၊ လူ့ပြည် နတ်ပြည်တော့ ရောက်ပါတယ်၊ ရောက်ပေမဲ့ ဈာန် မဂ် ဖိုလ် မရနိုင်တဲ့ ဘဝမျိုးကျသွားတယ်၊ အဲဒါ တိဟိတ် ဩမကနှင့် ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်ကြောင့် တဲ့။

ဒွိဟိတ် ဩမက ကုသိုလ်က ရှိသေးတယ်၊

ဒွိဟိတ် ဩမကလဲ ဟိတ် နှစ်ပါးသာ ယှဉ်တယ်၊ သူက မိဿက အကုသိုလ်လဲ ခြံရံတယ်၊ အဲဒီ ဒွိဟိတ် ဩမက ကုသိုလ်ကြောင့် **ပဋိသန္ဓေ ဇနကကံ သတ္တိ** ပေးကြစို့ဆိုတော့၊ သူလဲ လူ့ပြည် နတ်ပြည်ဘဲ ပေးမှာဘဲ၊ သို့သော် လူ့ပြည် နတ်ပြည် ပေးလင့်ကစား၊ နတ်ပြည် ဆိုတော့ **သုဂတိအဟိတ်** ပဋိသန္ဓေ ရမယ်တဲ့၊ သုဂတိ အဟိတ် ပဋိသန္ဓေဆိုတော့ ဘယ်လိုနေမလဲ၊ ပဋိသန္ဓေ နေကတဲ့တ မျက်စိကန်းကလေးတွေ နားပင်းကလေးတွေ **ဇစ္စန္ဓပုဂ္ဂိုလ်** ခေါ်တယ်၊ ဇစ္စန္ဓပုဂ္ဂိုလ်က ဘယ်သူ့ကြောင့် လဲဆိုတော့ ဒွိဟိတ်ဩမက ကုသိုလ်ကြောင့် ဖြစ်တဲ့ အကျိုးတရား၊ ဒီ ဩမကကုသိုလ်ဟာ လောဘ, ဒေါသ, မောဟ, အကုသိုလ် မိဿကတွေ ခြံရံနေတဲ့အတွက် လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် လူကောင်း နတ်ကောင်းတော့

မဟုတ်တော့ဘူး၊ အင်္ဂါ မစုံတဲ့ ဆွံ့, အ,ကျိုး, ကန်း, ဘဝ မျိုးကို ရမယ်တဲ့။

ကဲ-ဆုတောင်းကြတဲ့ ပုဂ္ဂိုလ်တွေက ဒွိဟိတ် ဩမက ကုသိုလ်ကိုပြုပြီး တိဟိတ်ဥက္ကဋ္ဌ ပဋိသန္ဓေ နေရပါလို၏ဟု တောင်းကြတာ တောင်းတိုင်း ရမှာလား၊ ဝေးလိုက်ထာ အနားတောင်ကပ်နိုင်မှာ မဟုတ်ဘူး၊ သူ့ပစ္စည်းက တမတ် သာ တန်တဲ့ ပစ္စည်း၊ တကျပ်တန်တောင်းလို့ ဘယ်လာ ရနိုင်မလဲ။

ပြုလုပ်တဲ့ ကုသိုလ်က တိဟိတ် ဩမက ကုသိုလ်နှင့် ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ဆုတောင်းတော့ တိဟိတ် ဥက္ကဋ္ဌ ဉာဏသန္ဓေ ဆက်တိုင်းနေ၍ တဲ့၊ ဆုတောင်းလို့ ရမှာတဲ့ လား၊ သူပြုတဲ့ အကြောင်း တရားကိုက ခါးအန်သော အရသာနှင့်ပြည့်စုံတဲ့မျိုးစေ့ကို စိုက်ထားတာ၊ ချိုမြိန်သော အရသာနှင့် ပြည့်စုံတဲ့ အသီး သီးပါစေလို့ ဆုတောင်းလို့ ဘယ်တော့မှ မရဘူးမှတ်။

အဲဒါကြောင့် အချို့အချို့ ဟောပြောကြတာက အကျိုး တရားတွေကိုချည်း ကြည့်ပြီးတော့ ဟောကြ ပြောကြ တယ်၊ စင်စစ် ဒီအကျိုးတရားဟာ ဘယ်ကလာသလဲ၊ အကြောင်း တရားကြောင့် လာတာ မဟုတ်လား၊ အကြောင်းမရှိဘဲနှင့် အကျိုးကို ရပါ့မလား၊ သည်တော့ သူတို့က ဆုတောင်းလျှင် ရသတဲ့၊ ဟုတ်တယ် အကြောင်း နှင့် တိုက်ဆိုင်လျှင် ရတာပေါ့။

ကဲ–ဆုတောင်းမှ ရသလား၊ မတောင်းလျှင်ကော မရနိုင်ဘူးလား၊ရရမယ်၊ ဒီတော့ ဘုန်းကြီးက ခဏခဏ ပြောခဲ့တယ်၊ ကောင်းပြီ ဆုတောင်းလို့ ရတဲ့၊ ပုဂ္ဂိုလ် တယောက်ကို သာဓက ထုတ်ပြလျှင် ဆုမတောင်းဘဲနှင့် ရတဲ့ ပုဂ္ဂိုလ်တွေ အထောင်အသောင်းမက ထုတ်ပြမယ်၊ ဘာသူကများတယ်ဆိုတာ တရားနာတဲ့ပုဂ္ဂိုလ်တွေ ချိန်ထိုး ပြီးကြည့်စမ်း၊ ဆုမတောင်းဘဲနှင့် ရတဲ့နေရာမှာလေ။

ငရဲဘုံ,
တိရစ္ဆာန်ဘုံ,
ပြိတ္တာဘုံ,
အသုရကာယ်ဘုံ,

အဲဒီ ဘုံတွေမှာ ကြည့်လိုက်စမ်း၊ ကိုင်း ဒင်း ကြမ်း ပြည့်နေလိုက်တဲ့ သတ္တဝါတွေ အနန္တ၊ ဘယ်လောက် အားကြီးသလဲ တွေးကြည့်စမ်း၊ အဲဒီပုဂ္ဂိုလ် သတ္တဝါတွေ ဟာ ဆုတောင်းပြီးတော့ သွားတာတွေလား၊ ငါသည် အပါယ်လေးပါးသို့ ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသုရကာယ် သို့ ရောက်ရပါလို၏ဟု ဆုတောင်းတဲ့ ပုဂ္ဂိုလ် ဘယ် နှစ်ယောက်များ ပါသလဲ၊ တွေးကြည့် တွေးကြည့်၊ အလျော်အားဖြင့် ပြောတော့ တယ်လွယ်တာပေါ့။

စင်စစ် မုချ အကြောင်းသည် သာလျှင် ပဓာန၊ အကြောင်းကသာ အကျိုးပေးရတာ၊ အဲ တိတိ ဥက္ကဋ္ဌ အကြောင်းဆိုလျှင် စိတ်သာချ နိဗ္ဗာန် ထုတ်ချောက် အကျိုး

ပေးမယ်၊ အဲဒါ ဘုန်းကြီးက ခုပြောနေတာ အကြောင်း အကျိုးနှစ်ပါးစပ်ပြီး ပြောနေတာ။

တို့ယောဂီ ပုဂ္ဂိုလ်တွေ ကတော့ ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်၊ အကြောင်းလဲဖြတ်၊ အကျိုးတရား မလိုချင်နှင့်၊ အကြောင်းတရားဆိုတာ တို့မြတ်စွာဘုရားကိုယ်တော်မြတ် **မာရ်ငါးပါး** အောင်တယ် ဆိုတာ သိကြတယ်မဟုတ်လား။

ဒေဝပုတ္တမာရ်,
ကိလေသမာရ်,
ခန္ဓမာရ်,
မစ္စုမာရ်,
အဘိသင်္ခါရမာရ်,

အဲဒီမာရ်ငါးပါးအောင်တယ်၊ ဒေဝပုတ္တမာရ်ဆိုတာက မာရ်နတ်သားကို အောင်တာ၊ ကိလေသမာရ် ဆိုတာက ကိလေသာကို အောင်တာ၊ ခန္ဓမာရ်ဆိုတာက ခန္ဓာငါးပါး ကိုအောင်တာ၊ မစ္စုမာရ်ဆိုတာက သေးခြင်းမှ အောင်မြင် သွားတာ တခါပြန်မသေရတော့ဘူး၊ နိဗ္ဗာန်ကိုမျက်မှောက် ပြုသွားတာ။

အဘိသင်္ခါရမာရ် ဆိုတာ ဘာခေါ်သလဲ တွေးကြည့် ကြစမ်း၊ အဲတာ အရေးကြီးတယ်၊ တို့ယောဂီတွေ အဘိ သင်္ခါရမာရ်အောင်ဘို့ ဘယ်လို အရေးကြီးသလဲ၊ အဘိ သင်္ခါရဆိုတာ **ပုညာဘိသင်္ခါရ** ခေါ်တယ်၊ **အပုညာဘိ သင်္ခါရ** လဲ ဒီသင်္ခါရကိုဘဲ ခေါ်တယ်။

နောက်ဘုရားသခင် ကိုယ်တော်မြတ်တို့သည် '**ဣဓသ လာ ဣဓသင် ဇယာ**'တဲ့ ကုသိုလ် အကုသိုလ် ပြုဘွယ်မရှိ တော့ဘူး၊ ပြုလို့လဲ ကုသိုလ်မဖြစ်တော့ဘူး အကုသိုလ်လဲ မဖြစ်တော့ဘူး၊ အဘိသင်္ခါရ မာရ်ဆိုတာ အကြောင်း တရား ပိုင်သွားပြီ။

အခု တို့ယောဂီတွေလဲ အကြောင်းတရားပိုင်တို့၊ဘာပြု လို့လဲ၊ မိမိတို့ပြုတဲ့ဒါနမှု သီလမှု ဘာဝနာမှုကြောင့် ဘဝ သမ္ပတ္တိ,ဘောဂသမ္ပတ္တိကို တောင့်တတယ်ဆိုလျှင်အဝိဇ္ဇာ ဝင်သွားမှာပေါ့၊ အဝိဇ္ဇာ ဝင်သွားလျှင် ဝိဇ္ဇာဉာဏ် မရ တော့ဘူး။

ကဲအဝိဇ္ဇာခွါလို့ ဝိဇ္ဇာဉာဏ်နှင့် အားထုတ်တဲ့ ပုဂ္ဂိုလ် ကျတော့ ဒီအကြောင်း တရားကြောင့် အကျိုး တရားကို မလိုချင်ဘူး၊ မလိုချင်လျှင် ဘာလို့ပြုသလဲဆိုတော့ ဖြေတို့ အတော်ခက်တယ်၊ စဉ်စစ် အသိခက်တယ်နော်၊ မလိုချင် မဟုတ်ဘူး လိုချင်တယ်၊ လိုချင်တာက ဘာလဲ၊ **တဏှာ**– လိုချင်တာမဟုတ်ဘူး၊ **ဆန္ဒ**–လိုချင်ခြင်းခေါ်တယ်။

တဏှာ–လိုချင်တာက ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ တွေကိုတောင့်တပြီး လိုချင်တာ၊ ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိကိုနှစ်သက်တာက **သမုဒယတဏှာ**–လို့ခေါ်တယ်၊

ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေကို လုံးလုံး မလိုချင်၊ ဘဝသမ္ပတ္တိမရှိ ဖြစ်လေရာဘဝ ရုပ်နာမ်နှစ်ပါးမှ တပါး ဘာမျှမရှိဘူး၊ ရုပ်နာမ်နှစ်ပါးသည် ခန္ဓာငါးပါး ဒုက္ခအစစ် လို့ ကိုယ်ပိုင်ဉာဏ်နှင့် မြင်သိသောကြောင့် အဲဒီ ခန္ဓာ

ငါးပါး ရုပ်နာမ်တရားတို့ကို မလိုချင်ဘူး၊ဘာလိုချင်သလဲ **နိဗ္ဗာန်** လိုချင်တာပေါ့၊ နိဗ္ဗာန်လိုချင်တာ တဏှာ မဟုတ်လားဆိုလျှင် ခပ်ခက်ခက်ဘဲ၊တဏှာမဟုတ်ဘူး **ဆန္ဒာဓိပတိ** ခေါ်တယ်၊ ဆန္ဒာဓိပတိဆိုတာ ဘာလဲ၊ နိဗ္ဗာန်ကို တကယ်လိုချင်တဲ့ သဘောဘဲ။

အဲဒါဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတောင့်တတာမဟုတ်ဘူး၊နိဗ္ဗာန်လိုချင်တာ။ဘာပြုလို့ နိဗ္ဗာန်လိုချင်သလဲ ဆိုလျှင် ငါသည် ဤကုသိုလ် ကောင်းမှုကြောင့် ပဒေသရာဇ် ဧကရာဇ် စကြာမန္ဓာတ် ဖြစ်ရလျှင် မုချ ငါပဋိသန္ဓေ နေရမယ် အိုရမယ် နာရမယ် သေရမယ် ဆိုတဲ့ ဒုက္ခကို တကယ်မြင်တဲ့ ဝိဇ္ဇာဉာဏ်ပေါ့၊ အဲဒါကြောင့်မို့လို့ အဲဒီ ဒုက္ခမျိုးကို ဒုက္ခဟူ၍အပြစ်မြင်ထားခြင်းသည် အဘိသင်္ခါရမာရ်ပေါ့၊ဒီသင်္ခါရကို မလိုချင်တော့ဘူး မတောင့်တတော့ဘူး မနှစ်သက်တော့ဘူး၊ မနှစ်သက်လို့ မတောင့်တလို့ မလှူဘဲ နေရမှာလားဆိုလျှင် လှူရမယ် လှူပေါ့ အားကြီး လှူကြပေါ့၊ အဲဒီဒါနကြောင့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ မလိုချင်နှင့်၊ ဒါ အစစ်ပေါ့၊ ဘာပြုလို့လဲ၊ လောက ဒုက္ခ သံသရာဘေးဆိုးကြီးအပြစ်ကို မြင်ပြီးလှူ၊ဘယ်သူလာမြင်သလဲ၊ ဝိဇ္ဇာဉာဏ်ကမြင်တာ။

ကိုင်း....ကမ္မဝဋ် ဝိပါကဝဋ် ကိလေသဝဋ် ဆိုတဲ့ ဝဋ်သုံးပါးကို တကယ်တမ်း မြင်ထားတဲ့ ဒါနကုသိုလ်မျိုး သီလကုသိုလ်မျိုး ဘာဝနာကုသိုလ်မျိုး၊ အဲဒါမှ တိဟိတ် ဥက္ကဋ္ဌကုသိုလ်အစစ်။

အဲ ပြုတဲ့အခါမှာ မိဿကအကုသိုလ်အခြံအရံ မပါစေနှင့်၊ အချို့ကတော့ အကြောင်းကို မပြောဘူး၊ အကျိုးကိုသာ ပြောကြတယ်၊ စင်စစ်မှုချ အကြောင်းကင်းလို့ အကျိုး မပေးဘူး၊ ဘုန်းကြီး သက်သေခံ ခဲ့တယ် မဟုတ်လား၊ ဘယ်လောက် ထင်ရှားသလဲ၊ ငါ ခွေးဖြစ်ရပါလို၏ ငါ ဝက်ဖြစ်ရပါလို၏လို့ ဘယ်သူတောင်းသလဲ၊ ဘယ်သူမှ မတောင်းဘူး၊ အကြောင်းအားလျော်စွာ အကျိုးပေးကြ တယ်။

အဲဒီလို အပါယ်လေးပါး တကယ်တမ်းကျစေတတ်တဲ့ တရားဆိုးကြီးကို ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင် သိရှိလို့ ရှိလျှင်၊ ဟော—ဒီကနေ့တရားနာရတဲ့အကျိုးဟာအင်မတန် ကြီးတာပေါ့ ဘယ်လောက်ကြီးသွားသလဲ၊ နိဗ္ဗာန်ရောက် စေတတ်တဲ့ ဒါနမျိုး၊ နိဗ္ဗာန်ရောက်စေတတ်တဲ့ သီလမျိုး၊ နိဗ္ဗာန်ရောက်စေတတ်တဲ့ ဘာဝနာမျိုးကို သိသွားပြီဆိုကာ ဧကန်ပေါ့၊ နိဗ္ဗာန်ကိုဧကန်အမှန်ရောက်မှအကျိုးတန်တယ်၊ နိဗ္ဗာန်ကို မရောက်သမျှဘယ်နည်းနှင့်မှ ချမ်းသာအစစ်ကို မရရှိဘူးမှတ်။

သို့သော် နိဗ္ဗာန်ကို ပစ္စက္ခ မျက်မှောက် ပြုနိုင်လျှင် တော်ပြီ၊ နိဗ္ဗာန်ကို ကူးနိုင်တယ်ဆိုတာက အရဟတ္တမဂ်ဉာဏ် ရမှ နိဗ္ဗာန်ကိုတခါထဲကူးသွားတာ သို့သော်လဲ သောတာ ပတ္တိမဂ္ဂ သန္တိကိရိယ ပုဂ္ဂိုလ် သောတာပန် ပုဂ္ဂိုလ် အဲဒီ လို ပုဂ္ဂိုလ်မျိုးတွေဟာ နိဗ္ဗာန်ကိုရှေးဦးစွာ မြင်တာပဲ သောတာပန်၊ နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တဲ့ပုဂ္ဂိုလ်။

နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တဲ့ ပုဂ္ဂိုလ်ဟာ သောတာပန် ပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုအမှန်ရှေးဦးစွာ မြင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့စေတနာ ရှိတယ်၊ သောတာပန်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ကို ခေါ်သလဲဆိုလျှင် '**ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေနသောတာပန္နောနာမ**'တဲ့ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပြတ်သွားလျှင် သောတာပန် ပုဂ္ဂိုလ်အစစ်ဘဲ။

တို့**ဝိသာခါ**တို့ဟာ ခုနစ်နှစ်အရွယ်ကဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ပြတ်တယ်၊ ပြတ်လို့ သောတာပန် အစစ်ဖြစ်တာပေါ့၊ အဲဒီ ဝိသာခါတို့ဟာ ဘယ်လောက် လှူလိုက်သလဲလို့ ဒါန ပေါင်းလဲ အနန္တ၊ အိုသီလကလဲ **အမြဲစောင့်**ပေါ့၊ နို့လောက အာရုံ ကာမဂုဏ်ကော၊ လောကအာရုံ ကာမဂုဏ်နဲ့လဲ ခံစားနေတာဘဲ၊ သူ့မှာ, သားနှစ်ကျိပ်, မြေးလေးရာ, မြစ် ရှစ်ထောင်, နှင့် လောကအာရုံကာမဂုဏ်တွေကိုကျကျနန ခံစားနေတာပေါ့၊ အဲဒါဘာလဲ စင်စစ်မှချအားဖြင့် ဒုက္ခ အမှန်ကို မြင်ထားပြီ၊ ဘယ်တုန်းက မြင်ထားသလဲဆိုလျှင် ခုနစ်နှစ်အရွယ်က မြင်ထားတာ၊ ခုနစ်နှစ်အရွယ်က ဒုက္ခ သစ္စာကိုသိ၍ သမုဒယသစ္စာကို ပယ်ပြီးတာ။

ဘာပြုလို့တုန်း၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ တွေကို ပယ်ပြီးပြီ၊ နို့မလိုချင်တော့မရဘူးလား၊ ဝိသာခါရသားဘဲ၊ အခုနိမ္မာနရတိ နတ်ပြည်မှာ သူခံစားနေတာ၊ **သုနိမ္မိတ** နတ်မင်းကြီးရဲ့**မိဖုယား**ဖြစ်နေတယ်၊ လောကီနတ်စည်းစိမ် ကြီးကို သူလိုချင်လို့ ရတာလား၊ သူလိုချင်တာမဟုတ်ဘူး၊ အကြောင်းကြောင့် ရရှိတာ၊ အဲဒါတွေကိုမြင်အောင်ကြည့်

ပေါ့၊ယောဂီများ အားထုတ်နေကြတာ တကယ်အစစ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တကယ်မလွဲ ရနိုင်တဲ့တရား၊

ဘာပြုလို့လဲ ဒိဋ္ဌိပြုတ်သွားလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာဘဲ၊ အခု ဒိဋ္ဌိပြုတ်တဲ့ တရားကို အလုပ်လုပ်တယ်၊ ဘာတွေလုပ်သလဲ၊ ရုပ်ကိုတွေ့အောင် ရှာနိုင်မယ်, နာမ်ကို တွေ့အောင်ရှာနိုင်မယ်၊ မိမိတို့ကိုယ်မှာ ဦးခေါင်းကအစ ခြေဖျားထိအောင် အာရုံစိုက်ကြည့်လိုက်လျှင် ရုပ်တရား တွေ တွေ့လိမ့်မယ်၊ ရှာစမ်းဆိုတော့ တွေ့ပြီ၊ တရှိန်ရှိန် တသုတ်သုတ် တလှုပ်လှုပ် တရွရွ မပြတ် ရုပ်တရားတွေက အမြဲတမ်း ဘောက်ပြန်နေတယ်ဆိုတာ ကိုယ်တိုင် တွေ့တဲ့ အတွက်ကြောင့် သိတယ်ဆိုတဲ့ တရားကလေးက နာမ် တရား၊ဟော ရုပ်နာမ်တွေ့ပြီ၊ရုပ်နာမ်တွေ့ကတဲက အနတ္တ မမိသေးဘူးလားလို့ မိရေပေါ့၊ငါမဟုတ်ဘူးဆိုတဲ့အနတ္တ တွေ့ကတဲက ဒိဋ္ဌိပြုတ်သွားပြီ၊ **ဒိဋ္ဌိဥစ္စကိစ္စာ ပဟာနေန သောတာပန္နော နာမ** ဆိုတာ၊ ဟော ဒိဋ္ဌိ ပြုတ်သွားပြီ၊ ဒိဋ္ဌိသာပြုတ်သလား ဝိစိကိစ္ဆာကော မပြုတ်ဘူးလား ဆိုတော့ ပြုတ်တာပေါ့၊ ဘာပြုလို့ ဝိစိကိစ္ဆာပြုတ်သလဲ။

မေး – ဘုရားကိုယ်တော်မြတ်ကြီးဟောတဲ့တရားဟာ တကယ် မှန်ပါကလားလို့ မှန်ဘယ်လို့ စိတ်ထည်းက ဆုံးဖြတ်ထားကတဲ့က၊ ဘုရားမှန် တရားမှန် သံဃာမှန်၊ ဘုရားစစ် တရားစစ် သံဃာစစ်ကို ကိုယ်တိုင်သိနေမှ ဝိစိကိစ္ဆာ ဘယ်လာတော့မလဲ။

## ယုံမှားရှစ်ချက်

ဗုဒ္ဓေ ကင်္ခတိ၊ ဘုရား၌ ယုံမှားခြင်း,
ဓမ္မေ ကင်္ခတိ၊ တရားတော်၌ ယုံမှားခြင်း,
သံဃေ ကင်္ခတိ၊ သံဃာတော်၌ ယုံမှားခြင်း,
သိက္ခာယ ကင်္ခတိ၊ သိက္ခာပုဒ်၌ ယုံမှားခြင်း,
ပုဗ္ဗန္တေ ကင်္ခတိ၊ အတိတ်၌ ယုံမှားခြင်း,
အပရန္တေ ကင်္ခတိ၊ အနာဂတ်၌ ယုံမှားခြင်း,
ပုဗ္ဗန္တာပရန္တေ ကင်္ခတိ၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း,
ပဋိစ္စသမုပ္ပါဒေကင်္ခတိ၊ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း

ဆိုတဲ့ယုံမှားခြင်းရှစ်ချက် လုံးလုံးကင်းသွားမှဘဲ၊အဲဒါ ကြောင့် ယခု အားထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ်များဟာ ငါတို့ သာမညပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာ ကိုယ်တိုင်သတိ ထား သိကြပေါ့။

အဲ ဝိပဿနာ ပွါးတဲ့ အရာဌာနများလဲ ဘုရားဟောတဲ့ ဒေသနာတော်နှင့် ကိုက်ညီတယ် မကိုက်ညီဘူး ဆိုတာကို လဲ နဲနဲကလေး ဝိပဿနာနှင့်စပ်ပြီး ဘုန်းကြီးပြောလိုက် ဦးမယ်၊ အာရုံစိုက်ကြည့်၊ ဘာတဲ့လဲ ဒေသနာတော်က-

အဒဿနတော အာယန္တိ,
ဘဂ်ါ ဂစ္ဆန္တိ ဒဿနံ၊
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ,
ဥပ္ပဇ္ဇန္တိ ဝယန္တိ စ၊

နိဒ္ဒေသပါဠိတော်။

သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင် အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ် တရား တို့ သည်-တဲ့။

ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ ဘယ်ကလာသလဲဆို တော့၊ ကံရယ် စိတ်ရယ် ဥတုရယ် အာဟာရရယ်, အကြောင်းတရားလေးပါး ပြုပြင်လို့ ခန္ဓာငါးပါး ရုပ်နာမ် တရား ဖြစ်ပေါ်လာတယ်တဲ့၊ ဟုတ်တယ် မဟုတ်တယ်ဆို တာ ကိုယ်ပိုင်ဉာဏ်နှင့်ကြည့်၊ ယောဂီတွေ ဉာဏ်နှင့် ကြည့်တို့က တွေ့ပြီ-

ရှိန်ကနဲဆို ခန္ဓာငါးပါး တွေ့လိုက်တယ်၊
လှုပ်ကနဲဆို ခန္ဓာငါးပါး တွေ့လိုက်တယ်၊
ရွကနဲဆို ခန္ဓာငါးပါး တွေ့လိုက်တယ်၊
ဒိတ်ကနဲဆို ခန္ဓာငါးပါးတွေ့ပြီ မဟုတ်လား။

ဘာပြုလို့လဲ ကာယ ပသာဒရုပ်နှင့် ဖေါဋ္ဌဗ္ဗ ရုပ်က ရူပက္ခန္ဓာ၊ တွေ့တိုင်း သိတာက ဝိညာဏက္ခန္ဓာ၊ ဝိညာ ဏက္ခန္ဓာနှင့် အတူပါလာတဲ့ ခံစားတာက ဝေဒနာက္ခန္ဓာ၊ မှတ်သားတတ်တာက သညာက္ခန္ဓာ၊ စေ့ဆော်ကြောင့်ကြ လုံးကလေးကသင်္ခါရက္ခန္ဓာ၊ အဲဒါခန္ဓာငါးပါးမဟုတ်လား၊ ဒီခန္ဓာငါးပါးကို ယောဂီများကိုယ်တိုင် မတွေ့ဘူးလား၊ ဘာလဲ ဖြစ်ပေါ်လာတာ။

သင်္ခါရော-ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင် အပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ သည်၊ အဒဿနတော- မမြင်ရရာ အနာဂတ အဘာဝ အဖြစ်မှ၊ အာယန္တိ- လာ၍ အသစ် အသစ် ဖြစ်ပေါ်ကြကုန်၏။

ယောဂီတွေ တွေ့တဲ့ ခန္ဓာငါးပါးဟာလေ မြင်ရရဲ့လား မမြင်ရဘူး၊ ဖြစ်လာတာက ဘယ်ကဖြစ်လာတယ်လို့ မြင် ကိုမမြင်ရဘူး၊ ဘယ်လိုဖြစ်သလဲ အနာဂတ်ကာလ၊ အနာ ဂတ်ဆိုတာ ဘာလဲ။

ရှိန်ကနဲ့ မဖြစ်ခင်ကလေး အနာဂတ် ခေါ်တယ်၊
လှုပ်ကနဲ့ မဖြစ်ခင်ကလေး အနာဂတ်ခေါ်တယ်၊
ရွကနဲ့ မဖြစ်ခင် ကလေး အနာဂတ် ခေါ်တယ်၊
ဒိတ်ကနဲ့ မဖြစ်ခင်ကလေး အနာဂတ် ခေါ်တယ်။

အဲဒီ အနာဂတ်ကာလမှာ ခန္ဓာငါးပါး ရှိရဲ့လား၊ မရှိ ဘူးတဲ့ တရားက၊ သို့သော်- အနာဂတ် ကာလမှာ မတွေ့ မမြင်ရသော်လဲ-

အာယန္တိ-အသစ်အသစ် ဖြစ်ပေါ် လာကြလေကုန်၏။ ရှိန်ရှိန် ရှိန်ရှိန် အသစ် ဖြစ်ပေါ် လာကြ၏၊ လှုပ်လှုပ် ဆိုတာလဲအသစ်ပေါ့၊ ဒိတ်ဒိတ် ဆိုတာဟာလဲ အသစ်ဘဲ၊ အသစ်တွေချည်း ဖြစ်တာဘဲ၊ အဲဒီဖြစ်ထာ ပစ္စုပ္ပန်ခေါ် တယ်၊ အတိတ်ကျတော့ကော-

ဘဂ်ါ-ချုပ်ပျောက် ပျက်ဆုံးကုန် ပြီးသော ရုပ်နာမ်သင်္ခါရ တို့သည်လည်း၊ အဒဿနတော-မမြင်ရရာ အဘာ၀ အဖြစ်, အတိတ် အဖြစ်သို့၊ ဂစ္ဆန္တိ-ရောက်ရလေကုန်၏။

ဟော-ဒှိန်ဆို ခန္ဓာငါးပါးပျောက်သွားပြီ၊ အဲဒီပျောက်သွားတဲ့ ခန္ဓာငါးပါးကော မြင်ရရဲ့လား၊ ဘယ်မြင်လိမ့်မလဲ၊ တွေ့ကော တွေ့သေးသလား မတွေ့တော့ဘူး၊ အဲဒါ ပုထုဇဉ်သာမန် လူသာမန် နတ်သာမန် ဗြဟ္မာသာမန် မသိတဲ့တရား၊သိကြလိမ့်မယ်လို့များ မအောက်မေ့ကြနှင့်နော်၊ ထိုပုဂ္ဂိုလ်တွေနှင့် မတန်မရာတဲ့ **အရိယာပုဂ္ဂိုလ်**များမှ သိကောင်းတဲ့ တရားတဲ့၊ အားလုံး အများ ပုဂ္ဂိုလ်တို့ ရိတ်စားမိအောင် ဥပမာ သက်သေခံ ဘယ်လိုပြသလဲ ဆိုလျှင်-

အာကာသေ- ထက်ခွင်အဇာတာ မိုဃ်းအာကာ၌၊ ဝိဇ္ဇုပ္ပါဒါဣဝ- လျှပ်စစ်ရောင် အလင်းတို့ ကဲ့သို့၊ ဥပ္ပဇ္ဇန္တိစ-ဖြစ်လည်းဖြစ်ကုန်၏။ ဝယန္တိစ-ပျက်လည်းပျက်ကုန်၏။

ကောင်းကင်မှာ လက်တဲ့ လျှပ်စစ်ရောင်နဲ့ ဥပမာပြတယ်၊အဲဒီတော့ လျှပ်စစ်ရောင်ကို ဘာခေါ်သလဲ၊ **ဥပမာန**၊ ယောဂီတွေ ကိုယ်ပိုင်ဉာဏ်နှင့် ကိုယ်တိုင်သိတဲ့ ရုပ်နာမ်နှစ်ပါးကို **ဥပမေယျ**၊ လျှပ်စစ်ရောင်ကဲ့သို့ ဆိုတာက **ဥပမာဇောတက**၊ လျှပ်စစ်ရောင် ဘယ်သူ သိသလဲ၊ ကိုင်း ခါတ်နှစ်ခုပေါင်းဆုံမိတဲ့ အခါကလေးမှာ ဖွါးကနဲ

ဆိုပေါ်လာတာ ခုတ်ချင်း ထိခိုက်တဲ့အခါ ဝင်းကနဲ လက်သွားတာ၊ အဲဒါပစ္စုပ္ပန် သက်သက်ကလေး မဟုတ်လား၊ အဲဒီလျှပ်စစ်ရောင် မလက်မီက ဘာခေါ်သလဲ၊ အနာဂတ်ကာလ၊ ဒီအနာဂတ်မှာ မရှိဘူးနော်၊ ဝင်းကနဲ လက်ထာ ပစ္စုပ္ပန်မှာအမှန်ရှိတယ်၊ လက်ပြီးပျောက်သွားပြီ၊ ပျောက်သွားတော့ လွန်သွားတဲ့ကာလ အတိတ်ပေါ့၊ အဲဒီပျောက်သွားတဲ့၊ လျှပ်စစ်ရောင် ရှာကြည့်စမ်း အရှေ့ အနောက် တောင် မြောက် စကြဝဠာ ဘယ်နေရာရောက်သွားသလဲ၊ ရှိသေးရဲ့လား၊ မရှိဘူးဆိုတာ ကိုယ်တိုင်သိ၊ အဲဒါဟာ အများသိပေါ့။

လျှပ်စစ်ရောင်သည် အနာဂတ်ကာလမှာလဲမရှိ၊လွန်ပြီးသော အတိတ်ကာလမှာလဲမရှိ၊ပစ္စုပ္ပန်သက်သက်မှာသာ ရှိတယ်၊ပစ္စုပ္ပန်ကာလ လျှပ်စစ်ရောင် သက်သက်ကလေး ရှိသကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လည်းအမှန်မှချဖြစ်ဆဲကလေးသာ ရှိတယ်လို့သိတာ **ဝိပဿနာပညာ အစစ်**ရမှသိတာ၊ ကိုင်း မခဲယဉ်းဘူးလား။

လျှပ်စစ်ရောင်တော့ လူတိုင်းသိတယ်၊ လျှပ်စစ်ရောင် ဖြစ်ပျက် သွားသလို ခန္ဓာငါးပါး ရုပ်နာမ် တရားတွေ ဖြစ်ပျက် သွားပုံကို ဘယ်လို ပုဂ္ဂိုလ်မှ မြင်နိုင်သလဲ ကြည့်စမ်း၊ ပုထုဇဉ်သာမန် လူသာမန် နတ်သာမန် တို့နှင့် တန်ရဲ့လားလို့၊ မတန်ဘူး။ ယောဂီများ စိတ်အားထက်သန်ဘို့ရာ ငါတို့ အားထုတ်တဲ့ဘာရားဟာ ဘယ်နည်းနှင့်မဆို မြေကြီး လက်ဝါးနှင့်ပုတ် လွဲ လွဲ မသာ၊ဘုရားဟော်

ဒေသနာတော်နှင့် မလွဲဘူး၊ နိဗ္ဗာန်ကို ကေန်ရနိုင်တဲ့တရား ဘဲလို့ စွဲစွဲမြဲမြဲ ယုံကြည်ဘို့ သက်သေခံ ပြတာ၊အဲဒါကို ကိုယ်ပိုင်ဉာဏ်နှင့် ကြည့်ထားတော့ တကယ်သိရောပေါ့။

ဪ ဘုရားသခင် ပြသတဲ့ ဥပမာ အတိုင်း ကောင်းကင်က လျှပ်စစ်ရောင်ပမာဏာ ပစ္စုပ္ပန်သက်သက် သာ ခန္ဓာငါးပါး ရုပ်နာမ်တရား ရှိသလိုဆိုတာ သိရော ပေါ့၊ မျက်စေ့က မြင်သိ ပျက်ကလေးတွေဟာ ပစ္စုပ္ပန် သက်သက် ရှိတယ်မဟုတ်လား၊ မရောက်ခင် အနာဂတ် ကာလ ဘယ်နှယ်လုပ်မြင်မလဲ၊ မြင်တာလဲ မဖြစ်နိုင်ဘူး၊ သိတာလဲ မဖြစ်နိုင်ဘူး၊အနာဂတ်မရှိဘူး၊ မျက်စေ့ပေါက် က ဟောမြင်ပြီး ဟောပျောက်သွားပြီ၊ အတိတ်လွန်သွား တယ်၊ ဘယ်ရှိတော့မလဲ၊ မရှိဘူး၊ အဲဒါ ခန္ဓာငါးပါးပေါ့၊ မျက်စေ့ပေါက်က ခန္ဓာငါးပါး ရုပ်နာမ်တရား ဒါလဲ ပစ္စုပ္ပန်သက်သက်ဘဲ။

နား ပေါက် ကကော ကြားသိလုံး ကလေးတွေလေ၊ ပစ္စုပ္ပန်သက်သက်ဘဲ မဟုတ်လား၊ နားက ခန္ဓာငါးပါး ရုပ်နာမ်တရားတွေလေ ကြားသိလုံးဟာ ဘာလဲ၊ ဖြစ်ပျက် မစဲဘဲ၊နှာခေါင်းကနံ့သိလုံးကကော အတိတ်နှင့်အနာဂတ် မှာ ရှိသလား၊မရှိဘူး၊ ပစ္စုပ္ပန်သက်သက် နံ့သိလုံးပေါ်တဲ့ အခိုက်အတန့်လေးဘဲ၊ပြီးပျောက်သွားတာ၊မရောက်ခင်လဲ မရှိဘူး၊ ရောက်ပြီး ပျောက်သွားတာဘဲ၊ ထိုနည်း တူစွာ လျှာပေါက်ကကော၊ သဘောသက်သက် အာဟာရ ကလေးရောက်တဲ့အခါ ခန္ဓာငါးပါးပေါ်တယ်၊ ပြီးပျောက်

သွားတာဘဲ၊ လျှောပေါက်က ခန္ဓာငါးပါးရုပ်နာမ်တရားဟာ ပစ္စုပ္ပန်သက်သက် မဟုတ်လား၊ ကဲ-ဒါကို ကိုယ်ပိုင်ဉာဏ် နှင့် မြင်အောင်တွေးလေ၊ ကိုယ်က သက်သေခံနေရပြီ။

တွေ့သိလုံးတွေ အယုတ်ဆုံး ဥပမာအားဖြင့် ဗဟိဒ္ဓနှင့် သိရမယ်ဆိုလျှင် မြေကြီးကိုတချက်နင်းလိုက်၊ ဒိတ်ကနဲဆို ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးပျက်သွားတာဘဲ၊ မရောက်မီလဲ မရှိဘူး၊ ပျက်ပြီးတဲ့နောက်လဲ မရှိဘူး၊ ပစ္စုပ္ပန်သက်သက် ဘဲ မဟုတ်လား။

မနေ့က ကြံစည်လုံးခန္ဓာငါးပါးရုပ်နာမ်တရားတွေလဲ ပစ္စုပ္ပန်သက်သက်ဘဲ၊ အဲဒီ ပစ္စုပ္ပန်သက်သက်ကို သိတဲ့ ယောဂီမှ ဝိပဿနာယောဂီအစစ်၊ လွန်ပြီးသော အတိတ် ကာလ ဝိပဿနာ ရှုလို့လဲ မရဘူးနော်၊ မရောက်သေးတဲ့ ကာလက ရုပ်နာမ်ခန္ဓာတွေ ဝိပဿနာရှုလို့လဲ မရဘူး၊ ပစ္စုပ္ပန်သက်သက်ကိုသာ ရှုရမယ်၊ ကြိုးစားပြီးတော့ ပစ္စုပ္ပန်သက်သက်ကိုအာရုံပြုကြ၊ ဒါကြောင့် **ဝီရိယ, သတိ, သမာဓိ, ပညာ** တဲ့၊ ပစ္စုပ္ပန်သက်သက် ကာလကို ရှုတဲ့ ဝိပဿနာတရားခေါ်တယ်၊ ကဲ-ဒီတရားတွေကို တကယ် တမ်း မြင်ကြပြီပေါ့၊ တကယ်မြင်တဲ့ ပုဂ္ဂိုလ်တွေဟာ ယခု ဘုန်းကြီး ပြောခဲ့တဲ့ အတိုင်း ဒါနလဲ လှူတတ်ပြီ၊ သီလလဲ စောင့်တတ်ပြီ၊ ဘာဝနာလဲ တကယ့်ကို ကျမ်းဂန် နှင့် ထုတ်၍ ဘာဝနာအလုပ်ကို ပြခဲ့ပြီ၊ ပြလိုက်တော့ ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်နှင့် သိကြပြီ၊ သိတဲ့ အတွက် ငါတို့သည် ကျွတ်ကျွတ်လွတ်လွတ် အမှန်မုချ မဂ်ဖိုလ်မွေ

နိဗ္ဗာန် ရောက်ကြောင်း တရားထူး တရားမြတ် ဖြစ်တဲ့ **ဒါနကောင်း, သီလကောင်း, ဘာဝနာကောင်း** တို့ကို ပြုနိုင်ပြီလို့ စိတ်ချ လက်ချနှင့် ကြိုးစားပြီး အားထုတ်ကြပေါ့။

အဲ သောတာပန်ဟုတ်တယ် မဟုတ်တယ်တော့ ကိုယ့်ကိုယ်ကို ဝေဘန်ကြည့် သိနိုင်တယ်၊ ဘယ်လို သိသလဲဆိုလျှင် သောတာပန်အစစ် ဖြစ်လျှင် သူ့အသက် ဘယ်တော့မှ မသတ်၊ သူ့ဥစ္စာကို ဘယ်တော့မှမခိုး၊ သူ့သားအိမ်ရာ မကျူးလွန်၊မုသားမပြော၊ဂုံးမချော၊ကြမ်းတန်းတဲ့ စကားမဆို၊ပြိန်ဖျင်းသောစကား ဘယ်တော့မှမပြောဘူး၊ အဲဒါ ပဓာနဘဲ။

အဲဒီ ဒုစရိုက်များကို အသက်နှင့် လဲ၍ ဘယ်တော့မျှ မကျူးလွန်ရဲဘဲနှင့် ဤဘဝ ထိုဘဝ နိဗ္ဗာန်ရောက်သည့် တိုင်အောင် မကျူးလွန် ဘူးဘူး ဆိုလျှင် သောတာပန်အစစ်ဘဲ၊သို့မဟုတ် ဘယ်သူက မြှောက်ပြောပြော မယုံနှင့် ဒီပုဂ္ဂိုလ်တွေ သောတာပန် ဖြစ်နေပြီ ပြောပေမဲ့ မယုံနှင့်၊ ဘာမျှ မဆိုင်ဘူး၊ တကယ့်ကို ကိုယ့်ဟာကိုယ် သိတယ်၊ ကိုယ့်ဟာကိုယ် ဒုစရိုက်တရားကို ကြောက်တဲ့ ပုဂ္ဂိုလ်မှ သောတာပန်အစစ်လို့ မှတ်ကြ။

ဒုစရိုက်လုံလျှင် သောတာပန်လို့ဆိုတော့ အချို့ပုဂ္ဂိုလ်တွေက ဒို့လဲ ဒုစရိုက်အလုံသားဘဲလို့ ပြောကြလိမ့်မယ်။ သောတာပန် ဒုစရိုက်လုံဘာနှင့် ပုထုဇဉ် ဒုစရိုက်လုံတာ မတူဘူး၊ သောတာပန်က ဘဝ အဆက်ဆက် ကမ္ဘာ

အဆက်ဆက် ဘယ်တော့မှ မပျက်ဘဲ လုံတာ၊ **ဒိဋ္ဌိ** နှင့် **ဝိစိကိစ္ဆာ** လုံးလုံး ပြတ်ပြီးသွားတဲ့ ပုဂ္ဂိုလ်၊ ပုထုဇဉ်က စိတ်မချရဘူး မှတ်ကြ။

ယခု ဟောပြောခဲ့သော တရားစုဟာ **သုတမယ ဉာဏ်**မျိုးနှင့် သိတဲ့ ဝိပဿနာတရားမဟုတ်၊**ဒိဋ္ဌကိုယ်တွေ့ ဝိပဿနာ**ကို ဟောတဲ့ တရား၊ တကယ်တမ်း ကိုယ်တွေ့ သိလိုလျှင် ကိုယ်တိုင်ဆည်းပူး အားထုတ် လေ့လာကြရန် များစွာ တိုက်တွန်းအပ်ပါသတည်း။

---

## သိမှတ်စရာ ဓာတ်-ရုပ်-နာမ်ခန္ဓာ

၁။ နာနာ ဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ
ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ နဥပဋ္ဌာတိ။
ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။

နာနာဓာတု ဝိနိဗ္ဘောဂဿ- အထူးထူးသော ဓာတ်တရားတို့ကို ထုံးဖေါက်ခွဲခြမ်း စိတ်ဖြာခြင်းကို၊ အမနသိကာရာ- နှလုံးမသွင်းခြင်းကြောင့်၊ ဃနေန- ဃနလေးမျိုးဖြင့်၊ ပဋိစ္ဆန္နတ္တာ- ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်၊ အနတ္တလက္ခဏံ-အနတ္တလက္ခဏာကို၊ နဥပဋ္ဌာတိ-မထင်မြင်နိုင်။

၂။ ဇာတေ တဿ တဿ ဥပ္ပန္နာ ဇာတရိတရံ ကောဋ္ဌာသံ
အပတ္တာ တဿ တဿေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ

ဩဓိဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလာ
ဝိယ၊ တဋ တဋာယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊ တသ္မာ
အနိစ္စာ, ဒုက္ခာ, အနတ္တာ။

ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။

ဣတိ-ဤသို့၊ တတ္ထ တတ္ထ-ထိုထိုသို့သော အရပ်ဌာနနှင့်၊ ဥပ္ပန္နာ-ဖြစ်ကုန်သော ပရမတ္ထတရားတို့သည်၊ ဣတရိတရံ ကောဋ္ဌာသံ- တပါး ပါးသော နေရာ ကောဋ္ဌာသသို့၊ အပတွာ-မရောက်မူ၍၊ ဝါ-ရွေ့လဲမရ, ပြောင်းလဲ မရမူ၍၊ တတ္ထ တတ္ထေဝ- ထိုထို ဖြစ်ရာဌာနနှဲ့သာလျှင်၊ ပဗ္ဗံ ပဗ္ဗံ- အဆစ်အဆစ်၊ သန္ဓိသန္ဓိ-အစပ်အစပ်၊ ဩဓိဩဓိ-အပိုင်း အပိုင်း၊ ဟုတွာ-ဖြစ်ကြကုန်၍၊ တတ္တကပါလေ-ရဲရဲတောက် သော အိုးကင်း၌၊ ပက္ခိတ္တ တိလာဝိယ-ထည့်သောနှမ်းများ ကဲ့သို့၊ တဋတဋာယန္တာ- ဋဋဋဋ, လှုပ်လှုပ်လှုပ်လှုပ်, ဖျစ်ဖျစ်ဖျစ်ဖျစ် မည်ကုန်လျက်၊ သင်္ခါရာ- ရုပ်, နာမ်, ဓမ္မ, သင်္ခါရတို့သည်၊ ဘိဇ္ဇန္တိ-ပျက်ကြကုန်၏၊ တသ္မာ-ထိုသို့ ဖြစ်ပျက်ဖြစ်ပျက် နေသောကြောင့်၊ အနိစ္စာ-အမြဲမရှိကုန်၊ ဒုက္ခာ-ဆင်းရဲကုန်၏၊ အနတ္တာ-အစိုးမရကုန်။

၃။ န ဟိ ရူပါ ရူပဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ
ကေသဂ္ဂမတ္တမ္ပိ ဒေသန္တရ သင်္ကမနံ နာမ အတ္ထိ။

ဝိဘင်း-အဋ္ဌကထာ။

ဟိ-ပရမတ္ထ ရုပ်အစစ်အမှန်ကို ထုတ်ပြဦးအံ့၊ ရူပါရူပ ဓမ္မာနံ-ရုပ်တရားနာမ်တရားတို့သည် ဥပ္ပါဒဒေသေ-ဖြစ်ရာ အရပ်၌၊ အနိရုဇ္ဈိတွာ-မချုပ်ဘဲ၊ ကေသဂ္ဂ မတ္တမ္ပိ-တဆံ

ဖျားမျှလည်း၊ ဒေသန္တရ သက်မနံ နာမ-အရပ် တပါးသို့ ရွေ့ပြောင်းခြင်းမည်သည်၊ နအတ္ထိ-မရှိပါ။

၄။ ဧတ္ထေဝ တေ အနေကာနိ ကောဋိ သတသဟဿ သင်္ခါရာ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။

ခန္ဓဝဂ္ဂ သံယုတ် အဋ္ဌကထာ။

ဧတ္ထေဝ-မျက်စိတမှိတ်ခန့်အတွင်း၌၊ အနေကာနိ-များစွာ ကုန်သော၊ ကောဋိ သတ. သဟဿ သင်္ခါရာ-ရုပ်ကား ကုဋေငါးထောင်ကျော် နာမ်ကား ကုဋေတသိန်းကျော်ကုန်သော သင်္ခါရတို့သည်၊ ဥပ္ပဇ္ဇန္တိ စ- ဥဒယ သဘောဖြင့်လည်း ဖြစ်ကြကုန်၏၊ ဝယန္တိ စ- ဝယ သဘောဖြင့်လည်း ပျက်ကြကုန်၏။

---

## ဝိပဿနာ ကမ္မဋ္ဌာန်းတရားတော်ပြ မြန်မာ ကဗျာများ

၁။ ပျော်ဘွယ်သာစွ-ဌာန ဗိမာန်,
ဆရာသက်၏-ဓမ္မစက်မှန်၊
ခုနစ်ရက်နှင့်-ဖြစ်ပျက်သိပြန်,
မဂ္ဂင်လမ်း-ဖြောင့်တန်း ဝေကန်။

၂။ အာနာပါန-သမထမှန်,
အဝင်အထွက်-မပျက်ရှုရန်၊
သုံးရက် ထပ်ပွါး-မှတ်သားကြောန်,
နိမိတ်များ-ထင်ရှားပေါ်လာပြန်။

၃။ လေးရက်အကူး-အထူးထပ်မံ,
ဘာဝနာလမ်း-စခန်းတက်ပြန်၊
နာမ်နှင့် ရုပ်များ-ဖွါးဖွါးပျက်ဟန်,
ကိုယ်တိုင်သိ-ဒိတိအဘန်တန်။

၄။ အသိ ခက်ခဲ-နက်နဲ ရုပ်နာမ်,
လှုပ်လှုပ်ရွရွ-ပေါ်ထအမှန်၊
နူ, မာ, ဖွဲ့, စေး-ပူ, ဧ, ထောက်ကန်,
ဓာတ်လေးရပ်-အတပ်သိရပြန်။

၅။ ကိုယ်တိုင်သိဘို့-အဓိကမှန်,
ကျမ်းဂန်နှင့်ဟပ်-အတပ်ဒွကန်၊
လုပ်ငန်းဖြောင့်လို့-လမ်းဖြောင့်သိပြန်,
သံဃာပေါင်း-အကြောင်းသက်သေခံ။

၆။ ရွရွသဲသဲ-မငဲခဏာ,
ဥပါဒ်စွန်းနှင့်-ဘင်စွန်းနှစ်ဖြာ၊
ဍိန်ဍိန်သုတ်သုတ်-သိမ့်သိမ့်လှုပ်ကာ,
တဖွါးဖွါး-ထင်ရှားကိုယ်ခန္ဓာ။

၇။ ဝေဒနာခံခက်-ဒဏ်ချက်ပြင်းစွာ,
အင်နှင့်ထိုးဆွ-ရိုးရွခန္ဓာ၊
စေ့စေ့ညက်ရိုက်-ဆူလှိုက်တုန်လာ,
အနိစ္စ-ဒိဋ္ဌမြင်မည်သာ။

၈။ အပြောမဟုတ်-အလုပ်ဝင်ပါ၊
ကိုယ်တိုင်ကြည့်ရှု-သိမှုပေါ်လာ၊
လေးရက်အတွင်း-ပွင့်လင်းဉာဏ်မှာ၊
ရှုရှုရှိန်း-သိမ်းသိမ်းကိုယ်ခန္ဓာ။
၉။ သုသာသနာရေး-အားပေးကြရာ၊
လိုရင်းချုပ်က-အလုပ်လိုပါ၊
ဆန္ဒတူချင်း-ဂူတွင်းဝင်ပါ၊
ပဋိပတ်-မပြတ်အားထုတ်ကာ။
၁၀။ ဤစာဘတ်ကြား-ထပ်ပွါးသဒ္ဓါ၊
ဘာဝနာလမ်း-ကြိုးပမ်းစေဌါ၊
ခေတ်ကောင်းကြုံကြိုက်-အားစိုက်ကြပါ၊
လိုတိုင်းရ-ဘဝပဒေသာ။

---

## ဝိပဿနာ ယောဂီ ဆောင်ပုဒ်များ

၁။ ဖြစ်ခြင်းပျက်ခြင်း၊ဖေါက်ပြန်ခြင်း၊မယွင်းဒုက္ခမှတ်။
၂။ ဖြစ်ချင်ပါက၊ သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။
၃။ ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမှတ်။
၄။ မဖြစ်ချင်မှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
၅။ မဖြစ်ပါမှ၊ နိရောဓ၊ ဒုက္ခအေးငြိမ်းမှတ်။
၆။ သံပေါက်လက်ာ၊ဤကဗျာ၊နှုတ်မှာ ဆောင်၍မှတ်။
၇။ ကြိမ်ဖန်များစွာ၊ကြိစည်ပါ၊ မှန်ရာသိကြောင်းမှတ်။
၈။ အမှန်သိမှ၊ ဤဒုက္ခ၊ လွတ်ရလိမ့်မည်မှတ်။

၉။ ယောဂီဝိဇ္ဇာ၊ ခေတ်ပညာ၊ လိုက်ပါ သည့်လုပ်ရပ်။
၁၀။ အသိစိပ်လျှင်၊ ကိလေစင်၊ ထင်မြင် နာမ်ရုပ်မှာ။
၁၁။ အသိကြဲလျှင်၊ ကိလေဝင်၊ မမြင်နာမ်ရုပ်မှာ။
၁၂။ အသိတလုံး၊ အရှိသုံး၊ အဆုံးနိဗ္ဗာန်သာ။
၁၃။ ယောဂီရုပ်မှာ၊ ဆတ်ဆတ်ခါ၊ ပမာတူစွာသိ။
၁၄။ ဝေဒနာ နှိပသနာ၊ ထင်ရှားလာ၊ ထိုခါမခံချို။
၁၅။ သည်းမခံချင်၊ လွှတ်လိုက်လျှင်၊ ဉာဏ်စဉ်မတက်ဘိ။
၁၆။ အရိုးကြေကြေ၊ သားကြွေကြွေ၊ ရှုလေ လုံ့လရှိ။
၁၇။ လုံ့လထက်သန်၊ သည်းညည်းခံ၊ နိဗ္ဗာန်သို့ တိုင်သိ၊

---

## သိမှတ်စရာ မြန်မာကဗျာများ

၁။ ကာမ ဓမ္မ-နှစ်ဝကိုမှီ,
တော်လှ ပျော်လှ-ခေါ်ကြ ယောဂီ။
နေ့စဉ် စစ်ဆေး-မေးသင့်ပါပြီ,
စာသဘော-ငါကော ဘာယောဂီ။

၂။ အောက်ရောထက်ရော-သောသောညံ့စီ,
ပျော်ပျော်ပါးပါး-သွားကြရာသည်၊
အောက်လမ်းဌာန-ကာမ ယောဂီ,
ထက်လမ်းက-ဓမ္မခေါ်ယောဂီ။

၃။ ရုပ်နာမ်နှစ်ရပ်-ပေါင်းစပ်ခါတည့်,
ယောကျ်ားမိန်းမ-ခေါ်ကြပါသည်၊

သူဘဲငါဘဲ-မှတ်စွဲပါပြီ,
အယူလွဲ-သူဘဲသံသာရည်။

၄။ သံသာမြစ်ကြော-နှစ်မျောကာလည်,
ဆူဆူဘုရား-ပွင့်သွားပါပြီ၊
ကာမမှိုင်းတိုက်-ရိုင်းမိုက်ပါသည်,
ငါအစွဲ-ဒါဘဲသံသာရည်။

၅။ စာတွေ့ ငါတွေ့-အတွေ့နှစ်လီ,
အချိန်ရှိခိုက်-သိထိုက်ပါသည်၊
ရက်လကုန်ဆုံး-မဖြုန်းသင့်ပြီ,
စဉ်းစားရင်း-မောင်မင်းသံသာရည်။

၆။ ကိုယ်တိုင်တွေ့မှ-ချမ်းမြေ့သာကြည်,
စာအတွေ့ထက်-ငါတွေ့သာမည်၊
ခုနစ်ရက်ထဲ-အားခဲကြိုးစည်,
မဆုတ်တမ်း-လုပ်စမ်းတို့ညီညီ။

၇။ လောဘခိုင်းလို့-ရိုင်းရပါသည်,
ဒေါသခိုင်းလို့-ရိုင်းရပါသည်၊
မောဟမှိုင်းကြောင့်-တိုင်းဆမည်ညီ,
ခန္ဓာကြီး-ဤနည်းသံသာရည်။

၈။ ကိုယ်ကျင့်တရား-သိပြားပါပြီ,
သိပါသော်လဲ-ရှိခဲလှသည်၊
သိသမျှဖြင့်-ရှိမှတော်မည်,
သူတော်စစ်-ဖြစ်စို့တူညီညီ။

၉။ ခန္ဓာအတွင်း-လင်းလင်းရှိန်ရှိန်,
ဘယ်တရားက-လှုပ်ရှားပွေလိမ်၊
မဟာဘုတ်က-အဟုတ်မငြိမ်,
ဝါယောသုတ်-အဟုတ်တောဇောရှိန်။

၁၀။ ပုထုဇဉ်များ-နေပြားလူ့ရွာ,
ဘေးရန်တွေများ-အမှားစုလာ၊
အရိယာများ-နေပြားလူ့ရွာ,
ဘေးရန်ကင်း-အောင်ခြင်း လွန်ချမ်းသာ။

---

## မဟာနာယက ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

နေ့စဉ်မပြတ် ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာတရား ဟောပြီးနောက်
ရေစက်ချ အမျှပေး၍ သစ္စာဓိဋ္ဌာန်ပြုသော

## ဟောစဉ်စာတမ်း

အရှင်ဘုရား တပည့်တော်တို့သည် သံသရာတည်းဟူသော ဝဋ်ဆင်းရဲ ဝဲဩဃရေအယဉ်မှ ထွက်မြောက်ပါရခြင်း အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုရပါခြင်းအကျိုးငှါ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်ကို လေးမြတ်စွာ အားထုတ်ပါ၏။ အားထုတ်ရသော ကောင်းမှုအစု ကုသိုလ်အဘို့ကြောင့် ယနေ့ကစ၍ လောကဒုက္ခ သံသရာ ဘေးဆိုးကြီးမှ လွတ်မြောက်၍ နိဗ္ဗာန်ကို မျက်မှောက် ပြုရပါလိုကုန်၏ အရှင်ဘုရား၊ ဤသို့ သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါး

သာသနာသုံးရပ် အကျင့်မြတ်၏ကုသိုလ်အဘို့ကို မွေးသမိခင်မွေးသဘခင် ဆရာသမား ဆွေကြီးမျိုးကြီး ဘိုးကြီးဘွားကြီး ဘို့ကို အမျှ ပေးဝေပါကုန်၏။ ကိုယ်စောင့်နတ် ကျောင်း စောင့်နတ် အိမ် စောင့်နတ် အရံ စောင့်နတ် ရွာစောင့်နတ် မြို့စောင့်နတ် တိုင်းစောင့်နတ် တောစောင့်နတ် တောင်စောင့်နတ် ဘုမ္မစိုး ရုက္ခစိုး အာကာသစိုးနတ် စတုလောကပါလနတ် သာသနာတော်စောင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှ ပေးဝေပါကုန်၏။ သိကြား အသုရာ သဿုသိတာ စသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို အမျှ ပေးဝေပါကုန်၏။ အထက်ကိုဘဝဂ် အောက်ကိုအဝီစိ နှံ့သိစကြဝဠာ မိလာ ထုတ်ခြင်း အကြွင်းမရှိ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းတို့အား အမျှ ပေးဝေပါကုန်၏။အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ပြုအပ်သော သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ်အကျင့်မြတ်၏ကုသိုလ်အဘို့ကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ အမျှရ၍ ချမ်းသာကြတဲ့ကိုယ်ဖြစ်ကြပါစေကုန် သတည်း။

ဤသို့ အကျွန်ုပ်တို့ အားထုတ်ရသော သီလ သမာဓိ ပညာ သိက္ခာသုံးပါး သာသနာသုံးရပ် အကျင့်မြတ်၏ ကုသိုလ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍ ယုံကြည်ပါ၏။ ယုံကြည်သည်ကား မှန်ပါ၏။ မှန်သော သစ္စာစကားကြောင့် ယခုအခါ ကျရောက်ဆဲ ဖြစ်သော

ရန်သူမျိုး ငါးပါး ကပ်ကြီး သုံးပါး ဘေးဆိုး ကြီးမှ ချွန်စ်ရက် သား သမီးတို့၌ အမြန်ဆုံး ကင်းဝေးအောင် ကာကွယ်ကြည့်ရှု စောင့်ရှောက်မည့်ပုဂ္ဂိုလ် ပေါ်ပေါက် ပါစေ သတည်း။

---

## တရားတော်ဝင်း ဂါထာ

တိက္ခဉာဏီ သိက္ခမာနီ,
နာနာဂုဏောဟိ သံပုဏ္ဏာ၊
သဗ္ဗဝါဒီ မေတ္တာဘာဏီ,
ဓမ္မံ ဒေသေတု သော သုခီ။

ယောအာစရော- ဟသ်ာတ ခရိုင် လေးမျက်နှာမြို့ အပိုင်တွင် မြို့ဆိုင်သောကျောင်းဇရပ်တို့နှင့်အထပ်ထပ် အခန်းခန်း စီမံလန်းလန်း ပိုပြေပြေ ရစ်ခွေကာ ပတ်ဝိုင်း လျက် ရှုတိုင်းပင် သာယာသည့် မင်္ဂလာရာမ ကျောင်း တိုက်ကြီးသခင် ကျေးဇူးရှင် စင်ပြွမ်းကုန်း ဆရာတော် ဘုရားကြီးသည်၊ တိက္ခဉာဏီ–ပရိယတ်, ပဋိပတ် အသိ ခတ် အဖူး အညွန့်တို့ဖြင့် မြူးကွန့်ကာ ဝေဝေဆာ တဲ့အောင် လျင်စွာထက်မြက် ဉာဏ်ဝရဇိန် စက်လည်း ရှိတော်မူပါပေ၏၊ သိက္ခမာနီ–နှစ်ရာ့နှစ်ဆယ် ချွန်စ်သွယ် သိက္ခာ ကျင့်ဝတ်မြတ် အဖြာဖြာကို ဓောသဒ္ဓါ ကြည်လင် အသက်တော် အသွင်ကဲ့သို့ ချစ်ခင် မြတ်နိုးခြင်းလည်း ရှိတော် မူပါပေ၏၊ သိက္ခမာနီ- သီလ အာဒိ သမာဓိ

အလယ်• ပညာဝယ်အဆုံး သုံးရပ်သော သိက္ခာအလုံးကို ကျင့်သုံးပျော်ရွှင် အသက်တော် အသွင်ကဲ့သို့ ချစ်ခင် မြတ်နိုးခြင်းလည်း ရှိတော်မူပါပေ၏၊ နာနာဂုဏောပေတ သံပုဏ္ဏော- အထူးထူးသော ကျေးဇူး ဂုဏ်တို့နှင့်လည်း ပြည့်စုံ ကျော်ကြားတော် မူပါပေ၏၊ နာနာဂုဏောပေတ သံပုဏ္ဏော-ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ အလုံးတို့မှ ကျင့်သုံး လိုက်နာ လာရောက်ခါ တရား အလုပ်တို့ဖြင့် မပြတ် အောင် အားထုတ် သူတို့အား ဟောညွှန်ပြသ ဆုံးမတော် မူခြင်း တည်းဟူသော ဂုဏ်,မိမိကိုယ်ကိုယ် နှိမ်ချတဲ့ နိဝါတမင်္ဂလာကို အစဉ်မကွာ ပန်ဆင်ရသဖြင့် မြန်ခွင် နဂရ တိုင်းဘောင်မှာ ဘုန်းတော်ရောင် ထိန်လင်း၍ များခပင်း ဝေနေယျာ ဒေသနာ အမြိုက် ဆေးတို့ကို တိုက်ကျွေးတော်မူခြင်း တည်းဟူသောဂုဏ်,လူမိုက်တွေ ရှောင်ခွါ လူလိမ္မာ ခြေတော်ရင်းမှာ ဝပ်စင်းကာ တရား အလုပ်တို့ဖြင့် အားထုတ် ဆည်းပူး ချီးကျူး ဘွယ်ရာ တည်းဟူသော ဂုဏ်, ပဋိပတ် အောင်လံကို သောင်းယံ တွင် လွှင့်ထူ၍ ဇမ္ဗူတခွင် များဝေနေကို တရားရေ အမြိုက်ဆေး တိုက်ကျွေး ဆုံးမ ဟောညွှန် ပြရာတွင် ဝိပဿနာဇာနည် ပါရမီ ဂုဏ်ထူးနှင့်လည်း ပြည့်စုံတော် မူခြင်းတည်းဟူသောဂုဏ်,ဤသို့များစွာ အထူးထူးသော ဂုဏ်မဟာတို့နှင့် ပြည့်စုံ ကျော်ကြားတော် မူပါပေ၏၊ သစ္စာဝါဒီ-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်အောင်လည်း ဟောတော်မူလေ့ရှိပါပေ၏၊မေတ္တာ

ဘာဏဝီ–ဝေနေယျကြွာ သတ္တဝါတို့အား (ကျွန်းမာပါစေ ချမ်းသာပါစေ-ချမ်းသာပါစေ ကျန်းမာပါစေ)မေတ္တာရေ ကမ္မဋ္ဌာန်းကို စီးဖြန်း ရွတ်ဘတ်တော် မူလေ့လည်း ရှိပါ ပေ၏၊ သောအာစေရော–ပြေနဂရ နယ်တခွင်မှာ နေ့လ အသွင် ထင်ရှားတဲ့ ထိုကျေးဇူးရှင် စင်ပြွမ်းကုန်း ဆရာ တော်ဘုရားကြီးသည်၊ သောအာစေရော-ဝေန် အဏ္ဏဝါ သွင်သွင်ဖြာတဲ့ နဒီမြစ်လမ်း တဘက်ကမ်း၌ စိမ်းလန်း စိုပြေ ကိုးဂုဏ်ဆွေနှင့် ရစ်ခွေပတ်ဝိုင်း မြူတွေဆိုင်းလျက် ရှုတိုင်းဝေဆာ လွန်သာယာသည့် မင်္ဂလာရာမကျောင်း တိုက်ကြီးသခင် ထိုကျေးဇူးရှင် စင်ပြွမ်းကုန်းဆရာတော် ဘုရားကြီးသည်၊ သုခီ-ကိုယ်စိတ်တော် မပင်ပန်းသဖြင့် ရွှင်လန်းကြည်သာ ချမ်းသာစွာ၊ ခမ္မ–ရုပ်ဆိုဘာက ဒီလို နာမ်ဆိုတာက ဒီနည်း အသီးသီး ခွဲခြား၍ ကွဲပြားစွာ အချက် မပိုဘဲ မဂ်ဖိုလ် လမ်းပြ မြတ်ဓမ္မကို၊ဒေသေတု– သတ္တဝါအများ ရင်ဝယ် သားကဲ့သို့ သနားကရုဏာ ရှေးရှုကာဖြင့် ဓမ္မာဓမ္မ အဝဝကို ကျနပ်ပြင် သွန်သင် ဆုံးမ ဟောပြတော်မူပါ ဝိပဿနာဇာနည် မဟာထေရ် ဖြစ်တော် မူတဲ့ ကျေးဇူးတော်သခင် ထေရ်အရှင်မြတ် ဘုရား။

## ဒဂုန်ဦးထွန်းမြင့် ရေးသား စီကုံးသော

### တရားတောင်း ဂါထာ

နာမ ရူပံ အပဿန္တာ,
မယံ သံသာရ စာရိကာ၊
ဝိပဿနာ ပဒီပေန,
ဒေသေတု ဓမ္မမူလကံ။

ဘန္တေ-ရုပ်နာမ်ခန္ဓာ သဘာဝကိုကျနပိုင်ပိုင် လက်ကိုင်ရမိ ဉာဏ်အမြင် ရှိတော်မူသည့် ဝိပဿနာ ယောဂီ မဟာထေရ် ဖြစ်တော်မူသော ကျေးဇူးရှင် စင်ပြွမ်းကုန်း ဆရာတော်ကြီးဘုရား၊မယံ-အရှင့်ထံပါးခ,ဝပ်တွားလျက် တရားဒေသနာ နာယူလိုကြောင်း တပည့်တော် တပည့်တော်မအပေါင်းတို့သည်၊နာမရူပံ-လူနတ်ဗြဟ္မာ, သတ္တဝါ သင်္ခါရ မြင်သမျှ၌ သဘာဝ အမှန်ဟုတ်သည့် နာမ် ရုပ်နှစ်ပါး တကယ်ရှိသည့် ပရမတ္ထတရားကို၊ အပဿန္တာ-ဤကားရုပ် ဤကားနာမ်ဟု ဝေဘန်ထိုးထွင်း၍ အလင်းပေါက်အောင် ထွင်းဖေါက်ကာ သိဘို့ ဝေး၍ မှိန်မှိန်မှေးမှေး ရေးရေးမျှ မမြင်ကြလေသောကြောင့်၊ သံသာရစာရိကာ-လူ့ပြည်မှာလဲ အဖုံဖုံ, နတ်ဘုံမှာလဲ အခေါက်ခေါက်,အောက်နရက် အပါယ်ငရဲမှာ ထယ်လဲနဲ့ အကြိမ်ကြိမ် တရှိန်ရှိန် ပူပြင်းတဲ့ သံသရာကန္တာ အတွင်း၌ ဆင်းလိုဆင်း တက်လိုတက် အောက်အထက် ပြေးသွား

လျက် တဖါးဖါးကျင်လည်၍ နေကြရပါကုန်သည်ဘုရား၊ ထေရော-ဝိပဿနာကမ္မဋ္ဌာန်းကို စည်းကမ်းတကျ နည်းလမ်း ပြနိုင်သည့် ကျေးဇူးရှင် စင်ပြွမ်းကုန်း ဆရာတော်ဘုရားကြီးသည်၊ ဝိပဿနာ ပဋိပေန-ဝိဒ္ဓကတ် ကျမ်းဂန်လမ်းမှန်တိကျ ကိုယ်တော်တိုင် အမိရသည့် ဝိပဿနာ ဉာဏ်တည်းဟူသော ဆီမီးတန်ဆောင်ကြီးဖြင့်၊အမှာကံ-ဝိပဿနာ တရား နာကြား လိုကြသည့် တပည့်တော် တပည့်တော်မတို့အား၊ ဓမ္မမူလကံ- တရားဟူသမျှတို့၏ အခြေခံ မဂ်ဖိုလ်ဉာဏ်တို့၏ ပဘဝ-ဟု ဆိုရသည့် ရုပ်, နာမ် သဘာဝ ဝိပဿနာ ဒေသနာမွေကို၊ ဒေသောတု-သံသရာဝဲ ဝဋ်ဘုံထဲမှ ဆောင်ဆွဲ ကယ်ထုတ်၍ ဝိမုတ္တိ အရသာကို တဘာဝတာနှင့် အမှန် ကျွေးမည်ဟု မြွော်တွေး ထောက်ထား၍ ဟောကြား ပြသတော်မူပါ အရှင်မြတ်ဘုရား။

# ဒုတိယပိုင်း ဆက်ဖတ်ပါ

## ရှစ်လုံးဘွဲ့ မြန်မာကဗျာ

နိဗ္ဗာန်ဝင်လမ်း–မြင်စမ်းကြပါ၊
မမြင်ကမ်းလို့–ပင်ပန်းရတာ၊
မြင်ချင်ပါက–လာကြဟံသာ၊
မျက်မြင်ဆေး–ပေးတဲ့-အရှင်ဂန္ဓမာ။

---

ဗုဒ္ဓ သာသနာ့ ပဋိပတ္တိ သာသနာပြု အဖွဲ့ ချုပ် ကြီး၏ မဟာနာယက ဖြစ်တော်မူသော သက်တော် (၇၁)နှစ် သိက္ခာတော် (၅၁) ဝါရ ကျေးဇူးရှင် ရွှမ်းရွှာ စင်ပြွမ်းကုန်း ဆရာတော်ဘုရားကြီးသည် ဟံသာဝတီကွက်သစ် ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်း၌ နေ့စဉ် နံနက် ၇-နာရီခွဲမှ ၈-နာရီခွဲ အထိ, ညနေ ၃-နာရီခွဲမှ ၄-နာရီခွဲ အထိ, ကိုယ်တွေ့ ဉာဏ်မြင် ဝိပဿနာ တရားများကို ဟောပြော ဆုံးမလျက် ရှိနေပါသည်။

၁၃၁၈-ခု။